# နိဗ္ဗာန်လမ်းညွှန်တရားတော်

၄

# မွှာန်လမ်းညွှန် တရားတော်

---

ပြည်ခရိုင် သဲကုန်းမြို့နယ်
လေးဆူတောရ ဝိဟာရဥ္ဇ မျှတန္တာင်ပျော်
သီတင်းသုံး နေထိုင်တော်မူသော
ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယ နာယကအဖွဲ့ဝင်
ဦးစီးဝန်ဆောင် ထေရ်ရှင်တပါး ဖြစ်တော်မူသော
အရှင်ဣဿရိယ ဆရာတော်ဘုရားကြီးသည်
နိဗ္ဗာန်လိုလား ဒါယကာ ဒါယိကာမများ၏ အကျိုးငှါ
ညွှန်ကြားတော်မူသည်

---

ပြည်ခရိုင် သဲကုန်းမြို့နယ်
လေးဆူတောရ, ဆရာတော်ဘုရားကြီး၏
တပည့်-ဒါယကာ ဒါယိကာမများ
ကောင်းမှု။

# နိဗ္ဗာန်လမ်းညွှန်တရားတော်

ထုတ်ဝေသူ မှတ်ပုံတင်ကင်းလွတ်ခွင့်အမှတ် (၀၆၀၁)
ဦးမြင့်မောင်၊ ပုံနှိပ်တိုက်အရာရှိ၊ ဗုဒ္ဓသာသနာအဖွဲ့

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် (၂၄၅၁)

---

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ
ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် အတွင်းရေးမှူး (အုပ်ချုပ်ရေးအရာရှိချုပ်)
ဦးလှမောင် M.A.,M.S.,B.L. (မှတ်ပုံတင်အမှတ် ၀၇၈၉)က ပုံနှိပ်သည်။

# မာတိကာ


အကြောင်းအရာ ... စာမျက်နှာ

ရတနတ္တယပဏာမနှင့် ပဋိညာဏ် .... .... .... ၁

လူ့ရွာလောက၌ ယုံကြည်ကိုးကွယ်ခြင်း ဘာသာတရား ပေါ်ပေါက်လာပုံ

- နတ်ကိုးကွယ်ခြင်း .... .... .... ၃
- ဗြဟ္မာထာဝရဘုရားကို ကိုးကွယ်ခြင်း .... .... ၅
- ကမ္ဘာပျက်ချိန် .... .... .... ၆
- ကမ္ဘာတည်ဦး ကပ်ဦးအစ .... .... .... ၇
- မိစ္ဆာဒိဋ္ဌိ အထင်အယူမှား ဖြစ်ပေါ်ခြင်း .... .... ၇
- နောက်ဖြစ်ဗြဟ္မာများ အယူမှားခြင်း .... .... ၈
- အယူမှား လူ့ပြည်ရောက်ခြင်း .... .... ၉
- ဗုဒ္ဓပွင့်ပေါ်ခြင်း .... .... .... ၁၁
- နိယတဗျာဒိတ်တော် ခံယူရရှိခြင်း .... .... ၁၂
- ဗျာဒိတ်တော် ခံယူရပုံ .... .... .... ၁၃
- ပစ္ဆိမအဆုံးစွန်ဘဝ ပဋိသန္ဓေ တည်နေခြင်း .... ၂၀
- ဖွားမြင်တော်မူခြင်း .... .... .... ၂၁
- မင်းစည်းစိမ် ခံစားခြင်း .... .... .... ၂၃
- တောထွက်တော်မူခြင်း .... .... .... ၂၃
- ဒုက္ကရစရိယာ ကျင့်တော်မူခြင်း .... .... ၂၄
- ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း .... .... ၂၆
- ဒေဝပုတ္တမာရ်ကို အောင်ခြင်း .... .... ၂၉
- ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ကို ရတော်မူခြင်း .... ၃၂
- ဒိဗ္ဗစက္ခု အဘိညာဏ်ကို ရတော်မူခြင်း .... .... ၃၂
- အာသဝက္ခယဉာဏ်တော် .... .... .... ၃၂

## မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဗုဒ္ဓကာလ .... .... .... .... | ၃၃ |
| သာသနာတော် ပွင့်လင်း၍ မိစ္ဆာဒိဋ္ဌိ ညှိုးမှိန်ခြင်း .... | ၃၄ |
| ဖြစ်ပြန် ပျက်ပြန် လောကဓံ .... .... | ၃၆ |
| **ဗြဟ္မာကိုးကွယ်ခြင်း ဝါဒကွဲများ** | |
| ခရစ်ယန် .... .... .... .... | ၃၇ |
| မူစလင်ဘာသာ .... .... .... | ၃၈ |
| ယခုကာလ ထင်ရှားသော ဘာသာကြီးလေးမျိုး .... | ၃၉ |
| **ယုံကြည်ကြပုံများ** | |
| ဗုဒ္ဓဘာသာတို့ ယုံကြည်ကြပုံ .... .... | ၃၉ |
| ဟိန္ဒူဘာသာဝင်တို့ ယုံကြည်ပုံ .... .... | ၄၀ |
| ခရစ်ယန်တို့ ယုံကြည်ပုံ .... .... .... | ၄၁ |
| မူစလင်တို့ ယုံကြည်ပုံ .... .... .... | ၄၁ |
| **ဗုဒ္ဓညွှန်ကြား နိဗ္ဗာန်ဝင်ရန် ကျင့်စဉ်လမ်းမှန်တရား** | |
| ဝန်ချကန်တော့ခြင်း .... .... .... | ၄၂ |
| သိမှတ်ရန် .... .... .... .... | ၄၂ |
| ဆုတောင်းကိုပယ် .... .... .... | ၄၄ |
| စဉ်းစားဝေဘန်ရန် .... .... .... | ၄၄ |
| သရဏဂုံနှင့် သီလတောင်းခြင်း .... .... | ၄၅ |
| သိမှတ်စရာ .... .... .... .... | ၄၆ |
| ဘုရားရှိခိုး .... .... .... .... | ၄၆ |
| သိမှတ်စရာ .... .... .... .... | ၄၇ |
| သရဏဂုံသုံးပါး .... .... .... | ၄၈ |
| သိမှတ်စရာ .... .... .... .... | ၄၉ |
| ငါးပါးသီလ.... .... .... .... | ၅၅ |

အကြောင်းအရာ ... စာမျက်နှာ

သီလသိက္ခာပုဒ်တော် ငါးပါး .... .... ၅၅
သိမှတ်စရာ .... .... .... .... ၅ဂ
သောတာပန်ဖြစ်ရန် အင်္ဂါလေးပါး .... .... ၅၉
သောတာပန်ဖြစ်ပြီးသူ၏ အင်္ဂါလေးပါး .... .... ၆၃
သိမှတ်စရာ .... .... .... .... ၆၅
ဣန္ဒြေငါးပါး .... .... .... ၆၆
ဣန္ဒြေပွါးစေခြင်း .... .... .... ၆၇
ဘုရားဂုဏ်တော် .... .... .... ၆၇
တရားဂုဏ်တော် .... .... .... ၇၃
ပွါးများပုံ .... .... .... .... ၇၄
သံဃဂုဏ်တော် .... .... .... ၇၆
သီလဂုဏ် .... .... .... .... ဂ၀
ဣန္ဒြိယဘာဝနာပြည့်ပုံ .... .... .... ဂ၂
မဂ္ဂဘာဝနာပြည့်ပုံ .... .... .... ဂ၄
နိဂုံး .... .... .... .... .... ၉၁
ဆုတောင်း .... .... .... .... ၉၁

# နိဗ္ဗာန်လမ်းညွှန်

## တရားတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ရတနတ္တယပဏာမ**

**နှင့်**

**ပဋိညာဏ်**

ဝန္ဒိတွာ သမ္မာသမ္ဗုဒ္ဓံ၊ နိဗ္ဗာနမဂ္ဂဒေသကံ။
နိယျာနိကံ ဓမ္မံ တဿ၊ ပုညခေတ္တံ ဂဏုတ္တမံ။

ဟိတတ္ထာယ ဂဝေသီနံ၊ နိဗ္ဗာနဂါမိနိမဂ္ဂံ။
သံခိတ္တေန ဒေသေဿာမိ၊သိက္ခာကာမေဟိ ယာစိတော။

အဟံ- လေးဆူတော်ရ ဝိဟာရ၌ မျှတရှင်ပြုး သီတင်းသုံး မွေ့လျော်ကာ ယခုဘဝပင် နိဗ္ဗာန်ဝင်နိုင်ရန် ရည်သန်အားထုတ်လျက် တပည့်ဒါယကာ ဒါယိကာမ အများတို့အား နိဗ္ဗာန်သို့သွားရာ ခရီးလမ်းညွှန်တရားကို ဟောကြားလေ့ရှိသော ဆဋ္ဌသံဂါယနာ ဩဝါဒါစရိယ နာယကအဖွဲ့ဝင် ဦးစီးဝန်ဆောင် ထေရ်ရှင်တပါးဖြစ်သော ခန္တာဝန်ထုပ် အကောင်ပုပ်ကို " **ဈာယရိယ** "ဟူ၍ ဆရာအရှင်တို့ တင်စားခေါ်ဆိုအပ်သော ဘွဲ့မည်ရှိ ငါသည်။ နိဗ္ဗာနမဂ္ဂဒေသကံ- နိဗ္ဗာန်သို့သွားရာ လမ်းညွှန်တရားကို ဟောကြားတော်မူပေ

တတ်သော။ သမ္မာသမ္ဗုဒ္ဓံ-သိထိုက်သမျှ တရားအလုံးစုံကို ဆရာမရှိ ကိုယ်တော်တိုင် ထိုးထွင်း၍ သိမြင်တော်မူတတ်သော ငါတို့၏ ကျေးဇူးတော်သခင် ဘုရားရှင်ကို။ ဝန္ဒာမိ-ကာယဝစီ မနောချီ၍ သုံးလီဒွါရ ပဏာမဖြင့် တုပ်ကွရှိကျိုး ရှိခိုးပါ၏။ တဿ-ထိုနိဗ္ဗာန်လမ်းညွှန်သခင် ဘုရားရှင်၏။ နိယျာနိကံ- သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် ထုတ်ဆောင်၍ နိဗ္ဗာန်ရောက်အောင် ပို့ဆောင်ပေတတ်သော။ ဓမ္မံ-နိဗ္ဗာန်သွားရာ လမ်းစဉ် ဖြစ်သော တရားတော်မြတ်ကိုင်း။ ဥတ္တမံ-ထူးခြားမြင့်မြတ်စွာထသော။ ပုညခေတ္တံ-ကောင်းမှုတည်းဟူသော မျိုးစေ့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဘွယ်ဖြစ်သော။ ဂဏံ-ပရမတ္ထ, အရိယာ မြတ်သံဃာတော် အပေါင်းကိုငင်း။ ဝန္ဒာမိ-ရှိခိုးပါ၏။ ဝန္ဒိတွာ-အနန္တရာယ်ကင်းပျောက် အဆုံးရောက်ရန် ရည်သန်မြတ်နိုး ရတနာ သုံးမျိုး ရှိခိုးဦး၍။ နိဗ္ဗာနဂါမိနိမဂ္ဂံ-နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်လမ်းကြောင်းတရားကို။ ဂဝေသိနံ-ရှာမှီးလေ့ ရှိကုန်သော ဗုဒ္ဓဘာသာဝင် သူတော်စင် သူတော်ကောင်း အပေါင်းတို့၏။ ဟိတတ္ထာယ-မင်္ဂလိတ်တည်းဟူသော အစီးအပွါး အလို့ငှါ။ သိက္ခာကာမေဟိ-လိုက်နာ ကျင့်ဆောင်ခြင်းငှါ အလိုရှိကုန်သော ဒါယကာ အမျိုးတို့သည်။ ယာစိတော-"အရှင်မြတ်ဘုရား....အကျဉ်းအားဖြင့် ညွှန်ကြားတော်မူပါဘုရား" ဟူ၍ လျှောက်ထား တောင်းပန်အပ်သည် ဖြစ်၍။ နိဗ္ဗာနဂါမိနိမဂ္ဂံ-ဘုရားရှင်တို့ သိမြင်ဟောကြား နိဗ္ဗာန်သို့သွားရန် ကျင့်စဉ်လမ်းမှန်တရားကို။ သံခိတ္တေန-မှတ်နာဆောင်လွယ် နည်းကျယ်မပွါး အကျဉ်းအားဖြင့်။ ဒေသေဿာမိ-ပိဋကသုံးသွယ်နည်းပင်လယ်မှ သိဘွယ်ထုတ်ဆောင် ညွှန်ကြားပေအံ့။

## လူ့ရွာလောက၌ ယုံကြည်ကိုးကွယ်ခြင်း ဘာသာတရား ပေါ်ပေါက်လာပုံ

**နတ်ကိုးကွယ်ခြင်း**

ကပ်ဦးအစ လူတို့သည် ကမ္ဘာဦးခေါ် ကံကြောင့် ရရှိသောတန်ခိုး ကြီးမား၍ အသက်လည်း ရှည်ကြကုန်၏။ ထို့ကြောင့် ထိုခေတ်က လူသားတို့သည်—

သြပပါတိကာ-အရွယ်ရောက်ပြီး ကိုယ်ထင်ရှား ဖြစ်ပေါ်လာကြကုန်၏။

သယံပဘာ-မိမိကိုယ်မှ ထွက်သော အရောင်ဖြင့် အလင်းရောင်ကို ပြည့်စုံစွာ ရရှိကြကုန်၏။

အန္တလိက္ခစရာ- ကောင်းကင်ပြင်၌သာ သွားလာ နေထိုင်ကြကုန်၏။

မနောမယာ-စိတ်အလိုအတိုင်းသာ ပြည့်စုံကြကုန်၏။

ပီတိဘက္ခာ-နှစ်သက်ဝမ်းမြောက်ခြင်း ပီတိပင်လျှင် အစာအာဟာရကိစ္စကို ပြည့်စုံစေကုန်၏။

ဤသို့ ကြည်လင်အေးမြစွာ မွေ့လျော်ပျော်ရွှင်ခြင်းနှင့် ပြည့်စုံသော လူသားတို့၏ ခေတ်ကာလ၌ ကြောက်ရွံ့ ထိတ်လန့်ဘွယ်ရာ တစုံတရာကိုမျှ မတွေ့မမြင်ကြ၍ တစုံတရာကိုမျှ အားကိုးမှု ကိုးကွယ်မှု ယုံကြည်မှု ဘာသာတရားဟူ၍ မဖြစ်သေးချေ။

ဤကား **ဒီဃနိကာယ် အဂ္ဂညသုတ်**၌ ဘုရားရှင် ဟောကြားတော်မူသော အလိုတည်း။

ကမ္ဘာကာလ မြင့်ရှည်ကြာညောင်းလာသောအခါ လူ ဦးရေ တိုးပွါး ပြန့်ပြောလာ၏။ ထိုအခါ လူတို့အတွင်း၌—

တပ်မက်စွဲလမ်းခြင်း, ကပ်ငြိတွယ်တာခြင်း ရာဂသဘော တရား၊

အမျက်ထွက်ခြင်း, ကြမ်းတမ်းခြင်း, ပြစ်မှားခြင်း ဒေါသ သဘောတရား၊

မသိခြင်း, တွေဝေခြင်း, မိုက်မှားခြင်း မောဟ သဘော တရား၊

ဤတရားဆိုးများ ပေါ်ပေါက်လာကြ၏။ သဘောတရား ဆိုးများ တဆင့်ထက်တဆင့် တိုးပွါးပြန့်ပြောလာသောအခါ မမျှမတ ဝိသမလောဘဖြင့် နိုင်ထက်စီးနင်း ပြုကျင့်မှု, အမျက် ဒေါသ ထကြွခက်ထန် ကြမ်းတမ်းမှု, မလိုမုန်းတီးမှု, မောဟ မသိမိုက်မှားမှုများ ပြန့်ပြောများပြားလာလေ၏။ ထိုခေတ် ထိုအခါမျိုး၌ လူသားအချင်းချင်းမှ ဖြစ်ပေါ်သော ဘေးရန် အမျိုးမျိုး, နတ်ဆိုး ဘီလူး တိရစ္ဆာန် သားရဲတို့ကြောင့် ဖြစ်ပေါ်သော ကြောက်လန့်စိုးရွံ့စရာ ဘေးရန်မျိုး, ခေတ်နှင့် လျော်စွာ ရာသီဥတု ဖောက်ပြန် ကြမ်းတမ်းခြင်းကြောင့် ဖြစ်ပေါ်သော လေမုန်တိုင်း သဲမုန်တိုင်း ပင်လယ်ရေလှိုင်း စသည်တို့ကြောင့် ကြောက်ရွံ့ ထိတ်လန့်ဘွယ် ဘေးရန်မျိုး ဤသည့် ဘေးရန်အမျိုးမျိုးတို့နှင့် တွေ့ရကြုံရ ပေါင်းဆုံမိကြ ကုန်၏။ ထိုသည့် ဘေးရန်မျိုး ဖြစ်ပေါ် ပြန့်ပြောလာသော ခေတ်ကာလမျိုး၌ လူသားတို့သည် မိမိတို့နေထိုင်ရာ အရပ် ဒေသနှင့် တွေ့ကြုံရသော ဘေးရန်အားလျော်စွာ တားဆီး ကာကွယ်ခြင်းအမျိုးမျိုး ဖြစ်ပေါ် ပြုလုပ်လာကြကုန်၏။ ဤသို့ ဘေးဆီးရန်ကာ ပြုကြရာမှ တောင်ကိုးရင်း, တောကိုးရင်း,

အရာမ်ကိုငင်း, သစ်ပင်ကိုငင်း, ပူဇော်ပ-သရာ နတ်ကွန်း နတ်နန်းကိုငင်း ပူဇော်ပ-သကြလေရာ ကာလရှည်မြင့်လာ သောအခါငင်းတို့ကို ကိုးကွယ်ပ-သခြင်းဖြင့် ဘေးရန်ကင်းပ ကောင်းကျိုးရသည်ဟု ယုံကြည်ကိုးကွယ်ခြင်း ဘာသာဓလေ့ ထုံးစံဖြစ်၍ ဤသည့် ကိုးကွယ်မှုမျိုးမှ စပြီး နေကိုငင်း, လကို ငင်း, နတ်နဂါးများကိုငင်း ကိုးကွယ်မှု ဘာသာဓလေ့ထုံးစံ များ အရပ်ဒေသ အားလျော်စွာ ဖြစ်ပေါ်၍ လာကြကုန်၏။ ဤသည့်ဖြစ်ရပ်အလုံးစုံကို သိမြင်တော်မူသော ငါတို့ကျေးဇူး တော်သခင် ဘုရားရှင်သည်—

“ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိ စ။
အာရာမရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ”—

ဟူ၍ မိန့်ကြားတော်မူ၏။

**အနက်ကား**—မနုဿာ-ဖြစ်လာ ပျက်ရ ဒုက္ခ ထွေပြား လောကနေသူ လူအများတို့သည်။ ဝေ- စင်စစ်ကေန် မလွဲ အမှန် အားဖြင့်။ ဘယတဇ္ဇိတာ- ခြိမ်းချောက်တတ် ကပ် ရောက်နှိပ်စက်တတ်ကုန်သော ကြောက်ရွံ့ထိတ်လန့်ဘွယ်ရာ ဘေးရန်အမျိုးမျိုးတို့မှ ထိတ်လန့် ကြောက်ရွံ့ကြကုန်သည် ဖြစ်၍။ ပဗ္ဗတာနိ စ-တောင်တို့ကိုငင်း။ ဝနာနိ စ-တောတို့ကို ငင်း။ အာရာမရုက္ခစေတျာနိ စ-အရာမ်သစ်ပင် နတ်ကွန်းစင် တို့ကိုငင်း။ ဗဟုံ- အပွေ့ထွေ အစားစား များပြားလှစွာ သော။ သရဏံ-ကိုးကွယ်ခြင်းသို့။ ယန္တိ-ရောက်ကြကုန်၏။

**ဗြဟ္မာ ထာဝရဘုရားကို ကိုးကွယ်ခြင်း**

ဗြဟ္မာ ကိုးကွယ်ခြင်းအစ ဖြစ်ပေါ်လာခြင်းကို အလုံးစုံကို အပိတ်အပင့် အဆီးအတားမရှိ သိတော်မူ မြင်တော်မူတတ်

သော ငါတို့၏ ကျေးဇူးတော်သခင် ဘုရားရှင် ဟောကြား တော်မူသည့်အတိုင်း သုတ္တန်ပိဋက ဒီဃနိကာယ် ဗြဟ္မဇာလ သုတ်၌ ပဉ္စမသံဂါယနာတင် ထေရ်အရှင်တို့ မှတ်တမ်း တင်၍ ထားတော်မူခဲ့ကြ၏။

ဘုရားရှင်ဟောကြားတော်မူချက် အကျဉ်းအမြွက်ကား— ရဟန်းတို့....အချို့သော အတ္တသည်၎င်း, လောကသည်၎င်း မြဲ၏၊ အချို့ကား မမြဲဟု စွဲယူ ယုံကြည် ဟောကြားသော အချို့ကုန်သော ရဟန်း ပုဏ္ဏားတို့သည် ရှိကြကုန်၏။ ထိုသူတို့သည် အဘယ်သို့သော အကြောင်းကို အထောက် အထား အစွဲအမှီပြု၍ ထိုအယူဝါဒကို ယုံကြည်စွဲယူ ဟော ကြား ပညတ် တင်ထားအပ်သနည်းဟူမူကား—

**ကမ္ဘာပျက်ချိန်**

အိုချစ်သားတို့....ရှေးစဉ်အခါကငါတို့နေထိုင်ရာ ဤကမ္ဘာ လောကသည် အလွန်ကြာမြင့် ရှည်ညောင်း၍ တေဇောခေတ် ဖောက်ပြန်အားကြီး မီးလောင်ပျက်စီး၏၊ ကမ္ဘာလောက ပျက် စီး သည် ရှိ သော် သ တ္တ ဝါ တို့ သည် အ များ အား ဖြင့် အာဘဿရ အမည်ရှိသော ဗြဟ္မာ့ဘုံ၌ ဖြစ်ကြကုန်၏၊ ထိုဘုံ၌ ဖြစ်သော ဗြဟ္မာတို့သည် စိတ်အလိုအတိုင်း ပြည့်စုံကုန်၏၊ ပီတိ နှစ်သက်ဝမ်းမြောက်မှု ကိုယ်၌ပျံ့နှံ့ခြင်းသည်ပင် အစာ အာဟာရကိစ္စ ပြည့်စုံကုန်၏၊ ကိုယ်မှထွက်သော အရောင် ဖြင့်ပင် အလင်းရောင် ပြည့်စုံကုန်၏၊ ကောင်းကင်၌ပင် သွားလာ နေထိုင်ကုန်၏၊ နှစ်လိုစဖွယ် တင့်တယ်သော အခြင်းအရာဖြင့်သာ တည်ကုန်၏၊ အသက်တမ်းလည်း အလွန်ရှည်မြင့်စွာသော ကာလပတ်လုံး တည်ကုန်၏။

**ကမ္ဘာတည်ဦး ကပ်ဦးအစ**

အိုချစ်သားတို့….အပျက်ကာလ အလွန် ရှည်မြင့်ကြာ ညောင်းလတ်သော် (အဖြစ်အပျက် စက်လည်၍နေသော လောကဓမ္မတာ အတိုင်း) ကပ်ဦးအစ တည်ထွန်းဖြစ်ပေါ် လာ၏။ ကပ်ဦးအစ၌သတ္တဝါကင်းဆိတ်သုဥ်းသော မရှိသေး သောဗြဟ္မာ့ဘုံနန်း ဗိမာန် ရှေးဦးပေါ်ထွန်းလာ၏။ ထိုအခါ အာဘဿရ ဗြဟ္မာ့ဘုံမှ တဦးသောဗြဟ္မာ အသက်ကုန် ဘုန်းကံကုန်၍ စုတေ့သေလွန်ပြီးလျှင် အသစ်ဖြစ်သော ဗြဟ္မာ့ ဘုံ၌ ရှေးဦးဖြစ်၏၊ ထိုဘုံ၌ ရှေးဦးဖြစ်သော ထိုဗြဟ္မာသည် စိတ်အလိုအတိုင်း ပြည့်စုံ၏၊ ပီတိ နှစ်သက် ဝမ်းမြောက်မှု ကိုယ်၌ ပျံ့နှံ့ခြင်းသည်ပင် အစာအာဟာရကိစ္စ ပြည့်စုံ၏၊ ကိုယ်မှထွက်သော အရောင်ဖြင့်ပင် အလင်းရောင်ပြည့်စုံ၏၊ ကောင်းကင်၌ပင် သွားလာ နေထိုင်၏၊ နှစ်လိုဖွယ် တင့်တယ်သော အခြင်းအရာဖြင့်သာ တည်၏။ သက်တမ်း လည်း အလွန်ရှည်၏။

ထိုဗြဟ္မာကြီးသည် မိမိတဦးတည်း အချိန်ကာလ ကြာမြင့် စွာ နေရသည်ဖြစ်၍ ပျင်းရိငြီးငွေ့ခြင်း အခြားသော သတ္တဝါ တို့သည် ငါ့ထံပါး၌ ဖြစ်ပွါးပေါ်ပေါက်၍လာမူ ကောင်း လေစွဟု တောင့်တခြင်း ဖြစ်ပေါ်လာ၏။ အထက် အာဘ- ဿရဘုံမှ အခြားဗြဟ္မာတို့သည်လည်း အသက်ကံကုန် စုတေ့ကုန်၍ ၎င်း၏ထံပါး၌ အခြွေအရံ ဖြစ်ပေါ်လာကုန်၏၊ ထိုဗြဟ္မာတို့သည်လည်း ဗြဟ္မာ့အာနုဘော်နှင့် ပြည့်စုံကုန်၏။

**မိစ္ဆာဒိဋ္ဌိ အထင်အယူမှား ဖြစ်ပေါ်ခြင်း**

အိုချစ်သားတို့….ရှေးဦးဖြစ်ပေါ်သော ဗြဟ္မာကြီးအား အထင်အယူမှား ဖြစ်ပေါ်၏။ ငါကား အကြီးမြတ်ဆုံး ဗြဟ္မာ

ကြီးတည်း၊ အလုံးစုံကုန်သော သူတို့အပေါ်၌ လွှမ်းမိုး၍ ငါ ဖြစ်၏၊ ငါ့ကို လွှမ်းမိုးကျော်လွန်သောသူ တစုံတဦးမျှမရှိ၊ အလုံးစုံကို မချွတ်မလွဲ ငါသိမြင်နိုင်၏၊ လောက အားလုံးကို ငါ့အလိုသို့ လိုက်စေနိုင်သည်၊ လောကနှင့် သတ္တဝါဟူသော အတ္တအလုံးစုံကို ငါအစိုးရသည်၊ ငါပြုစီရင်သည်၊ ငါဖန်ဆင်း အပ်သည်၊ ငါသာလျှင် အမြတ်ဆုံးဖြစ်သည်၊ ပြုပြင်တတ်သူ လေ့လာသူ လောက၌ ကြီးပွါးပြီး ကြီးပွါးဆဲ အတ္တ သတ္တဝါ တို့၏ ဘခင်ကြီးအစစ် ငါသာလျှင် ဖြစ်၏-ဟူသော အထင် အယူမှား ဖြစ်ပေ၏။

**နောက်ဖြစ်ဗြဟ္မာများ အယူမှားခြင်း**

နောက်ဖြစ် ဗြဟ္မာတို့အားလည်း အထက်က ဗြဟ္မာကြီး အထင်မှားသည့်အတိုင်း တိုအရှင်ဗြဟ္မာကြီးကား ငါတို့ အလုံးစုံကို ဖန်ဆင်းတတ်သော ငါတို့၏ ဘခင်ကြီးတည်း၊ အကြောင်းသော်ကား ဤအရှင်ကြီးသည် ရှေးဦးက ရှိနေ သည်ကို ငါတို့ တွေ့မြင်ရ၏၊ ငါတို့ကား နောက်မှ သူဖန် ဆင်းမှ ဖြစ်ပေါ်လာကြကုန်၏ဟု အမှားစွဲယူကြကုန်၏။

အိုချစ်သားတို့....ထိုဗြဟ္မာ အပေါင်းတို့တွင် ရှေးဦး ဖြစ် သောဗြဟ္မာသည် အသက်ရှည်ခြင်း, အဆင်းလှခြင်း, တန်ခိုး အာနုဘော် ကြီးမားခြင်းအားဖြင့် လွန်ကဲ၏။

(ဤကား မိမိရှေးက အဖြစ်အပျက်ကိုလည်း မသိမမြင် နောက် ဖြစ်ပျက်ရမည်ကိုလည်း မသိမမြင်သူတို့ အယူမှား ခြင်းတည်း။)

**အယူမှား လူ့ပြည်ရောက်ခြင်း**

အို ချစ်သားတို့ .... လူ့ရွာလောက ဆက်လက်ဖြစ်ပေါ်ကြာမြင့်သော အခါ၌ ထိုဗြဟ္မာတို့ဘုံမှ တစုံတဦးသော ဗြဟ္မာသည် အသက်ကံကုန် စုတေ၍ လူတို့ပြည်၌ ဖြစ်ပေါ်လာ၏။ ထို လူသားသည် အိမ်ရာတည်ထောင် လူတို့ဘောင်မှ ထွက်ခွါ၍ ရှင်ရဟန်းပြု၏၊ ရဟန်းပြု၍ မမေ့မလျော့ ဘာဝနာကမ္မဋ္ဌာန်း ကြိုးပမ်းအားထုတ်ခြင်း, အသင့်အားဖြင့် နှလုံးသွင်းခြင်းကို အကြောင်းပြု၍ ရှေးဗြဟ္မာ၏ ဘဝအဖြစ်အပျက်အလုံးစုံကို သိမြင်၍ ထိုထက်အလွန် မမြင်နိုင်သော စိတ်၏ တည်ငြိမ်မှု သမာဓိဖြစ်၍ ရှေးဖြစ်စဉ်ကို သိမြင်ခြင်း ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ကို ရ၏။

ထိုသို့ ဗုဒ္ဓသာသနာမှ ကင်းသော သာသနာပ ကာလ၌ ဖြစ်သော ထို ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ရ ရဟန်းသည် လူအများတို့အား သူသိမြင်တိုင်းသော အယူမှားကို ပြောကြား၏။

အို အချင်းတို့ .... အထက်ကောင်းကင်ဘုံနန်း၌ အနန္တ တန်ခိုးတော်ရှင်ဖြစ်၍ ငါတို့အလုံးစုံကို ဖန်ဆင်းသော အစိုးရသော ပိတာမဟ ဆိုရတဲ့ ငါတို့၏ ဘခင်ကြီးရှိ၏၊ ထိုဘခင်ကြီးကား ပဋိသန္ဓေတည်နေရခြင်းလည်းမရှိ၊အို-နာ-သေဘေးလည်း မရှိ၊ ဖောက်ပြန်ပျက်စီးခြင်းကင်း၍ နိစ္စ-ဓုဝ-သဿတ တည်မြဲသော ထာဝရ ဘုရားသခင်ကြီးတည်း။ သူဖန်ဆင်းမှ ဖြစ်ပေါ်၍လာကြသော ငါတို့မူကား မတည်မမြဲ ချွတ်လွဲဖောက်ပြန် အသက်တိုကြ စုတေပျက်ကြွေသေကြရ ၍လူ့ပြည် စသည်သို့ လားကြ ရောက်ကြကုန်၏ဟု သူသိမြင်တိုင်းသော အယူမှားကို ပြောကြား၏။

အို ချစ်သားတို့…… ဤကား သတ္တဝါတည်းဟူသော အတ္တသည်ငင်း, သတ္တဝါတို့ဖြစ်ရာ လောကသည်ငင်း အချို့မြဲ၍ အချို့ကားမမြဲဟု အမှားစွဲယူသော ဧကစ္စသဿတဝါဒ ဖြစ်ပေါ်ခြင်း အစတည်း။

(ဤသည်ကား ဘုရားရှင် သိမြင်ဟောကြားတော်မူသည့် အတိုင်း ပဋ္ဌမသံဂါယနာတင် ထေရ်အရှင်တို့ မှတ်တမ်းပါဠိ မာဂဓဘာသာမှ မြန်မာဘာသာစကားပြင် ပြန်တမ်းတည်း။)

ဤသို့ ဗုဒ္ဓမိန့်ဟတော်မူသည့်အတိုင်း ဗုဒ္ဓမပွင့် မပေါ်သေးသော ကာလကပင် ဖြဟ္မာကိုးကွယ်သော အယူမှားဘာသာဝါဒပျံ့နှံ့လျက်ရှိလေ၏။ ၎င်းဝါဒကို ကာလ ဒေသအားလျော်စွာ ကြံစည်ယူဆပုံ တဦးနှင့် တဦး မတူကြပဲ အမျိုးမျိုး မှတ်တမ်းတင်၍ ကျမ်းစာအမျိုးမျိုး ယခုကာလတိုင်အောင် ထင်ရှားရှိ၏။ ၎င်းဗြဟ္မာကိုးကွယ်သောဝါဒကို လောကအလုံးစုံ အစိုးရသော အနန္တ တန်ခိုးတော်ရှင်က လောကနှင့် သတ္တဝါတို့ကို ဖန်ဆင်းသည်ဟု အမှားစွဲယူသောကြောင့် ဣဿရနိမ္မာနဝါဒ အမည်တွင်၏။

ထိုမှတပါး သတ္တဝါတို့၏ ဘဝသံသရာ ရှေးဖြစ်ဟောင်းရှေးအစွန်း, နောက်ဖြစ်လတ္တံ့ ဘဝသံသရာ နောက်အစွန်းတည်းဟူသော ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်၍ ဖြစ်တတ်သော လောကဓမ္မတာကို မသိမမြင်ကြသဖြင့် အချို့ကုန်သော ရဟန်းပုဏ္ဏားတို့သည် သတ္တဝါတို့ကား အမိအဘ နှစ်ဦးသားတို့ ပေါင်းဆုံ သွေးချင်းနှော၍ ဖြစ်ပေါ်လာကြ၏။ သေလျှင်ကွယ်ပျောက် မြေသြဇာအဖြစ်သို့ရောက်ကုန်၏ဟူ၍ ဥစ္ဆေဒဒိဋ္ဌိ အမြင်မှားကို စွဲယူ ယုံကြည်ခြင်းဝါဒ ဖြစ်ပေါ်၏။

ဤသို့ စသည်အားဖြင့် အမြင်မှား စွဲယူ ယုံကြည်ခြင်း မိစ္ဆာဒိဋ္ဌိ ဝါဒ ၆၂-မျိုးတိုင်အောင် များကြောင်းကို ငါတို့ ဗုဒ္ဓ မိန့်ဟဟောကြားတော်မူတိုင်း ပဉ္စမ သံဂါယနာတင် ထေရ်အရှင်တို့ ဒီဃနိကာယ်၌ ဗြဟ္မဇာလသုတ် အမည်ဖြင့် တင်ထားအပ်သော မှတ်တမ်းတွင် ထင်ရှားရှိ၏။

**ဗုဒ္ဓပွင့်ပေါ်ခြင်း**

ဗုဒ္ဓဟူသည် သိသင့် သိထိုက်သော တရား အလုံးစုံကို အပိတ်အပင် အဆီးအတားမရှိ သိမြင်စွမ်းနိုင်သောသဗ္ဗညုတ ဉာဏ်တော်ကို ဆရာမရှိ ကိုယ်တော်တိုင် ထိုးထွင်းသိမြင် ရရှိသော လောကတွင် အတုမရှိသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ် မြတ်တည်း။

ထိုဗုဒ္ဓသည် ကမ္ဘာအသင်္ချေ မြင့်ရှည်ကြာညောင်းမှ တဦး တည်း တဆူတည်း ထူးချွန်လှစွာ ပွင့်ပေါ်တော်မူ၏။

ဗုဒ္ဓဖြစ်ပေါ်ရန် အားထုတ်ကြိုးစားသောသူကို ဗောဓိ- သတ္တ ဘုရားလောင်းလျာဟု ခေါ်၏။

ဗောဓိသတ္တ အလောင်းတော်တို့သည် လောကသူ လောကသား သတ္တဝါ အများတို့၏ သံသရာဝဋ္ဋဒုက္ခ ဘဝ တည်းဟူသော စက်ရဟတ်၌ မပြတ်လည်ကာ ရှည်မြင့်စွာ သော ကာလပတ်လုံး အဆုံးမမြင်သော ဆင်းရဲတွင်း၌ နစ် မွန်းလျက် အလွန်ပင်ပန်း ဆင်းရဲနေကြရာ ကယ်သူဝေးသော အဖြစ်ကိုမြင်၍ အလွန်လျှင် သနားခြင်းတည်းဟူသော မဟာ ကရုဏာတော် ပြင်းပြစွာ ဖြစ်ပေါ်လျက် ကယ်တင်လိုသော လွန်ကဲသော ဆန္ဒတော် ရှိ၏၊ သို့ပင် ဆန္ဒရှိသော်လည်း သဗ္ဗညုတ ဉာဏ်တော်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်မှသာ

ကယ်တင်နိုင်မည့် အဖြစ်ကို သိမြင်တော်မူ၍ အလွန်လျှင် သဗ္ဗညုတ ဉာဏ်တော်ကို ရလိုသော ဆန္ဒတော်, ဘုရားဖြစ်လိုသော ဆန္ဒတော်, သတ္တဝါတို့ကို နိဗ္ဗာန်လမ်း ညွှန်ကြား၍ နိဗ္ဗာန်ရောက်အောင် ပို့ဆောင် ကယ်တင်လိုသော ဆန္ဒတော် ဖြစ်ပေါ်သဖြင့် သဗ္ဗညုတ ဉာဏ်တော်ကို စွဲလမ်းလျက် ဘုရားဆုကို တောင့်တကြိုးပမ်းခြင်းဖြစ်၏။

ငါတို့ ဗုဒ္ဓ အလောင်းတော် ငါတို့၏ ကျေးဇူးတော်သခင် ဘုရားရှင် ဖြစ်လတ္တံ့သော ဗုဒ္ဓဖြစ်ရန် မျိုးစေ့ အညွှန့်အညောက် ဖြစ်သော ဗုဒ္ဓကုရ ဗုဒ္ဓ အလောင်းတော်သည် လည်း ဗုဒ္ဓလောင်းလျာတို့၏ ဓမ္မတာ အတိုင်း ယခု ငါတို့ ဖြစ်ဆဲ ကမ္ဘာမှ အထက်ဖြစ်ပျက်ပြီး လွန်လေပြီးသော ကပ်တို့ ကို ဤမှေ့ ဤမျှ ဟူ၍ ဂဏန်းချလျက် ရေတွက်ခြင်းငှါမတတ် သာအောင် များလှစွာသော အပိုင်းအခြား အသင်္ချေယျ နှစ်ဆယ်အစွန်း ကပ်တသိန်း အခါကာလကပင် ဘုရားဆုကို ပန်ဆင်လျက် ဗုဒ္ဓလောင်းလျာတို့ ကျင့်မြဲဓမ္မတာ ပါရမီတော် တို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူ၍ တဆယ့်ခြောက် အသင်္ချေ တိုင်တိုင် ကပ်အပေါင်း ကုန်လွန်ခဲ့စေကာ မည်သည့်အခါ ဘုရားဖြစ်မည်ဟူ၍ အပိုင်းအခြား အချိန်ကာလ ဆုံးဖြတ်ချက် မရသေးရှိခဲ့၏။

**နိယတ ဗျာဒိတ်တော် ခံယူရရှိခြင်း**

ဤသို့ ကာလ ရှည်ညောင်း ကပ်ပေါင်း ကုန်လွန်ပြီး အခါ ဤကမ္ဘာမှအထက် လေးအသင်္ချေယျ ကပ်တသိန်း ကာလ၌ ဗုဒ္ဓလေးဆူ ပွင့်တော်မူသော သာရမဏ္ဍ အမည်ရသော ကပ်တွင်မှ ငါတို့ ဗုဒ္ဓလောင်းလျာတော်သည် သုမေဓာ ရသေ့ဖြစ်၍ လေးဆင့်မြောက်ပွင့်တော်မူသော ဒီပင်္ကရ ဗုဒ္ဓ

ထံတော်မှ "အိုချစ်သား သုမေဓာ....သင်သည်ကား ဤကမ္ဘာမှ နောက် လေးအသင်္ချေယျ ကမ္ဘာတသိန်းသို့ ရောက်သောကာလ၌ ဗုဒ္ဓငါးဆူ ပွင့်တော်မူရာ ဘဒ္ဒကမ္ဘာတွင် လေးဆင့်မြောက် အနွယ်အားဖြင့် ဂေါတမ မည်သော သဗ္ဗညူ ဗုဒ္ဓအဖြစ်သို့ ရောက်လတ္တံ့" ဟူသော နိယတ ဗျာဒိတ်ပန်းကို ခံယူပန်ဆင်တော်မူရ၏။

**ဗျာဒိတ်တော် ခံယူရပုံ**

ဒီပင်္ကရ ဗုဒ္ဓ မပွင့်မီ အမရဝတီ နေပြည်တော်ကြီးတွင် ကုဋေအရာမက ပေါများကြွယ်ဝသော ဗေဒင်အရာ တတ်ကျွမ်း လိမ်မာသည့် ပုဏ္ဏား အမျိုးဖြစ်သော သုမေဓာသည် ပါရမီ အဟုန် ထုံပြီးသော ဝါသနာစွဲဆော် တိုက်တွန်းအပ်သည်ဖြစ်၍ လောက၏ ဘဝသံသရာ၌ ပဋိသန္ဓေ အို နာ သေကြ စသည်ထင်ရှား ဒုက္ခများသာ စက်လည်ကာဖြင့် စဆုံးမထင် ကျင်လည်ပြေးသွားလျက် နေကြရသော သတ္တဝါတို့၏ အဖြစ်ကို ဉာဏ်ဖြင့် သက်ဝင် ဆင်ခြင်စဉ်းစား၍ မီး၏ဥပမာအားဖြင့် ဤလောက၌ မီးသည် လောင်စာရှိသမျှ အဆက် မပြတ်အောင် လောင်တတ်သော်လည်း လောင်စာကုန်ခန်းက ငြိမ်းချမ်းအေးမြသကဲ့သို့ ဒုက္ခဖြစ်ကြောင်းတရားကုန်ခန်းခဲ့သော် ဒုက္ခ၏ ကုန်ခန်း ငြိမ်းအေးရာ နိဗ္ဗာန်သည် ရှိကောင်းရာ၏ အစရှိသော များပြားလှစွာသော ဥပမာတို့ဖြင့် ဆင်ခြင်ကာ ဘဝသံသရာ၌ စက်ဆုပ်ငြီးငွေ့ခြင်းသံဝေဂဉာဏ်ဖြစ်ပေါ်လျက် ဒုက္ခငြိမ်းအေးရာ နိဗ္ဗာန်သွားရာလမ်းကို ငါရှာမှီးအံ့ဟု စည်းစိမ်ချမ်းသာနှင့် ခန္ဓာအသက် ငဲ့ကွက်မရှိ စွန့်လွှတ်ပြီးကာ ရသေ့ ရဟန်းပြု၍ ဈာန်အဘိညာဏ်ကို ဖြစ်စေလျက် ထိုဈာန်အဘိညာဏ် လေ့လာခြင်းဖြင့်သာ ရှည်

မြင့်စွာ ဟိမဝန္တာတောင် ကျောင်းသခ်မ်း၌ မွေ့လျော်နေထိုင်၏။ ထိုစဉ်အခါ ဒီပင်္ကရဗုဒ္ဓမြတ်စွာ ပွင့်တော်မူ၍ တနေ့သော အခါဝယ် ရဟန္တာလေးသိန်း ခြံရံလျက် ပစ္စန္တ အစွန်ကျသော ရမ္မဝတီမြို့သို့ ပင့်ဖိတ်အပ်သည်ကို ကြွတော်မူရာတွင် များစွာသော သူတို့သည် ရှင်လန်း ဝမ်းမြောက်စွာဖြင့် လမ်းခရီး သုတ်သင်ကြကုန်၏။ ထိုအခိုက်တွင် သုမေဓာရှင်ရသေ့သည် ရှင်လန်း ဝမ်းမြောက်စွာသော လူအပေါင်းကို ကောင်းကင်ခရီးဖြင့် သွားစဉ် တွေ့မြင်ရသည်ဖြစ်၍ ရှင်လန်း ဝမ်းမြောက်သော အခြင်းအရာကို သိလိုသဖြင့် ကောင်းကင်မှ ဆင်းသက်၍ မေးမြန်းရာတွင် ဒီပင်္ကရ လောကထွဋ်ထား ဗုဒ္ဓမြတ်ဘုရားသည် ရဟန္တာလေးသိန်းခြံရံလျက် ရမ္မာမြို့တွင်းသို့ ကြွဝင်တော်မူမည်ဖြစ်၍ ခရီးလမ်း သုတ်သင်ကြောင်း ပြောကြားလေလျှင် ဗုဒ္ဓဟူသော အသံကိုကြားရ၍ ဝမ်းမြောက်ရှင်လန်း ပီတိဟုန်လွှမ်းလျက် ငါလည်း ကုသိုလ်အဖို့ ယူအံ့ဟု နှလုံးသွင်း၍ ငါ့ကိုလည်း တတာ ပေးကြပါ, ငါလည်း သုတ်သင်လိုပါသည်ဟု ဆိုလေ၏။ ထိုလူများလည်း တန်ခိုးကြီးမားသော ရသေ့ကြီး၏ ကြီးကျယ်ဆန်းပြားသော တန်ခိုးစွမ်းအားကို မမြင်စဘူး အထူးမြင်ရကုန်အံ့ဟူသော အကြံဖြင့် ရွံ့နွံထူပြော ကျယ်ပြန့်သော တာကို ပေးကြလေ၏။

ရှင်ရသေ့မှုကား တန်ခိုးဖြင့် ပြုလုပ်ခြင်းထက် ကိုယ်ထိလက်ရောက် ပြုခြင်းသာ နှစ်သက်သဖြင့် ဘုရားရှင်ကိုသာ အောက်မေ့ ဆင်ခြင်လျက် ရှင်လန်းဝမ်းမြောက်စွာ ခရီးလမ်းကို သုတ်သင်၏။

ရှင်ရသေ့၏ တာကား ရွံ့နွံအား ကြီးကျယ် ပြောသဖြင့် မပြီးသေးမီ တကိုယ်စာမျှ ကြွင်းကျန်သော အခါ၌ ဒီပင်္ကရ

မြတ်ဗုဒ္ဓသည် သာဝက ရဟန်းသံဃာ လေးသိန်းနှင့်တကွ ကြွရောက်တော်မူလာ၏။

ထိုစဉ်အခါ သုမေဓာ ရှင်ရသေ့လည်း ဆံကျစ်ကိုဖြေ သားရေပိုင်းနှင့် လျှော်တေ သက်န်းကို ရွှံ့နွံထက်၌ ခင်း၍ ဘုရားရှင် ကြွလာတော်မူရာသို့ ဦးခေါင်း ပြုကာ အလျား မှောက်လျက် အိပ်ပြီးလျှင် တပည့်များနှင့်တကွ ဘုရားရှင် သည် ရွှံ့နွံကို နင်းတော်မမူပါနှင့်၊ တပည့်တော်၏ ကိုယ်ကို နင်း၍ ကြွတော်မူပါဘုရား၊ တပည့်တော်အား အကျိုးများ ပါလိမ့်မည်ဟု လျှောက်ထားလျက် မိမိကိုယ်ကို တံတားခင်း လေ၏။

မိမိကိုယ်ကို တံတားခင်းလျက် အောက်မေ့ ဆင်ခြင်သည် ကား—

ကိံ မေ ဧကေန တိဏ္ဏေန၊
ပုရိသေန ထာမဒဿိနာ။
သဗ္ဗညုတံ ပါပုဏိတွာ၊
သန္တာရေဿံ သဒေဝကံ။

ဣမိနာ မေ အဓိကာရေန၊
ကတေန ပုရိသုတ္တမေ။
သဗ္ဗညုတံ ပါပုဏိတွာ၊
တာရေမိ ဇနတံ ဗဟုံ။

**မြန်မာ အနက်ကား**—ထာမဒဿိနာ – ဘုရားဆုကို ပန်ဆင် ပါရမီတော်ကိုဖြည့် ဘုရားဖြစ်၍ ဘဝသံသရာ ဆင်းရဲတွင်း၌ နစ်မွန်းနေသူ နတ်လူဗြဟ္မာ သတ္တဝါ အများ တို့အား နိဗ္ဗာန်လမ်းညွှန် တရားပြ၍ ကယ်တင်ခြင်းငှါ

စွမ်းဆောင်နိုင်သည့် စွမ်းအားကို သိမြင်ရသော။ ပုရိသေန- ယောက်ျားမြတ်စင်စစ် ငါတယောက်ဖြစ်ပါလျက်။ ဧကေန- တယောက်ထီးတည်း။ တိဏ္ဏေန- ဘဝသံသရာမှ ကူး မြောက်ခြင်းဖြင့်။ မေ-ငါသုမေဓာအား။ ကိံ-အဘယ်မှာလျှင် ယောက်ျားမြတ်တို့ ပြုအပ်သော ကိစ္စ ပြည့်စုံရာအံ့နည်း။ သဗ္ဗညုတံ-လုံးစုံသိမြင် ဘုရားရှင် အဖြစ်သို့။ ပါပုဏိတွာ- ရောက်ပြီး၍။ သဒေဝကံ- နတ်ဗြဟ္မာနှင့်တကွ လူ သတ္တဝါ အပေါင်းကို။ သန္တာရေဿံ- ဘဝသံသရာ ဆင်းရဲတွင်းမှ နိဗ္ဗာန်လမ်းညွှန်တရား ဟောကြားညွှန်ပြ ဆုံးမကာ ထုတ် ဆောင် ကယ်တင်ပေအံ့။

မေ-ငါသုမေဓာ၏။ ပုရိသတ္တမေ- ယောက်ျား တကာတို့ ထက် အမြတ်ဆုံးဖြစ်သော ဒီပင်္ကရ ဗုဒ္ဓ ခြေတော်ရင်း၌။ ကတေန- ယခုပြုရသော။ ဣမိနာ အဓိကာရေန- ဤဘုရား ဆုကို ပန်ဆင်ခြင်းဖြင့်။ သဗ္ဗညုတံ- လုံးစုံသိမြင် ဘုရားရှင် အဖြစ်သို့။ ပါပုဏိတွာ-ရောက်ပြီး၍။ ဗဟုံ-များစွာသော။ ဇနတံ-လူသတ္တဝါ အပေါင်းကို။ တာရေမိ-သံသရာဆင်းရဲ တွင်းမှ လွတ်ကင်းအောင် ကယ်တင်ပေအံ့။ ဤသို့ စသည် အားဖြင့် ကြံစည်လေ၏။

ယောက်ျားမြတ်တို့ စွမ်းအားကား—

မနုဿတ္တံ လိင်္ဂသမ္ပတ္တိ၊
ဟေတု သတ္ထာရဒဿနံ။
ပဗ္ဗဇ္ဇာ ဂုဏသမ္ပတ္တိ၊
အဓိကာရော စ ဆန္ဒတာ။
အဋ္ဌဓမ္မသမောဓာနာ၊
အဘိနီဟာရော သမိဇ္ဈတိ။

**မြန်မာ အနက်ကား**— မနုဿတ္တံ-လူသားစင်စစ်ဖြစ်ခြင်း ၎င်း။ လိင်္ဂသမ္ပတ္တိ-ယောကျ်ားစင်စစ်ဖြစ်ခြင်း၎င်း။ ဟေတု-ရှေး တဆယ့်ခြောက် အသင်္ချေကစ၍ ဘုရားရှင်တို့ထံ၌ ဆုတောင်း၍ ပါရမီတော်တို့ကို အဆက်မပြတ် ဆည်းပူးခဲ့သော အကြောင်းရင်းခံ ရှိခြင်း၎င်း။ သတ္ထာရဒဿနံ- သက်တော် ထင်ရှား မြတ်စွာဘုရားကို ဖူးတွေ့ရခြင်း၎င်း။ ပဗ္ဗဇ္ဇာ-ရသေ့ ရဟန်းဖြစ်ခြင်း၎င်း။ ဂုဏသမ္ပတ္တိ-သမာပတ်ရှစ်ပါးနှင့် ပြည့်စုံ၍ ထိုဘဝတွင် ရဟန္တာဖြစ်နိုင်သောဂုဏ်နှင့် ပြည့်စုံခြင်း၎င်း။ အဓိကာရော စ-ဘုရားဆုကို ပန်ဆင်ခြင်း၎င်း။ ဆန္ဒတာ- ဘုရားဖြစ်ရန် လွန်ကဲသော ဆန္ဒရှိခြင်း၎င်း။ အဋ္ဌသမောဓာ- နာ-ရှစ်ပါးသော အကြောင်းအင်္ဂါ ပြည့်စုံသည် ရှိသော်။ အဓိကာရော- ဘုရားဆုကို တောင်းခြင်းသည်။ သမိဇ္ဈတိ- ပြည့်စုံ၏။

၍ကား ဗုဒ္ဓကုံရ ဘုရားဖြစ်ရန် မျိုးစေ့ အညွန့်အညောက် အလောင်း အလျာ ဖြစ်သော ယောကျ်ားမြတ်တို့ စွမ်းအား တည်း။

၍ အင်္ဂါ စွမ်းအားနှင့် ပြည့်စုံမှသာလျှင် ဘုရားဆုကို တောင်း၍ နိယတ ဗျာဒိတ်တော်တည်းဟူသော ပန်းကုံးကို ရရှိ ခံယူ ပန်ဆင်နိုင်၏။

၍သို့ ဂုဏ်အင်္ဂါနှင့် ပြည့်စုံသော သုမေဓာရသေ့နှင့် ပေါင်းဆုံမိသော ဒီပင်္ကရ ဗုဒ္ဓမြတ်စွာသည် မချွတ်မလွဲမြဲသော စကားတော်ဖြင့် စိုကုံး မိန့်ကြားအပ်သော နိယတ ဗျာဒိတ် တော်ကို ပေးသနားတော်မူ၏။ ထိုသည့် ကြိုကြိုက်ခဲလှစွာ သော ဗျာဒိတ်ပွဲတွင် တသောင်းသော စကြဝဠာတိုက်တို့မှ နတ်ဗြဟ္မာအပေါင်းတို့ လာရောက် ဖူးမြော်ကာ ကောင်းချီး

ကြွေးကြော်ခြင်း, ပန်းနံ့သာအမျိုးမျိုးတို့ဖြင့် ပူဇော်ခြင်း ပြုကြကုန်၏။

ဒီပင်္ကရ မြတ်ဗုဒ္ဓလည်း သုမေဓာရသေ့၏ ဦးခေါင်းရင်း၌ ရပ်တော်မူလျက် နိယတ ဗျာဒိတ် ပန်းကုံးကို အောက်ပါ အတိုင်း မိန့်ကြားတော်မူ၏။

အို လူ နတ် ဗြဟ္မာအများတို့....တန်ခိုးပြင်းထန်သော ဤ ဆံကျစ်ရသေ့ကို ဖူးမြင်ကြကုန်လော့၊ ဤကမ္ဘာမှ မရေမတွက်နိုင်သော အဂိုင်းအခြား လေးကြိမ်တွင် ကပ်တသိန်း လွန်သောအခါ လောက၌ ငါသို့ ထင်ရှား ဘုရားတဆူ ဖြစ်လိမ့်မည်။ ကပိလ ဟူသော နေပြည်တော်မှ တောထွက်ပြီးကာ ကမ္မဋ္ဌာန်း အားထုတ်ခြင်း ပြင်းထန်လွန်း၍ လူသာမန်တို့ ကျင့်နိုင်ခဲသော ဒုက္ကရစရိယာမည်သော အကျင့်ကို ကျင့်ပြီး၍ ဆိတ်ကျောင်း ညောင်ပင်ရင်း၌ ဃနာနို့ဆွမ်းကို ခံယူ၍ နေရဉ္ဇရာမြစ်နားသို့ ကြွလိမ့်မည်၊ ထိုမြစ်နား၌ ဆွမ်းဘုဉ်းပေးပြီး၍ နတ်တို့ပြုစီရင်သောလမ်းဖြင့် ဗောဓိမဏ္ဍိုင်သို့ ကြွလိမ့်မည်၊ ဗောဓိမဏ္ဍိုင်ကို လက်ျာရစ်လှည့်၍ ညောင်ဗုဒ္ဓဟေပင်ရင်း၌ နေလျက် သဗ္ဗညုတ ဉာဏ်တော် ပွင့်ပေါ်သော ဘုရားအဖြစ်သို့ ရောက်လိမ့်မည်၊ သူ၏ မယ်တော်ကား မာယာဒေဝီ၊ ခမည်းတော်ကား သုဒ္ဓေါဒနမင်း အမည်တွင်လတ္တံ့၊ ကောလိတ (အရှင်မောဂ္ဂလာန်), ဥပတိဿ (အရှင်သာရိပုတ္တရာ) ဟူ၍ အကြီးမြတ်ဆုံး တပည့်အစုံ ဖြစ်လိမ့်မည်၊ အာနန္ဒ ဟူ၍ အမြတ်ဆုံး အလုပ်အကျွေး ရဟန်း ဖြစ်လိမ့်မည်၊ ခေမာထေရီ,ဥပ္ပလဝဏ္ဏာထေရီဟူ၍ အကြီးမြတ်ဆုံး တပည့်မ အစုံ ဖြစ်လိမ့်မည်၊ အမှီပြု၍ ပွင့်ရာ သစ်ပင်ကား ညောင်ဗုဒ္ဓဟေ ဖြစ်လိမ့်မည်၊ စိတ္တ သူကြွယ်, ဟတ္ထာဠဝက မင်းသား

ဟူ၍ အမြတ်ဆုံး အလုပ်အကျွေး ဥပါသကာအစုံ ဖြစ်လိမ့်မည်၊ ဥတ္တရာ(ခုဇ္ဇုတ္တရာ),နန္ဒမာတာဟူ၍ အမြတ်ဆုံးအလုပ်အကျွေး ဥပါသိကာမအစုံ ဖြစ်လိမ့်မည်၊ ဤသို့ နိယတဗျာဒိတ်ပန်းကုံးကို သီကုံးမြွက်ကြား ပေးသနားတော်မူအပ်၏။ ။ငါတို့ ဗုဒ္ဓလောင်းလျာ သုမေဓာလည်း လျင်စွာထ၍ ပုဆစ်တုပ် လက်အုပ်မိုး ရှိခိုးဦးထိပ်တင်လျက် ဗျာဒိတ်တော် ပန်းကုံးကို ခံယူ ပန်ဆင်၏။

ဘုရားရှင်လည်း ရမ္မာ မြို့တွင်းသို့ ကြွတော်မူလေ၏။ သုမေဓာလည်း ဤနေရာ၌ပင် ထက်ဝယ်ဖွဲ့ခွေ နေထိုင်လျက် ဗုဒ္ဓလောင်းလျာတို့ ကျင့်ရသော ပါရမီတော်တို့ကို သုံးသပ်ဆင်ခြင်လေ၏။ ထိုသို့ သုံးသပ်ဆင်ခြင်၍ အဆုံးသို့ ရောက်သောအခါ ဤ မဟာပထဝီမြေကြီးသည် သည်းထန်စွာ မြည်ဟည်း တုန်လှုပ်လေ၏။ ရမ္မာ မြို့သူ မြို့သားတို့သည် ဘုရားအမှူးရှိသော သံဃာတော်လေးသိန်းတို့အား ဝိုင်းဝန်းညီညာ ဆွမ်းစသည်ဖြင့် လုပ်ကျွေးခြင်း,အနုမောဒနာ တရားနာခြင်းကိစ္စ ပြီးဆုံး၍ ဘုရားရှင်မကြွမီ ပြင်းထန်ကြောက်မက်ဖွယ်ရာ သွက်သွက်ခါ၍ သည်းစွာသော မြေငလျင် လှုပ်သဖြင့် ဖရိုဖရဲ လဲပြိုချောက်ချားခြင်းဖြစ်ကြကုန်လျက် မည်ကဲ့သို့ အကျိုးအပြစ်ဖြစ်ပါမည်နည်းဟု လျှောက်ထားကြရာ ဘုရားရှင်က ဤမြေငလျင် လှုပ်ခြင်းသည် လမ်းခရီး အကြား ငါဘုရား ဗျာဒိတ်ကြားခဲ့သော ရသေ့သုမေဓာသည် ဗုဒ္ဓလောင်းလျာတို့ ကျင့်ရသော ဘုရားဖြစ်ကြောင်း တရားတော်တို့ကို သုံးသပ်ဆင်ခြင်သဖြင့် တရားတော်၏ အာနုဘော်ကြောင့် လှုပ်ခြင်းသာ ဖြစ်၏။ သင်တို့အား အကျိုးအပြစ် တစုံတရာမျှ မရှိဟုမိန့်တော်မူ၍ ပြန်ကြွတော်မူလေ၏။ လူအများတို့လည်း

ဘုရားလောင်းရှိရာသို့သာ ဝိုင်းအုံလာရောက်ကုန်၍ ကောင်းချီးကြွေးကြော်ခြင်း, ပန်းနံ့သာတို့ဖြင့် ပူဇော်ခြင်း, ဆုတောင်းခြင်း ပြုကြကုန်၏။ ဤကား ဗျာဒိတ်ပွဲတည်း။

ဤသို့ ငါတို့ဗုဒ္ဓလောင်းလျာသည် ဗျာဒိတ်ခံယူသောအခါမှ စ၍ လေးအသင်္ချေယျ ကမ္ဘာတသိန်း တွက်ကိန်းများလှ မြင့်ရှည်စွာသော ကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့် ဆည်းပူးတော်မူလျက် ထိုကာလအတွင်း ပွင့်တော်မူသော နှစ်ကျိပ်သုံးဆူသော ဘုရားရှင်တို့ထံတော်၌ ဗျာဒိတ်သံကို ထပ်ဆင့် ခံယူတော်မူပြီး၍ အဆုံးစွန်သော ဘဝသို့ ရောက်လာတော်မူ၏။ ဤတွင် ပါရမီတော်နှင့် ကျင့်တော်မူပုံများ မပြသာပဲ ကြွင်းကျန်ခဲ့၏။

**ပစ္ဆိမ အဆုံးစွန်ဘဝ ပဋိသန္ဓေတည်နေခြင်း**

ဘုရားရှင်တို့ ဖြစ်မြဲ ဓမ္မတာကား ဤစကြဝဠာ၌သာ ဖြစ်၏၊ ကျွန်းကြီး လေးကျွန်းတို့တွင် လက်ျာတောင်ကျွန်းမှာသာ ဖြစ်ပေ၏၊ ဤတောင်ကျွန်းတွင်လည်း မဇ္ဈိမဒေသ ယခု အိန္ဒိယခေါ်သော ကုလားပြည်တွင်း၌ ဖြစ်၏၊ အသက်တသိန်းမှ အောက် တရာတန်းမှ အထက်တွင်သာ ဖြစ်၏၊ ခတ္တိယမင်းမျိုး, ဗြာဟ္မဏပုဏ္ဏားမျိုး တမျိုးမျိုး၌ ဖြစ်၏၊ မယ်တော်အရွယ်လွန်၍ ဖွားမြင်ပြီးနောက် ခုနစ်ရက်မြောက်တွင် အသက်ကုန်မည့်အခါ၌သာ ပဋိသန္ဓေတည်၏၊ တုသိတာ နတ်ပြည်မှစုတေ၍သာလျှင် ပစ္ဆိမဘဝဖြစ်လာ၏။ ဤသို့ ဘုရားရှင် အလုံးစုံတို့၏ ဖြစ်မြဲဓမ္မတာအတိုင်း တထာဂတ ရှေးဘုရားတို့ ဖြစ်မြဲဓမ္မတာအတိုင်းသာ ဖြစ်ပေါ်လာတတ်သော ငါတို့ဗုဒ္ဓအလောင်းတော်မြတ်သည် လူတို့၏ အသက်ရာတန်းကာလ ယခု ဂေါတမသက္ကရာဇ် ၁၃၂၉- ခုနှစ်မှ

အထက် နှစ်ပေါင်း ၂၅၉၂-နှစ် ဘုရားရှင်ဘိုးတော် အဥ္စနမင်း ဖြိုကြွင်း သက္ကရာဇ် ၆၇-ခု၊ ဝါဆိုလပြည့်ကြာသပတေး နေ့တွင် တသောင်းသောစကြဝဠာတို့မှ ကြွရောက်လာသော နတ်ဗြဟ္မာအပေါင်းတို့၏ 'အလောင်းနတ်သား ဘုရားဖြစ်ချိန် တန်ပါပြီ နတ်ဘဝမှစုတေ့ကာ လူ့ပြည်မှာဖြစ်တော်မူပါ'ဟု တောင်းပန် အပ်သည်ကို ဝန်ခံပြီးသည့်အတိုင်း ဓမ္မတာနှင့် ကာလဒေသကိုဆင်ခြင်၍ မဇ္ဈိမဒေသအတွင်း ကပိလဝတ္ထု နေပြည်တော်ဝယ် ထိုခေတ်ကာလ၌ အမျိုးအားဖြင့် အမြတ်ဆုံးဟု သမုတ်အပ်သော ကပ်ဦးအစ မဟာသမ္မတမင်းမှစ၍ အမျိုးအနွယ် အဆက်မပြတ်သော အသမ္ဘိန္န ခတ္တိယမင်းမျိုး ဂေါတမ အနွယ်ဖြစ်သော ခမည်းတော်သုဒ္ဓေါဒနမင်းကြီး၏ အဂ္ဂမဟေသီ အသက်ငါးဆယ်ကျော်အရွယ်လွန်ပြီး မာယာ ဒေဝီ အမည်ရှိသော မယ်တော်ဝမ်း၌ သုတကာတို့ကဲ့သို့ သတိချွတ်ယွင်း မိန်းမောတွေဝေခြင်း မရှိ သတိထင်စွာဖြင့် သာ ပဋိသန္ဓေတည်၏။ ဤသို့ပဋိသန္ဓေ တည်နေသော အခါ တသောင်းသော လောကဓာတ်နှင့် တကွ ဤမဟာပထဝီ မြေကြီးသည် အထိမ်း အမှတ် အဖြစ်ဖြင့် ပြင်းစွာ မြည်ဟည်း တုန်လှုပ်၏။ ဤသည်လည်း ပါရမီရှင်တို့၏ ပါရမီတော် ဂုဏ်ကျေးဇူးတော်ကြောင့် ဖြစ်မြဲဓမ္မတာပင်တည်း။

### ဖွားမြင်တော်မူခြင်း

မယ်တော်၏ ဝမ်းကြာတိုက်၌ ဆယ်လတိတိတည်နေပြီး၍ အချိန်တိုင်ရောက်သောအခါ လုမ္ဗိနီမည်သော ဥယျာဉ်တော် အတွင်း အင်ကြင်းပင်အောက်၌ မယ်တော်မြတ် ရပ်လျက် ကသာ တွေဝေခြင်းကင်းစွာဖြင့် ဖွားမြင်သန့်စင်၏။ ဖွားမြင် သောအခါ မြေလျှင် ပွဲတင်ဟည်းကာ တုန်လှုပ်၏။ မြေသို့

မရောက်မီ နတ်တို့ခံယူ၏။ လူတို့လက်သို့ နတ်တို့ပေးသော အခါ၀ယ် လက်တွင်းမှလွတ်၍ မြောက်အရပ်သို့ ခုနစ်ဖ၀ါး လှမ်းကြွတော်မူပြီး ရပ်လျက် အရပ်ဆယ်မျက်နှာတို့ကို ကြည့်တော်မူပြီးလျှင်—

၁။ အဂ္ဂေါဟမသ္မိ လောကဿ,

၂။ ဇေဋ္ဌောဟမသ္မိ လောကဿ,

၃။ သေဋ္ဌောဟမသ္မိ လောကဿ—

ဟူ၍ ကြောက်ရွံ့ခြင်းကင်း ရဲတင်းသောစကားကြီး သုံးခွန်းဖြင့် ကြိမ်း၀ါးတော်မူ၏။

၎င်းစကားသုံးခွန်း၏ မြန်မာလိုသော်ကား—

၁။ လောကတွင် မြတ်သည်ဟု သမုတ်အပ်သော ဇော-ရာဇ် စကြာမန္ဒာတ် နတ်ဗြဟ္မာအပေါင်းတို့ထက် ငါလျှင် အမြတ်ဆုံးဖြစ်ပြီ။

၂။ လောကတွင် အမျိုးဂုဏ်သိရ် ဘုန်းကံ ကြီးကျယ်သူ အပေါင်းတို့ထက် ငါလျှင် အကြီးဆုံးဖြစ်ပြီ။

၃။ လောကတွင် ဂုဏ်ထူးဝိသေသ ထင်ရှားလှ၍ လောကသားတို့ ချီးမွမ်းခြင်းငှါ ထိုက်သူအပေါင်းတို့ထက် ငါလျှင် ချီးမွမ်းထိုက်သူ ဖြစ်ပြီ။

ဤကား သုံးခွန်းသော စကားတော်ကြီးတည်း။

ဤသည့်နေ့ကား ယခုအခါမှ ရှေးနှစ်ပေါင်း ၂၅၉၁-နှစ် ရောက်ရာ ကဆုန်လပြည့် သောကြာနေ့တည်း။

ဤစကား သုံးခွန်းဖြင့် ဗုဒ္ဓလောင်းလျာဖွားမြင်စ ကာလ ကပင်လျှင် လောက၌ တုဖက်ကင်းမြောက် တယောက်တည်း သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် အဖြစ် ထင်ရှား၏။

**မင်းစည်းစိမ် ခံစားခြင်း**

ဤသို့ ဗုဒ္ဓလောင်းလျာသည် ပါရမီတော်ရှင်တို့၏ ဓမ္မတာ အတိုင်း အံ့ချီးဖွယ်ရာ အဖြာဖြာတို့ဖြင့် မယ်တော် ခမည်း တော် ဆွေတော် မျိုးတော် လူနတ်ဗြဟ္မာ အများတို့၏ စိတ် နှလုံး ယူကျုံးနှစ်သိမ့်စေလျက် တဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်လတ်သော် မင်းဆက်တကာတို့ မစံစားရဘူး ထူးမြတ် လှစွာသော ရမ္မ,သုဘ,သုရမ္မ ဟူသော နန်းတော်သုံးဆောင် မြေမှပေါက်၍ ယသောဓရာ အမှူးရှိသည့် မိဖုရားပေါင်း လေးသောင်း ရံရွေတော် တသိန်းတို့ဖြင့် ကြီးမားသော မင်း စည်းစိမ် ခံစား၏။

**တောထွက်တော်မူခြင်း**

ငါတို့ ဗုဒ္ဓလောင်းလျာတော်သည် တဆယ့်သုံးနှစ်ကာလ ပတ်လုံး ကြီးမြတ်သော မင်းစည်းစိမ်ကို ခံစားတော်မူလျက် ဓမ္မတာအချိန်မရောက်မီအတွင်း မေ့လျော့ပျော်ရွှင်စွာဖြင့် အချိန်တွေကုန်လွန်ခဲ့စေကာ ဓမ္မတာအချိန်ရောက်၍ နှစ်ဆယ့် ကိုးနှစ် သက်တော်ဝင်တွင် နတ်တို့ပြသော သူအို,သူနာ, သူသေ,ရဟန်းဟူသော နိမိတ်ကြီးလေးပါးကို မြင်သဖြင့် ဘဝသံသရာကို လွန်စွာထိတ်လန့်ကြောက်ရွံ့ စက်ဆုပ်ငြီးငွေ့ ခြင်း သံဝေဂဉာဏ် ဖြစ်ပေါ်လာသဖြင့် သက္ကရာဇ် ၉၆-ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့ မိဖုရားပေါင်း များလှစေကာ ယသောဓရာ မိဖုရားမှ တဦးတည်းသော သားတော်ရတနာ

ရာဟုလာကို ဖွားမြင်သောနေ့ သန်းခေါင်ယာမ် အခါတွင် ခမည်းတော်မင်းကြီးက တောမထွက်နိုင်အောင် အစောင့် အရှောက် လုံခြုံစွာ စီမံ၍ ထားသော်လည်း အားလုံးတို့ မသိလိုက်ကြအောင် အလောင်းတော်တို့၏ ဓမ္မတာအတိုင်း မြင်းတော်ခံ ဆန္နအမတ်နှင့် ကဏ္ဍကစီးတော်မြင်းကိုစီးတော် မူ၍ နတ်တို့စီမံသော လမ်းခရီးဖြင့် ဗြဟ္မာမင်းတို့ ညှိထွန်း အပ်သော ဆီမီးတန်ဆောင် ညီးညီးပြောင်ပြောင်တွင် တောထွက်တော်မူ၏။

**ဒုက္ကရစရိယာ ကျင့်တော်မူခြင်း**

တောထွက်တော်မူ၍ တော၌ ရဟန်းပြုပြီးလျှင် ကာလာမ အနွယ် အာဠာရ ရသေ့ထံ၌ အာကိဉ္စညာယတနတိုင်အောင် ဈာန်သမာပတ် ခုနစ်ပါးကို မမြင့်မကြာ လျင်မြန်စွာ လေ့လာ ရရှိ၏။ ထိုသို့ ရရှိသောအခါ ဤဈာန်သမာပတ်တို့ကား ချမ်းသာ ခံစားမှုသာဖြစ်၏၊ ဘုရားဖြစ်ကြောင်း မဟုတ်သေး ဟု ယူဆကာ ထိုဆရာမှ ဖဲခွါ၍သွား၏။ ထိုမှတဖန် ရာမ၏ သား ဥဒကရသေ့၏ထံ၌ နေဝသညာနာသညာယတန ဈာန် တိုင်အောင် သမာပတ်ရှစ်ပါးကို မကြာခဏဖြင့် လေ့လာ ရရှိ၏။ ထိုအခါ ဥဒကရသေ့သည် အလောင်းတော်ကိုပင် မိမိထံ တပည့်ခံလာသူဖြစ်စေကာ မိမိနှင့်တကွ ငါးရာသော ရသေ့တို့၏ ဆရာအဖြစ် တင်မြှောက်လေ၏။ သို့ရှိစေကာ အလောင်းတော်ကား ဤသည့်ဈာန်သမာပတ်ကား ချမ်းသာ သုခခံစားခြင်းမျှ ဖြစ်၍ ဘုရားဖြစ်ကြောင်း မဟုတ်သေးဟု ထိုဂိုဏ်းမှ ဖဲခွါ ထွက်သွား၍ ဥရုဝေလတောအုပ်၌ ကိလေ သာကို ပူပန်ခန်းခြောက်စေရန် ခြိုးခြံခေါင်းပါးသော အကျင့် သာလျှင် ဘုရားဖြစ်ကြောင်းဟု စွဲယူကာ အဝတ်ခေါင်းပါး

ခြင်းငှါ အဝတ်ကိုပယ်၍ အချည်းနှီးကျင့်၏။ အစာခေါင်းပါးခြင်းငှါ အလိုအလျောက်ကြွေကျသော သစ်သီးကိုသာ စား၏။ ၎င်းတွင်လည်း တနေ့ဆီးသီးတလုံးသာ စားသည့်တိုင်အောင် ခြိုးခြံခေါင်းပါးစွာ ကျင့်၏။ အနေတွင်လည်း လူတွေ့မခံ တောတွင်မှာသာ အိပ်လျောင်း ကပ်မှီခြင်းကို ပယ်၍ သွား,ရပ်,ထိုင် သုံးမျိုးဖြင့်သာ ကျင့်၏။ ဤသို့ စသည်အားဖြင့် သူတပါးတို့ ပြုခြင်းငှါ မစွမ်းနိုင်အောင် ခြိုးခြံခေါင်းပါးခြင်း ပြင်းထန်လှစွာသောကြောင့် ဒုက္ကရစရိယာမည်သော အကျင့်ကို ခြောက်နှစ်တိုင်တိုင် ကျင့်တော်မူ၏။

ဤအရာ၌ ဈာန် သမာပတ် သမာဓိ အရင်းခံဖြင့်သာ သဗ္ဗညုတ ဉာဏ်တော်ရကြောင်း မှန်သော်လည်း ချမ်းသာ အရင်းခံဖြင့် မရနိုင်ရာ၊ ဆင်းရဲခံခြင်းဖြင့်သာ ရအံ့ဟု အထင်မှားခြင်းပင်တည်း။

သို့ပင် ဖြစ်စေကာလည်း အခါကာလ အလျောက် အံ့ဩ ချီးကျူး၍ မကုန်နိုင်အောင် ထူးမြတ်လွန်ကဲသော အစ္ဆရိယ အဗ္ဘုတ ပုဂ္ဂိုလ်တို့ ဓမ္မတာအတိုင်း သူတပါးတို့ထက် ထူးကဲ ပိုလွန်၍ အတုမရှိ အပြိုင်မရှိအောင် အပင်ပန်း အဆင်းရဲကို ခံ၍ ကျင့်တော်မူနိုင်သော အဖြစ် လောက၌ ကျော်စော ထင်ရှားစေခြင်းငှါ အမှား ကျင့်တော်မူရခြင်းပင်တည်း။

အကြောင်းကား ဘုရားရှင် မပွင့်ပေါ်မီကပင် လောက၌ ဘုရားပွင့်ပေါ်လိမ့်မည် ဟူသော ဗုဒ္ဓကောလာဟလ အုတ်အုတ် ကျက်ကျက် ပြောဆိုပျံ့နှံ့လျက်ရှိရာတွင် ခေါင်းပါး ခြိုးခြံစွာ အဝတ်မဆီး အချည်းနှီးဖြင့် ကျင့်ဆောင်သော ပုဂ္ဂိုလ် တစုံ တယောက်ကို တွေ့ရလျှင် ဤပုဂ္ဂိုလ်ပင် ဘုရားဖြစ်လိမ့်မည်ဟု မှတ်ထင်ကာ လူအများဝိုင်းအုံ အံ့ဩ ချီးကျူးကြလျက်

ပုဇော်ကိုးကွယ် ဆည်းကပ် လုပ်ကျွေးကြကုန်၏။ ဤသို့ လူအများတို့က ဘုရားဟု မှတ်ထင် သမုတ်သည့်အတိုင်း ငါ ဘုရားဖြစ်သည်ဟူ၍ ဝန်ခံလျက် ဂိုဏ်းပရိသတ် အခြံအရံ များစွာနှင့် ဘုရားတု ခြောက်ဆူရှိနှင့်ပြီ ဖြစ်သောကြောင့် အတုမဲ့ဖြစ်တော်မူသော ဘုရားရှင်၏ အတုမဲ့ စွန့်စွန့်စားစား သူတပါး မတုနိုင်အောင် ထူးကဲ ပိုလွန် ခြိုးခြံခေါင်းပါးစွာ ကျင့်ဆောင်ခြင်းငှါ စွမ်းနိုင်သော ဘုရားစစ် ဘုရားမှန်၏ ဂုဏ်တော်ထင်ရှားစေခြင်းငှါ လိုအပ်သော အချိန်အခါဖြစ် သောကြောင့်တည်း။

**ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း**

ဤသို့ ခြောက်နှစ်တိုင်တိုင် အလွန် အမင်း စွန့်စွန့်စားစား ပြင်းပြင်းထန်ထန် မလျှော့သော ဇွဲလုံ့လတော်ဖြင့် ကျင့်တော် မူသောကြောင့် အလွန် အားအင် ဆုတ်ယုတ် ပိန်ချုံး၍ သွား လေသဖြင့် မိမိကိုယ်ကိုပင် မသယ်နိုင်ပဲ မြေ၌လည်းလေ၏။ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီးတို့ဖြင့် တန်ဆာ ဆင်လျက် ရွှေစင်ရုပ်သွန်းထားဘိသကဲ့သို့ အလွန်တင့်တယ် တော်မူသော အဆင်း အရောင် အသွင် အသွေး လက္ခဏာ တော်များ ကွယ်ပျောက်၍ အသား အသွေး ခန်းခြောက်လျက် အရိုးအကြော အရေသာ ကြွင်းကျန်သဖြင့် အရိုးတွင် အရေ ကပ်လျက် အကြောပြိုင်းပြိုင်းထကာ မည်းနက် ခြောက်ကပ် ညှိုးနွမ်းသော ကိုယ်တော်၏ အဖြစ်သို့ ရောက်လေ၏။ ဤမျှ တိုင်အောင် ကိုယ်တော်ပင်ပန်း ဆင်းရဲသော်လည်း အလောင်းတော်မြတ်တို့ ဓမ္မတာ အတိုင်း စိတ်တော်ကား ပင်ပန်းညှိုးနွမ်း ဆုတ်နစ်ခြင်း မဖြစ်ပေါ်ပဲ ဧကန်မုချ ငါဘုရား ဖြစ်အံ့ဟု အားတက်ရွှင်လန်း ဝမ်းမြောက်လျက်သာရှိ၏။

ဤသို့ကိုယ်တော်ပင်ပန်းဆင်းရဲလှစွာ မြေမှာ လည်းလျောင်းရာတွင်မှ ဓမ္မတာ အချိန်ရောက်သဖြင့် ကြံစည်ဆင်ခြင်မိသည်မှာ 'ငါငယ်ရွယ်စဉ်ကခမည်းတော်လယ်ထွန်မင်္ဂလာပြုရာတွင် သပြေပင်ရိပ်၌ သမာဓိဖြင့် ဈာန်ချမ်းသာ ငါခံစားဘူး၏၊ ၎င်းသည်ပင် သဗ္ဗညုတ ဉာဏ်ရရန် အကြောင်းဖြစ်တန်ရာ၏၊ ထိုချမ်းသာကို ငါ အဘယ့်ကြောင့် ကြောက်ရအံ့နည်း' ဟု အကြံတော် ဖြစ်ပေါ်လာ၏။

ထိုသို့ ကြံမိသော်လည်း ယခုအခါ ဆဒ္ဒန်ဆင် ဆယ်စီးအားကို ဆောင်သော ငါ၏ ကိုယ်အားတော် ကုန်ခန်း၍ အလွန်ပင်ပန်းနေသဖြင့် သမာဓိဈာန်ချမ်းသာကို ရရန်အခွင့်မသင့်သေးချေ။ ကိုယ်တော်အား မျှတအောင် မြို့ရွာတွင် ဆွမ်းခံဝင်၍ ဆွမ်းအာဟာရ သုံးဆောင်ခြင်းဖြင့် ကိုယ်တော်အားပြည့်မှသာလျှင်သင့်လျော်ပေအံ့ဟု အကြံပြု၍ စိတ်တော်အားဖြင့် ထောက်ပံ့အားယူ၍ မြေမှ ထပြီးလျှင် သူတပါးမြေ၌ စွန့်ပစ်အပ်သော ပံသုကူ အဝတ်သင်္ကန်းကို ဝတ်ဆင်ပြီးလျှင် ဆွမ်းခံဝင်၍ ဆွမ်းအာဟာရဖြင့် ပကတိ ကိုယ်တော်အားကို မကြာမြင့်မီ အတွင်း၌ ရရှိတော်မူ၏။

ဤသို့ ကိုယ်တော် မျှတလေလျှင် ထွက်သက် ဝင်သက်ကို သတိပြု၍ စိတ်၏ တည်ငြိမ်ခြင်းတည်းဟူသော အာနာပါနဿတိ သမာဓိ ဘာဝနာကို ပွါးစေအပ်သည်ရှိသော် ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန် တည်းဟူသော အာနာပါန စတုက္ကဈာန်ကိုရ၏။

ထိုဈာန်ကို အဖန်ဖန် လေ့လာအပ်သည်ရှိသော် ကိုယ်တော် အထူးသဖြင့် သန့်ရှင်းကြည်လင်သဖြင့် ပြိုးပြိုးပြက်ပြက်

အရောင်ထွက်ကာ လွန်စွာတင့်တယ်တော်မူ၏။ အလောင်းတော်သည် ဤအခြင်းအရာကို ထောက်ရှု၍ ယနေ့ပင် ငါဘုရားဖြစ်အံ့ဟု အောက်မေ့ ဆင်ခြင်တော်မူ၍ သက်တော်သုံးဆယ့်ငါးနှစ်ပြည့် ကဆုန်လပြည့် ဗုဒ္ဓနေ့၌ နံနက်အခါ ဆိတ်ကျောင်း ညောင်ပင်ရင်း၌ ထက်ဝယ်ဖွဲ့ခွေကာ ရှာန်သမာဓိဖြင့် နေတော်မူ၏။ ဤနေ့ကား သေနနိဂုံးရွာ သူဌေးသမီး သုဇာတာသည် ထိုညောင်ပင်၌ သားဆုတောင်း၍ သားရပါလျှင် သင် ညောင်စောင့်နတ်မင်းအား ပူဇော်ပါမည်ဟု ဂတိပြု၍ သားရတနာ ရသဖြင့် ပ-သ ပူဇော်နေကျနေ့ဖြစ်၍ နံနက် စောစောကပင် ဃနာနို့ဆွမ်းကို စီမံပြီးလျှင် ကျွန်မအား ညောင်ပင်ရင်း၌သွား၍ သုတ်သင်ရန် စေခိုင်း၏၊ ကျွန်မသွားရာ အဝေးကပင် ပြိုးပြိုးပြက်ပြက် အရောင်ထွက်သောအလောင်းတော်ကိုမြင်လေလျှင် ညောင်စောင့်နတ်ကြီးဟု မှတ်ထင်သဖြင့် အလျင်အမြန် အိမ်သို့ပြန်၍ "အိုရှင်မ....ယနေ့ကား ထူးခြားစွာလှ နတ်မင်းကြီး ကိုယ်ထင်ရှားပြလျက်တွေ့မြင်ရပါသည်"ဟုဆိုလေလျှင် သုဇာတာလည်း လွန်စွာဝမ်းမြောက်လျက် ဃနာနို့ဆွမ်းကို အဖိုးတသိန်းတန်ရွှေခွက်၌ထည့်၍ အခြားတသိန်းတန် ရွှေခွက်ကို ဖုံးပြီးလျှင် ကိုယ်တိုင် ဦးခေါင်းထက် တင်ရွက်ပြီးကာ လျင်မြန်စွာ သွားလေ၏။

အလောင်းတော်ကို ဖူးမြင်ရလေလျှင် အလွန်လျှင် ကြည်ညိုမြတ်နိုး ရှိခိုးပူဇော်၍ ရွှေခွက်နှင့်တကွသော ဃနာနို့ဆွမ်းကို ကပ်လှူ၍ဝမ်းမြောက်စွာဖြင့် ပြန်လေ၏။ အလောင်းတော်လည်း ခံယူတော်မူပြီးလျှင် ဆွမ်းဘုဉ်းပေးရန် နေရဥရာမြစ်နားသို့ကြွတော်မူ၍ ဘုဉ်းပေးပြီးလျှင် ငါယနေ့ ဘုရား

ဖြစ်မည်မှန်က ဤရွှေခွက်သည် ရေညာသို့ ဆန်တက်စေသ တည်းဟု အဓိဋ္ဌာန်ပြု၍ ရေ၌မျှော၏။ ရွှေခွက်ရေညာဆန် တက်သည်ကိုမြင်လျှင် ယနေ့ပင် ငါဘုရားဖြစ်အံ့ဟု ဆုံးဖြတ် ချက်ချတော်မူ၍ ညနေချမ်းအခါ နတ်တို့ စီရင်အပ်သော လမ်းခရီးဖြင့် ဗောဓိမဏ္ဍိုင် ဗုဒ္ဓပွင့်ရာဌာနသို့ ကြွတော်မူရာ တွင် ထိုဗုဒ္ဓပွင့်တော်မူမည့်နေ့ကား ဓမ္မတာအထိမ်းအမှတ် အဖြစ်ဖြင့် မြက်သစ်ပင်အလုံးစုံတို့ အခါမဲ့ ပွင့်ဖူးဝေဆာ တင့် တယ်စွာရှိကုန်၏။ သောတ္ထိယမည်တွင် မောင်သန့်စင်လည်း အလွန်လျှင် လှပတင့်တယ်သော မြက်ပန်းတို့ကို တွေ့မြင်ရ၍ ရိတ်ယူထမ်းဆောင်လာရာအလွန်တင့်တယ်သောအလောင်း တော်ကို ဖူးမြင်ရသဖြင့် မြက်ပန်းရှစ်ဆုပ်ကို ဆက်ကပ်ပူဇော် လေ၏။ အလောင်းတော်လည်း ခံယူတော်မူ၍ ဗောဓိ မဏ္ဍိုင်သို့ရောက်ပြီးလျှင် လက်ျာရစ်လှည့်ကာ အရှေ့အရပ်၌ မြက်ပန်းတို့ကို ဖြန့်ခင်း၍ ဘုရားမဖြစ်သမျှ ဤနေရာမှ ငါမထ ဟု အဓိဋ္ဌာန် ပြုတော်မူပြီးလျှင် အရှေ့အရပ်သို့ မျက်နှာတော် မူ၍ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူ၏။

**ဒေဝပုတ္တမာရ်ကို အောင်ခြင်း**

ဝသဝတ္တိနတ်ပြည်၌ အယူစွဲမှားမာရ်နတ်သားဟူ၍ရှိ၏။ ထိုနတ်သားကား သတ္တဝါတို့ကို မိမိအလိုသို့ လိုက်စေနိုင် သော တန်ခိုးစွမ်းအားရှိ၏။ သူ၏အယူကား ကာမဂုဏ်၌ မွေ့လျော်ပျော်ပါးသူမှန်သမျှ ငါ့အလိုနိုင်ငံမှ မလွတ်နိုင်၊ ကာမဂုဏ်၌ငြီးငွေ့၍ ၎င်းကာမဂုဏ်ကို စွန့်ပယ်ထွက်မြောက် သူတို့သည် ငါ့အလိုနိုင်ငံမှ လွတ်မြောက်ကုန်၏။ တစုံတ ယောက်သော သူမျှ ငါ့အလိုနိုင်ငံမှ လွတ်မြောက်ခွင့်မရ အောင် ငါတားမြစ်အံ့ဟု အစွဲအယူရှိ၏။ ထို့ကြောင့် ရှင်

ဂေါတမ တောထွက်၍ ဘုရားဖြစ်လျှင် ငါ့အလိုနိုင်ငံမှ လွတ်မြောက်လိမ့်မည်၊ သူဘုရားဖြစ်လျှင် သတ္တဝါတို့ကို ငါ့ အလိုနိုင်ငံမှ လွတ်မြောက်အောင် ထုတ်ဆောင်ကယ်တင်လိမ့် မည်ဟု အလွန်အမင်း စိုးရိမ်ခြင်း ပြင်းပြင်း ထန်ထန် ဖြစ်၏။ သို့ဖြစ်သည့်အတိုင်း အလောင်းတော် တောထွက်တော်မူ သည်မှစ၍ အစဉ်မပြတ် ဥပါယ်နည်းနာ အမျိုးမျိုးတို့ဖြင့် လှည့်ပတ်ဖြားယောင်း နှောက်ယှက်တားမြစ်ခဲ့၏။ သို့ပင် အားထုတ်ခဲ့စေကာ မိမိအလိုသို့ မပါပဲ ယနေ့ ဘုရားဖြစ် တော့အံ့ဟု သိသဖြင့် အလွန် အမျက်ဒေါသ ထောင်း ထောင်းထလျက် စိတ်နှလုံးပြင်းပြစွာ ပူပန်ဆင်းရဲခြင်းဖြစ်၏။ သို့ဖြစ်၍ အလောင်းတော်၏ အဓိဋ္ဌာန်ကို ပျက်စေလျက် ဘုရား မဖြစ်ရအောင် ငါပြုအံ့ဟု ဂိရိမေခလာမည်သော နတ်ဆင်ကိုစီး၍ မိမိကိုယ်ကို လက်ရုံးပေါင်းတထောင် ဖန် ဆင်းလျက် လက်နက်မျိုးစုံ စွဲကိုင်ကာ မိစ္ဆာနတ်ဘီလူး သားရဲ ပြိတ္တာ တစ္ဆေ ထွေထွေများစွာ ဗိုလ်ပါစစ်သည် အပေါင်းနှင့်တကွ ခြိမ့်ခြိမ့်ဟည်းလျက် စစ်ကြီးကြွေးကြော် ကာ ချီတက်လာ၏။

သို့ပင်ဖြစ်သော်လည်း ဓမ္မတာအလျောက် ပွင့်ချိန်သို့ ရောက်သော ဗုဒ္ဓလောင်းလျာ၏ ထံပါးသို့မူကား ချဉ်းကပ် ခြင်းငှါ မတတ်နိုင်ကြကုန်ရကား အဝေးကသာ ဟစ်အော် ဆူညံ ကြွေးကြော်သံ ပွဲတင်ဟည်းစေလျက် ကြောက်မက်ဖွယ် အခြင်းအရာတို့ဖြင့် ခြိမ်းချောက်ကြလေ၏။ ဤသို့ ပြင်းပြင်း ထန်ထန် အားထုတ်ကြစေကာ လောင်းလျာ၏စိတ်တော်ကို တုန်လှုပ်စေခြင်းငှါ မစွမ်းနိုင်ရှိရာတွင် ဥပါယ်တမျဉ်အားဖြင့် ဤနေရာမှထစေအံ့ဟု ကြံစည်၍ "အိုရဟန်းဂေါတမ....ဤ

နေရာဒေသ ပလ္လင်ကား ငါစိုးပိုင်သော ငါ့ပလ္လင်တည်း၊ သင်ကား ရဟန်းဖြစ်လျက် ငါ့ပလ္လင်တွင် သင်ကျူးလွန် နေထိုင်ခြင်းမှာ မသင့်တော်ချေတကား။ ငါ့နေရာမှ လျင်စွာ ထလော့”ဟု မာရ်နတ်သားက ဆို၏။

ထိုအခါ ဗုဒ္ဓလောင်းလျာက“သတ္တဝါတို့ကိုဘဝသံသရာ၌ နစ်မွန်းကာ သေအောင်သတ်တတ်သော အိုမာရ်နတ်သား.... ဤပလ္လင်ကား သင်နှင့်မဆိုင် ငါသာပိုင်၏။ ရန်အပေါင်းကို အောင်မြင်ရာ သူတပါးတို့ အောင်မြင်ခြင်းငှါမတတ်နိုင်သော ဤ ပလ္လင်တည်းဟူသော အောင်ဌာနကို ရရှိရန်အကျိုးငှါ ပါရမီတော်တို့ကို ငါဆည်းပူးတော်မူခဲ့သည်ကို သဝိညာ-ဏက အသက်ရှိသော သတ္တဝါကို မဆိုထားဘိ အသက် မရှိသော ဤ မဟာပထဝီ မြေကြီးပင်လျှင် အကြိမ်များစွာ တုန်လှုပ်မြည်ဟည်း ကောင်းချီးပေးကာ အသိအမှတ်ပြုခဲ့ရ၏၊ ယခု ဤမြေကိုပင် ငါ သက်သေတင်အံ့”ဟု ဆိုတော်မူပြီးလျှင် “ဝသုန္ဒြေ ဤသည့်မြေသည် ငါ၏သက်သေ ပြုစေသတည်း”ဟု အမိန့်ရှာန်ပြုတော်မူ၏။ ထိုသောအခါ မဟာပထဝီမြေကြီး သည် သည်းထန်စွာ မြည်ဟည်းကြော်သံ ဖြန်းဖြန်းကွဲလျက် ပြင်းထန်သော ရေအယဉ် ပန်းထွက်ကာ မာရ်နတ်သားနှင့် တကွသော စစ်သည်အပေါင်းကို လွှမ်းမိုးနှစ်မြုပ်တိုက်မျော လေ၏။ ထိုတွင်မှ မာရ်နတ်သားနှင့် စစ်သည် အပေါင်းမှာ အလွန် ထိတ်လန့်ကြောက်ရွံ့ကာ ပင်ပန်းကြီးစွာဖြင့် ပြိုကွဲ ပျက်စီး ပြေးသွားကြရကုန်၏။

ဤသို့ ထိုနေ့ နေမဝင်မီတွင် ဒေဝပုတ္တမာရ်ကို အောင် တော်မူလေ၏။

**ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ်ကို ရတော်မူခြင်း**

ဒေဝပုတ္တမာရ်ကို အောင်မြင်တော်မူပြီး၍ အာနာပါန စတုတ္ထဈာန်သမာဓိကို အခြေပြုကာ ရှေးဖြစ်စဉ်ကို ဆင်ခြင်သုံးသပ်တော်မူရာ ညဉ့်ဦးယာမ်တွင် သတ္တဝါတို့၏ ရှေးဖြစ်စဉ်ကို သိမြင်နိုင်သော ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ် တည်းဟူသော ပဌမဝိဇ္ဇာဉာဏ်တော်ကို ရတော်မူ၏။

**ဒိဗ္ဗစက္ခုအဘိညာဏ်ကို ရတော်မူခြင်း**

ပဌမဝိဇ္ဇာ ဉာဏ်တော်ကို ရတော်မူပြီး၍ တဖန် သတ္တဝါတို့၏ ကုသိုလ်ကံ အကုသိုလ်ကံ၊ တိုမိမိတို့ ပြုအပ် ဆည်းပူးအပ်သော ကံအားလျော်စွာ ဖြစ်သင့်ရာဘုံဘဝသို့ ကပ်ရောက်ကြကုန်၍ ပဋိသန္ဓေ တည်နေကြရခြင်း, စုတေ့ပျက်ကြွေ သေကြရခြင်း အစရှိသော အခြင်းအရာတို့ကို သုံးသပ်ဆင်ခြင်တော်မူရာ သန်းခေါင်ယာမ်၌ ထိုအခြင်းအရာ အလုံးစုံတို့ကို သိမြင်နိုင်သော နတ်မျက်စိကဲ့သို့ မြင်စွမ်းနိုင်သဖြင့် ဒိဗ္ဗစက္ခု အဘိညာဏ်မည်သော ဒုတိယဝိဇ္ဇာ ဉာဏ်တော်ကို ရတော်မူ၏။

**အာသဝက္ခယ ဉာဏ်တော်**

မိုးသောက်ယာမ်၌ သံသရာ၌ သတ္တဝါတို့ ကြောင်းကျိုးဆက်စပ် မပြတ်လည်ကာ မြင့်ရှည်ကြာ၍ ဘယ်ခါမဆုံး ရှန်းထွက်ရန်ခက် ဘဝတည်းဟူသောစက် စဉ်ဆက်ဖြစ်ပုံ ဝဋ်ဆင်းရဲ အလုံးစုံကို ဆင်ခြင်သုံးသပ်အပ်သော ပဋိစ္စသမုပ္ပါဒ် အနုလုံကိုင်ရင်း, အကျိုးဒုက္ခဖြစ်ရစေရန် ကြောင်းမှန်မြစ်ရင်း ပယ်ဖြိုခွင်းက ကျိုးဒုက္ခနှင့် ဘဝစက်ရဟတ် ဆက်ပြတ်ချုပ်ငြိမ်းခြင်းနိရောဓကိုဆင်ခြင်သော ပဋိစ္စသမုပ္ပါဒ် ပဋိလုံကိုင်ရင်း

သုံးသပ်ဆင်ခြင်တော်မူ၍ နေအရုဏ် တက်သည်နှင့်တပြိုင်နက် ရှေးဘုရားတို့နှင့် အလားတူစွာ ကိလေသာ အာသဝ အလုံးစုံ ကုန်ခန်း၍ အာသဝက္ခယဉာဏ် တည်းဟူသော တတိယဝိဇ္ဇာဉာဏ်ကိုရတော်မူသဖြင့် အလုံးစုံကိုသိမြင်သော သဗ္ဗညုတဉာဏ်တော်ရှင် ဘုရားအဖြစ်သို့ ရောက်တော်မူ၏။ ဤသို့ တထာဂတ ဘွဲ့ထူးရသော ငါတို့ ကျေးဇူးတော်သခင် ဘုရားရှင်သည် ရှေးဘုရားတို့နှင့် အလားတူ ဖြစ်တော်မူသည် ဖြစ်၍ ရှေးဘုရားရှင်တို့ကဲ့သို့ပင် အာသဝက္ခယ ဉာဏ်တော်ကို ရသည်နှင့် တပြိုင်နက်လျှင် ၇၃-ပါးသော ဗုဒ္ဓဉာဏ်တော်ကို ရတော်မူ၏။

ဤသို့ ဘုရားအဖြစ်သို့ ရောက်တော်မူသည်နှင့် တပြိုင်နက်လျှင် ပါရမီတော်ရှင်တို့၏ ဓမ္မတေဇ-တရား၏ အာနုဘော် စွမ်းအားကြောင့် ဖြစ်ရမြဲ ဓမ္မတာကို မလွန်ဆန်နိုင်ရကား ဤ မဟာပထဝီ မြေကြီးသည် ပြင်းစွာ မြည်ဟည်းတုန်လှုပ်၏။ ဤသည့်စကားအစဉ်ဖြင့် ဘုရားဟူသည်မှာ လောက၌ ဖြစ်နိုင်ခဲ ပေါ်နိုင်ခဲ၍ အံ့ဩချီးကျူး၍ မကုန်နိုင်အောင် ထူးခြားများမြတ်သော ဂုဏ်တော် အပေါင်းတို့ဖြင့် တန်ဆာဆင်တော်မူလျက် မဖြစ်ဘူးမြဲ ထူးကဲလှစွာ ဖြစ်ထွန်းပွင့်ပေါ်တော်မူလာသော အစ္ဆရိယ အဗ္ဘုတ ပုဂ္ဂလ ဝိသေသ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်ကြောင်း ကောင်းစွာထင်ရှားလှပေသတည်း။

**ဗုဒ္ဓကာလ**

ဗုဒ္ဓ ပွင့်ပေါ်တော်မူသော အခါ၌ သာသနာတော်မှ အပ အပြင်ဘက်၌ ဖြစ်ပေါ်သော ဝါဒတို့ကား ရှေးဦးစွာက နတ်

ဖြပ်မှာ ကိုးကွယ်သော ဝါဒ,ဗုဒ္ဓပွင့်ပေါ်မည့် ခေတ်တွင် ရှေးဦး ပေါ်နှင့်သော ဆသတ္ထာရ ဘုရားတု ဆရာကြီး ၆-ဦး ဝါဒ အစရှိသဖြင့် အများပင်ရှိ၏။ ထိုဝါဒ အလုံးစုံတို့သည် အချုပ် အကျဉ်းအားဖြင့် သတ္တဝါ အတ္တ မြဲသည် ဟူသော သဿတ ဝါဒ,ပြတ်သည် ဟူသော ဥစ္ဆေဒဝါဒအတွင်း၌သာ အကျုံး ဝင်သော အမြင်မှား အထင်မှား အစွဲမှား အယူမှား မိစ္ဆာ ဒိဋ္ဌိ ဝါဒများသာတည်း။ ထို မိစ္ဆာဒိဋ္ဌိ ဝါဒတို့ကား ဘဝ အဆုံး ဒုက္ခ အဆုံးဖြစ်သော နိဗ္ဗာန်သို့ သွားရာလမ်းခရီး၏ အတားအဆီး ဗီလာ ကန့်လန့် ဖြစ်သော ဝါဒတို့သာတည်း။

ဗုဒ္ဓ ညွှန်ပြတော်မူသော လမ်းစဉ်ကား ထို သဿတ, ဥစ္ဆေဒ ဝါဒနှစ်မျိုးတို့ဖြင့် စွန်းငြိခြင်းကင်း သန့်ရှင်းစင်ကြယ် အလယ်ဖြောင့်တန်း မဇ္ဈိမပဋိပဒါ ဟု ဆိုအပ်သော နိဗ္ဗာန် ဝင်ရာ လမ်းတည်း။

သက်တမ်းတိုသော ဘုရားရှင်တို့ ပွင့်ပေါ်သောကာလ ကား မိစ္ဆာဒိဋ္ဌိ အယူမှားခြင်းတည်းဟူသော လှိုင်းလေ ပြင်းထန် များပြားလှစွာ၏။ သို့ပင်ရှိစေကာလည်း ဗုဒ္ဓတို့၏ စွမ်းအားတော် အတိုင်း ရှေးဘုရားရှင်တို့နှင့် အလားတူ သတ္တဝါ အရေ အတွက် အနန္တပင် ကျွတ်တမ်းဝင်အောင် တိုတောင်းလှစွာ ၄၅-ဝါဖြင့်သာ မနေမနား ကြိုးစားတော် မူရ၏။

**သာသနာတော်ပွင့်လင်း၍ မိစ္ဆာဒိဋ္ဌိ ညှိုးမှိန်ခြင်း**

ဗုဒ္ဓမြတ်စွာ ပွင့်ပေါ်တော်မူလာ၍ ၄၅-ဝါကာလပတ် လုံး လူ နတ် ဗြဟ္မာ ကျွတ်ထိုက်သော သတ္တဝါ ဆုံးမထိုက် သော ဝေနေယျတို့အား နိဗ္ဗာန်ရောက်အောင် ပို့ဆောင်

ကယ်တင်တော်မူခြင်း ၄ါ နိကာယ်ငါးရပ် ပိဋကသုံးပုံ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် မြားမြောင်လှစွာ ဒေသနာတော် တည်းဟူသော နိဗ္ဗာန်လမ်းညွှန်တရားတော်တို့ကို ဟောညွှန်ပြသ ဆုံးမတော်မူအပ်သည်ရှိသော် ဘုရားရှင်သာလျှင် ကေန် စင်စစ် အားထားရာဖြစ်သည်ဟု ယုံကြည်သက်ဝင်ကာ ဘုရားရှင်၏ အဆုံးမတော်ကို လိုက်နာကျင့်ဆောင်ကြကုန်၍ နိဗ္ဗာန်လမ်းသို့ ဖြောင့်တန်းစွာ သွားကုန်သဖြင့် သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကာ ကျွတ်တမ်းဝင်သော သတ္တဝါတို့ဂဏား အပိုင်းအခြားမရ အလွန်များလှသတည်း။ ။ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူသော အခါ၌လည်း ကြွင်းကျန်သော ကျွတ်ထိုက်သော ဝေနေယျတို့ ကျွတ်တမ်းဝင်နိုင်ရန် ကိုယ်တော်စား ဓမ္မကာယဟူ၍ နိကာယ်ငါးရပ် ပိဋကသုံးပုံ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် တည်းဟူသော နိဗ္ဗာန်လမ်းညွှန်တရားတော်တို့ကို ထားတော်မူခဲ့သတည်း။ ထို တရားတော်တို့ကို တပည့်သာဝက အဆက်ဆက်တို့ လိုက်နာကျင့်ဆောင် ဟောညွှန်တော်မူကြသဖြင့် သာသနာတော်ရောင် အလွန် ထွန်းပြောင်တောက်ပသော အဖြစ်သို့ ရောက်၏။

ထိုသို့ သာသနာတော်ရောင် ထွန်းပြောင် တောက်ပသောကြောင့် မိစ္ဆာဒိဋ္ဌိ အယူဝါဒ အားလုံးတို့သည် ညဉ့်အခါဝယ် မိမိတို့ အာနုဘော်အလျောက် ထွန်းပြောင်တောက်ပသော ကြယ်လ နက္ခတ် တာရာတို့သည် ရောင်ခြည်တထောင် ဆောင်သော နေမင်းကြီး ထွက်ပေါ်၍လာသော အခါဝယ် ညှိုးမှိန် ကွယ်ပျောက်၍ သွားကုန်သကဲ့သို့ ညှိုးမှိန် ကွယ်ပျောက်၍ သွားကြလေကုန်၏။

**ဖြစ်ပြန် ပျက်ပြန် လောကခံ**

ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူ၍ ကာလရှည်ညောင်း နှစ်ပေါင်းငါးရာကျော် ကာလလောက်ကစ၍ ဗုဒ္ဓသာသနာ တော်၌ ရဟန်းသံဃာတို့ အယူအဆ ဝါဒကွဲပြား အငြင်း အခုံ ပွါးများ၍ တုန်လှုပ်ချောက်ချား ဂိုဏ်းဂဏအများ ကွဲပြားကြလေ၏။

ထိုခေတ်တွင် မြဟာ္ဓကိုးကွယ်သော ဝါဒ ထွန်းကား လာ၏။ ထိုဝါဒသမားတို့သည် ဇာဿရ နိမ္မာန အလုံးစုံ ကမ္ဘာ လောကနှင့် သတ္တဝါဟူသမျှတို့သည် အမြဲတည်ရှိနေ သော အနန္တတန်ခိုးတော်နှင့် ပြည့်စုံ၍ လောက အလုံးစုံကို အစိုးရသည့် ထာဝရဘုရား ဖန်ဆင်း၍ ဖြစ်ကြရသည်။ ထို ထာဝရဘုရားသာလျှင် သတ္တဝါတို့၏ ကောင်းကျိုး ဆိုးပြစ်ကို ပြုပြင် ဖန်တီးသည်ဟု မိမိတို့ဝါဒ ကြီးထွား ခိုင်မာစေရန် ရှေးဖြစ်ဟောင်း ပုရာဏ်ကျမ်းဟူ၍ ထာဝရဘုရားကို အရင်း ပဓာနပြုလျက် ကျမ်းကြီးတို့ကို စီရင် ရေးသားကြကုန်၏။ ရှေးမဇ္ဈိမဒေသ ယခုအိန္ဒိယပြည်၌ ပုရာဏ်ကျမ်းကြီး တဆယ့် ရှစ်ကျမ်းနှင့် ကျမ်းငယ်အများ ပေါ်ပေါက်လာ၏။

ထိုပုရာဏ်ကျမ်းကြီး တဆယ့်ရှစ်ကျမ်းတို့တွင် ငါတို့ ဗုဒ္ဓ ဂေါတမကို ထာဝရဘုရား၏ အစိတ်အပိုင်း ကိုယ်စားလည် တော်အဖြစ် ထား၍ စီရင်ရေးသားအပ်သော ဂေါတမ ပုရာဏ်ကျမ်းဟု ထင်ရှားရှိ၏။

၎င်းတို့အယူဝါဒကို ဇာဿရ နိမ္မာနဝါဒဟု ခေါ်၏။

ထိုဝါဒယုံကြည်သူ ဟိန္ဒူလူမျိုးတို့ကား ၎င်းတို့ ထာဝရ ဘုရားကို ဇာဆွာရ်ဟု ခေါ်၏။ ၎င်းဇာဆွာရ်၏လက်အောက်

သတ္တဝါတို့ ကောင်းကျိုး ဆိုးပြစ်ကို ပြုတတ်သော ကိုးကွယ် စရာ ဘုရား များစွာရှိ၏။ ၎င်းတို့ကား ရှိဗာ ( ဗိဿနိုး နတ်ကြီး) မဟာဒိ (မဟာဒေဝ နတ်ကြီး) စန္ဒီ (တရုပ်တို့ ကိုးကွယ်သော ကျစ်ဆန်နီ နတ်ကြီး ) ပရမီဿွာ ( လက် ခြောက်ဘက်နတ်ကြီး) မဟာပိန္နဲ(မြဟ္မာ့ကိုယ်နှင့်ဆင်ခေါင်း နတ်ကြီး) ဂဒဲ ဝေါတမန္တ စသည်ဖြင့် များစွာရှိ၏။ ပရာပတိ, သူရဿတီ, သိရီ, ကာလကဏ္ဏီ စသော နတ်သမီးများနှင့် လူတို့ကိုယ်ကို စောင့်တတ်သော ကိုယ်စောင့်နတ် တကျိပ် နှစ်ပါး (ဖူးစာရေး သတ္တဘာဂ) စသည် များစွာ ရှိ၏။ ၎င်းနတ်များကား ငါတို့နိုင်ငံသို့ ပုဏ္ဏားလူမျိုးတို့ ယူဆောင် လာရာ များစွာပုံ့နှံ့လျက် ငါတို့ ဘာသာရေးတွင် ရောယှက် လျက်ရှိနေ၏။ ။သတိပြုစရာပင်တည်း။

## မြဟ္မာကိုးကွယ်ခြင်း ဝါဒကွဲများ

**ခရစ်ယန်**

ဟိန္ဒူလူမျိုးတို့ မြဟ္မာ ထာဝရ ဘုရားကို ဇူဆွာရ် ဟူ၍ ကျမ်းကြီး ကျမ်းငယ်တို့ဖြင့် ယုံကြည် ကိုးကွယ် သကဲ့သို့ပင် အာရေဗျ ကျွန်းဆွယ် ပါလက်စတိုင်ဒေသ၌ ဂေါ့ ဟူသော အမည်ဖြင့် ကိုးကွယ်ယုံကြည်ကြ၏။ ၎င်းတို့တွင်လည်း ဂေါ့၏ အတ္တုပ္ပတ္တိကို ဖော်ပြသော သမ္မာ ကျမ်းစာများ စီရင်၍ ထားကြကုန်၏။ ၎င်း ဂေါ့ကို ယုံကြည်သူတို့တွင် ဓမ္မဟောင်း ဟီးဘရူးဝါဒ, ဓမ္မသစ် ခရစ်ယန်ဝါဒဟု နှစ်ဂိုဏ်းကွဲ၏။

၎င်းတို့ကွဲပုံကား–ပါလက်စတိုင် ဂျေရုဆလင်မြို့၌ ခရိုက် အမည်ရှိသောသူသည် မိမိကို ထာဝရဘုရား ဂေါ့က ကိုယ် စားအဖြစ် စေလွှတ်လိုက်သည်ပြော၏။ အချို့သူတို့ ယုံကြည်

ကုန်၏၊ အချို့သူတို့က မယုံကြည်ကြကုန်။ ထိုတွင် မယုံသူတို့ဘက်တွင် မင်းလည်း ပါသဖြင့် လက်ဝါးကပ်တိုင် တင်၍ သတ်လေ၏။ ထိုတွင်မှ ဂေါ့ကိုသာယုံ၍ တမန်တော်ကို မယုံသော ဟီးဘရူးဓမ္မဟောင်းဂိုဏ်း ဖြစ်လာ၏။

ခရိုက်ကို တမန်တော်ဟု ယုံကြည်သူတို့သည်လည်း သမ္မာကျမ်းစာ အသစ် ဓမ္မသစ် စသော ကျမ်းစာများ စီရင်၍ လက်ဝါးကပ်တိုင်ကို ကိုးကွယ်သော ခရစ်ယန်ဂိုဏ်း ဖြစ်လာ၏။

၎င်းတို့ တမန်တော် အထိမ်းအမှတ်ပြု၍ ပင်လျှင် ငါတို့နိုင်ငံသို့ အင်္ဂလိပ်တို့ ယူဆောင်လာသော ခရစ်သက္ကရာဇ်ဟု ယခုတိုင်အောင် ထင်ရှား၏။

**မူစလင် ဘာသာ**

ခရိုက်ပေါ်ပြီးနောက် နှစ်ပေါင်းသုံးရာခန့် လောက်တွင် မူစလင်ဘာသာ ပေါ်၏။ ၎င်းဘာသာသည်လည်း မြဟ္မာထာဝရဘုရား ကိုးကွယ်ခြင်းမှစ၍ ဖြစ်ပေါ်လာ၏။ ၎င်းတို့ကား ထာဝရဘုရားကို ခိုဒါဟု ခေါ်၏။ ၎င်းဝါဒသည်လည်း အာရေဗျကျွန်းဆွယ် ၌ပင် ပေါ်၏။ ၎င်းဘာသာသည် မဟာမက်အမည်ရှိသူက ငါ ခိုဒါ၏ တမန်တော်ဟု ပြောသဖြင့် ယုံကြည်သော မင်းကို အမှီရသောကြောင့် မင်းအာဏာကို အမှီပြုလျက် အတင်းအကြပ် စစ်တိုက်ပြီး သာသနာပြု၍ သာသနာ ပြန့်ပွါးစေ၏။ ၎င်း ဘာသာကို မဟာမက် တည်ထောင်၍ မဟာမက်ဘာသာ ဟူ၍၎င်း, မူစလင်ဘာသာဟူ၍၎င်း ခေါ်ကြ၏။

ဤသည်တို့ကား ရှေးဦးအစ အထက် အာဘာဿရာ ဘုံမှ စုတေ့၍ အောက် မဟာမြေပြင်ဘုံ၌ ရှေးဦးစွာ ဖြစ်သော မြေပြင်ကြီးတခု၏ အထင်မှား အမြင်မှားမှ စတင်ပေါ် ပေါက်ကြီးထွားလာကြသော ထေ၀ရဘုရား ကိုးကွယ်သော ဘာသာများတည်း။

**ယခုကာလ ထင်ရှားသော ဘာသာကြီးလေးမျိုး**

ယခု ကာလ ကမ္ဘာ့ဒေသ အရပ်ရပ်၌ အများအပြား ကိုးကွယ်ယုံကြည်လျက်နေသော ဘာသာကြီးများကား— (၁) ဗုဒ္ဓဘာသာ၊ (၂) ဟိန္ဒူဘာသာ၊ (၃) ခရစ်ယာန်ဘာသာ၊ (၄) မူစလင်ဘာသာ ဟူ၍ လေးမျိုးသည် ကြီးကျယ် ထင်ရှား၏။

## ယုံကြည်ကြပုံများ

**ဗုဒ္ဓဘာသာတို့ ယုံကြည်ကြပုံ**

ဗုဒ္ဓဘာသာတို့ကား သတ္တ၀ါဟူသမျှ ဘ၀သံသရာ ရှည် မြင့်စွာက ယခုကျအောင် ပဋိသန္ဓေ, အို, နာ, သေလျက် အဆက်မပြတ် စက်ရဟတ်ပမာ လှည့်လည် ဖြစ်ပျက် တတ် သော သံသရာ၀ဋ်ဆင်းရဲကိုမြင်၍ အလွန်လျှင် ကြောက်ရွံ့ ထိတ်လန့်ငြီးငွေ့ကာ သံသရာ၀ဋ်မှ လွတ်မြောက်လို၏။ သို့ပင် ဖြစ်စေကာ ဘယ်သော အခါ၌ ဘယ်သို့သော ကျင့်စဉ် လမ်းကြောင်းဖြင့် လွတ်မြောက်နိုင်ကောင်းရာ၏ ဟု အဆုံး မမြင်နိုင်ရကား အလွန်လျှင် နောင်လာမည့်ဘေး တွေး တောဆင်ခြင် ကြောက်လန့်ပါသော်လည်း မိမိ အလိုလို သံသရာမှ လွတ်မြောက်ရာ ဆင်းရဲဒုက္ခအပေါင်း၏ ကုန်ဆုံး ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်စေနိုင်သော ကျင့်စဉ် လမ်းမှန်

ကို သိမြင်နိုင်ခြင်းငှါ မတတ်နိုင်ကောင်း ရကား လောက၌ ဖြစ်ခဲပေါ်ခဲ ဖြစ်ထွန်းပေါ်ပေါက်လာသော ပုဂ္ဂလဝိသေသ ဗုဒ္ဓသာလျှင် ဟုတ်မှန်တိုင်းသိမြင် ညွှန်ပြနိုင်၍ ထိုလမ်းစဉ်ဖြင့် နိဗ္ဗာန်ဝင်နိုင်သည်ဟု ဗုဒ္ဓကို ယုံကြည်ကိုးစားကာ ဗုဒ္ဓ၏ လမ်းမှန်တရားကို ယုံကြည် လိုက်နာ ကျင့်ဆောင် ရမည်ဟု ယုံကြည်၏။

**ဟိန္ဒူဘာသာဝင်တို့ ယုံကြည်ပုံ**

ဟိန္ဒူတို့ ယုံကြည်ပုံကား ကောင်းကင်ဘုံနန်း၌ အမြဲရှိနေသော ဗြဟ္မာရဲ ဟူသော အနန္တတန်ခိုးရှင် အလွန် ကြီးမြတ်သော အတ္တဝိညာဏ်တော်ရှိ၏။ ကမ္ဘာလောက ရေမြေ တောတောင်နှင့် သတ္တဝါတို့သည် သူဖန်ဆင်း၍ ဖြစ်ပေါ်လာ၏။ သူကား အမြဲပြုပြင် စောင့်ရှောက်တတ်သော ဘခင် ကြီးတည်း။သတ္တဝါတို့ကို ဖန်ဆင်းပုံမှာ သူ၏ အတ္တ ဝိညာဏ် တော်မှ အစိတ်အပိုင်း အတ္တဝိညာဏ်ကို ခွဲထုတ်၍ လူ စသည်တို့ကို ဖြစ်စေ၏။ သတ္တဝါ ရုပ်က သေသော်လည်း အတ္တ ဝိညာဏ်တော်ကား မသေ၊ တဘဝမှ တဘဝသို့ ကူးပြောင်း၍ အဆက်မပြတ်ဖြစ်၏။ ထိုသို့ ဖြစ်ရခြင်းကား ဆင်းရဲ၏။ ထို့ကြောင့် ထိုဒုက္ခမှ လွတ်မြောက်ရန် ဗြဟ္မာရဲ ကိုသာ ယုံကြည်မြတ်နိုး ကိုးကွယ်ပူဇော်လျက် အဆုံးအမကို လိုက်နာကျင့်ဆောင်ခြင်းဖြင့် ထို အတ္တဝိညာဏ်သည်အဆုံး၌ ဗြဟ္မာရဲ၏ အတ္တ ဝိညာဏ်တွင် ပြန်၍ သက်ဝင်ပေါင်းဆုံ၏။ ထိုအခါ ဆင်းရဲ ဒုက္ခ ခပ်သိမ်း ကင်းငြိမ်းခြင်းသို့ ရောက်၏ ဟူ၍ ယုံကြည်စွာဖြင့် ဗြဟ္မာရဲကို ယုံကြည် မြတ်နိုး ကိုးကွယ် ပူဇော်ကြရသော ဘာသာဝါဒတည်း။

**ခရစ်ယန်တို့ ယုံကြည်ပုံ**

ခရစ်ယန်တို့ကား ကောင်းကင်ဘုံနန်း၌ အလုံးစုံတို့ကို ဖန်ဆင်းသော အမြဲတည်နေသည့် ဂေါ့ရှိ၏။ သူကား ငါတို့ကို ဖန်ဆင်း၏၊ သနားကြင်နာ၏၊ ငါတို့၏ အလိုဆန္ဒ တောင့်တသမျှကို သူပေး၏ဟု ယုံကြည်ရ၏၊ ထို့ကြောင့် ရကောင်းရာရာ ရသမျှကို ဂေါ့ပေးသည်ဟု ယုံကြည်ရ၏၊ ဂေါ့ကို အားကိုးရမည်၊ ကျေးဇူးတင်ရမည်၊ မြတ်နိုးရမည်၊ အမြဲမပြတ် အမှတ်ရ တမ်းတရမည်၊ ဂေါ့နှင့် အမြဲမပြတ် ဆက်သွယ်၍ လိုသမျှ တောင့်တရာကို ပန်ကြားရမည်၊ ဂေါ့၏ ပညတ်တော်ကို လိုက်နာရမည်။ အကယ်၍ အပြစ် တစုံ တခု ကျူးလွန်မိလျှင် အပြစ်ဒဏ် လွတ်အောင် ဂေါ့ထံ ပန်ကြား အသနားခံရမည်၊ ဂေါ့က ထိုအပြစ်ကို ယူ၍ မိမိကိုယ်စား အပြစ်ဒဏ်ကို ခံပေးသဖြင့် မိမိအပြစ်ဒဏ်မှ ကင်းလွတ် ပပျောက်သည်ဟု ယုံကြည်ကြရမည်။ ငါတို့ မလွဲမသွေ သေကြရမည်၊ အတ္တ ဝိညာဏ်ကား သေပျက်ခြင်းမရှိ မိမိ မသာလောင်း မြှုပ်နှံထားရာ လက်ဝါးကပ်တိုင်ရှိရာတွင် ကောင်းကင်ဘုံနန်းမှ ဂေါ့ကြွလာ၍ အတ္တဝိညာဏ်ကို သိမ်းတော်မူမည်ကို စောင့်စား၍ နေရ၏၊ ဂေါ့-က သိမ်းတော်မူ၍ ကောင်းကင်ဘုံနန်းသို့ ရောက်လျှင် ဆင်းရဲမရှိ ချမ်းသာဖြင့် သာ တည်မြဲ၏ဟု ယုံကြည်ကြ၏။

**မူစလင်တို့ ယုံကြည်ပုံ**

မူစလင်တို့လည်း ခရစ်ယန်တို့ကဲ့သို့ပင် ကောင်းကင်ဘုံနန်းရောက်ခြင်း အဆုံးရှိ၏။ ထို့ကြောင့် ၎င်းတို့နှစ်မျိုးလုံးမှာ သင်းချိုင်း သုသာန်တွင် စောင့်နေရပြီး အတ္တဝိညာဏ်ချမ်းသာမွေ့လျော်အောင် အမြဲမပြတ် ပူပြင်စောင့်ရှောက်ကြရ၏။

## ဗုဒ္ဓညွှန်ကြား နိဗ္ဗာန်ဝင်ရန် ကျင့်စဉ်လမ်းမှန်တရား

အထက်က ကိုးကွယ်ယုံကြည်ခြင်း ဘာသာဝါဒဖြစ်ပေါ်ပုံနှင့် ကိုးကွယ်ယုံကြည်ခြင်း အမျိုးမျိုးတို့ကို ပြဆိုခဲ့ပြီးဖြစ်၍ မိမိတို့ ကိုးကွယ်ယုံကြည်သော ဘာသာဝါဒ၏ ထူးခြားမြင့်မြတ်သောဂုဏ်, ထိုသို့သောဂုဏ်ထူးနှင့်ပြည့်စုံသော ဘာသာဝါဒကို လက်ခံယုံကြည်လိုက်နာကျင့်ဆောင်ခြင်း၄ါအခါကောင်းနှင့် အခွင့်ကောင်းကြုံကြိုက်သောမိမိတို့အဖြစ်ကို နှစ်သက်ဝမ်းမြောက် အားတက်ဖွယ်ရာ သိသာလောက်ပေပြီ။

ယခုအခါ လိုက်နာကျင့်ဆောင်ဖွယ်ကို ပြဆိုပေအံ့—

**ဝန်ချကန်တော့ခြင်း**

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနော-ကံတည်းဟူသော ဤကံသုံးပါးတို့တွင် တပါးပါးသောကံဖြင့် ပြစ်မှားမိသည်ရှိသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုး၄ါ ပဌမ ဒုတိယ တတိယ တကြိမ် နှစ်ကြိမ်သုံးကြိမ်မြောက်အောင် ဘုရားရတနာ တရားရတနာ သံဃာရတနာ ဤရတနာမြတ်သုံးပါးတို့အား ဘုရားတပည့်တော်ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ကန်တော့ပါ၏ အရှင်ဘုရား။

**သိမှတ်ရန်**

ဤသည့်ဝန်ချကန်တော့ပုံကား ရှေးကမရှိ၊သာသနာတော်အလွန်နောက်ပိုင်းကျမှ ပေါ်လာသောနည်းတည်း။ သာသနာတော် ရှေးအထက်ကာလကမူကား ရတနာသုံးပါးကိုဖြစ်စေ, အမိ အဘ ဆရာနှင့် အခြားမပြစ်မှားထိုက်သူ တစုံ

တဦးကိုဖြစ်စေ ပြစ်မှားမိသောအခါ၌သာလျှင် အပြစ်ကို ဖော်ပြ၍ ကန့်တော့ကြ၏။

ဤသြကာသ ပေါ်လာပြီးနောက် ယခုတိုင်အောင်သော ဗုဒ္ဓဘာသာဝင်တို့ကား အခါခပ်သိမ်း ပင်လျှင် ဝန်ချ ကန်တော့ကြ၏။ သင့်မသင့် စဉ်းစားစရာပင်။ အခါခပ်သိမ်း ပြစ်မှားမိသလို သဘောရောက်နေ၏။ သို့ဖြစ်၍ ဤသြကာသ ကို အရာတိုင်း၌ မသုံးသင့်၊ ပြစ်မှားမိ၍ အပြစ်ရှိသောအခါ အပြစ်ရှိသည်ဟု ယုံမှားသံသယရှိသော အခါမျိုး၌သာ အသုံး ပြုသင့်၏။

ကုသိုလ်အစုစု ပြုပြီးသောအဆုံး၌ ရေစက်ချ၍ ဆုတောင်း အမျှဝေခြင်း အစဉ်အလာကောင်း ထင်ရှားရှိနေသည်ဖြစ်၍ ဆုတောင်းရန် မလိုအပ်ပေ။ ပြုသင့်သည်မှာ မိမိပြစ်မှားမိ သူအား အပြစ်ကို ဝန်ချကန်တော့သောအခါ ကန်တော့ခံရ သောသူက သင်သည် မိမိလွန်ကျူးမိသည်ကို အပြစ်ရှိသည် ဟု သိမြင်၍ ဝန်ချကန်တော့ခြင်းသည်ကား နောင်အခါ စောင့်စည်းခြင်း၄ါ သူတော်ကောင်းတို့၏ ထုံးဟောင်း ကောင်းပါ၏၊ ငါတို့ကျေနပ်သည်းခံပါ၏။ နောက်ကိုလည်း ဤကဲ့သို့ မဖြစ်ရအောင် စောင့်စည်းပါလေ-ဟု ဆိုရမည်။ ထိုအခါ ကန်တော့သူက ကောင်းပါပြီ-ဟု ပဋိညာဏ်ခံရ မည်။

ဤကား သာသနာတော်၌ ပြုသင့်သော ပြုရိုး အစဉ် အလာတည်း။

**ဆုတောင်းကိုပယ်**

ဤ"သြကာသ(လ) ကန်တော့ပါ၏" ဟူသော ကန်တော့ခြင်းနှင့် တဆက်တည်း အများနှုတ်တက်လျက် ရှိသော ဆုတောင်းကို တောင်းခွင့် မသင့်သော အခါ၌ တောင်းနေရသောကြောင့်၎င်း, အပြစ်အနာ များလှ၍ ကြောက်စရာကောင်းသောကြောင့်၎င်း လုံးဝပယ်ရမည်။

**စဉ်းစားဝေဘန်ရန်**

သရဏဂုံ ခံယူဆောက်တည်၍ ဉပါသကာ, ဉပါသိကာ ဖြစ်ပြီးသောသူသည် ရတနာသုံးပါးတည်းဟူသောအားကိုးမှီခိုရာကို ရရှိထားသူဖြစ်၏။ ရတနာသုံးပါး၏ နိဗ္ဗာန်ရောက်အောင် ပို့ဆောင်တတ်သော ဂုဏ်တော်ကို ယုံကြည်ရမည်၊ ယုံမှားမဖြစ်သင့်၊ နိဗ္ဗာန်ကိုသာ ရှေးရှုတောင့်တ ညွှတ်ကိုင်းလျက် နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်လမ်းကြောင်းကို မသွေမဖီ ဖြောင့်ဖြောင့် တန်းတန်း လိုက်နာ ကျင့်ဆောင်ရမည်၊ ဒုက္ခလမ်းကို မငဲ့မကွက် ကျောခိုင်း စွန့်ပယ်ရမည်။

ထိုဆုတောင်းကား ဘဝဆက်ကာ အခါခပ်သိမ်း ဟူ၍ အပိုင်းအခြားမရှိသော ဘဝသံသရာ၌ ပဋိသန္ဓေ, အို, နာ, သေရ ဒုက္ခလမ်းစဉ်အတိုင်း နစ်မျောပင်ပန်း ဆင်းရဲတွေ့ကြုံခံစားပြီး အဆုံးစွန်မှ နိဗ္ဗာန်ရလို၏။ ဤသို့ ဆုတောင်းခြင်းဖြင့် ယခု မျက်မှောက် တွေ့ကြုံသော သာသနာနှင့် ရတနာသုံးပါးကို၎င်း, နိဗ္ဗာန်ရောက်အောင် ပို့ဆောင်တတ်သောဂုဏ်တော်ကို၎င်း, နိဗ္ဗာန်ဆိုက်ဝင် ကျင့်လမ်းစဉ်ကို၎င်း ယုံကြည်ခြင်းကင်းလျက် အလုံးစုံကို စွန့်ပယ်ကျောခိုင်းကာ

ဖြောင့်ဖြောင့်ဆန့်ဆန့်ကျင်သော ဒုက္ခလမ်းသို့သာ ရှေးရှုပြေးသွားခြင်း ဖြစ်လေ၏။ ထို့ကြောင့် ထိုဆုတောင်း ကြောက်လန့်စရာ အပြစ်အနာကို ကောင်းစွာ၀ေဘန်၍ ပယ်ရန်သင့်သည်သာတည်း။

**သရဏဂုံနှင့် သီလတောင်းခြင်း**

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ....တတိယမ္ပိ ထည့်၍ သုံးကြိမ်တောင်းခံရမည်။

**ရှင်းပါဠ်လျှောက် အနက်ကား**

ဘန္တေ-အရှင်မြတ်ဘုရား။ အဟံ-တပည့်တော်သည်။ တိသရဏေန-ရတနာ သုံးပါးတို့အား ယုံကြည်ကိုးစားခြင်း သရဏဂုံ သုံးပါးနှင့်။ သဟ-တကွ။ ပဉ္စသီလံ-အင်္ဂါငါးပါး ရှိသော သီလတည်းဟူသော။ ဓမ္မံ-ကျင့်၀တ်သိက္ခာပုဒ်တော်မြတ်ကို။ ယာစာမိ-တောင်းခံပါ၏။ ဘန္တေ-အရှင်မြတ်ဘုရား။ တွံ-အရှင်ဘုရားသည်။ မေ-တပည့်တော်အား။ အနုဂ္ဂဟံ-သနားချီးမြှောက်တော်မူခြင်းကို။ ကတွာ-ပြုတော်မူ၍။ သီလံ-သရဏဂုံ သီလကို။ ဒေထ-ပေးသနားတော်မူကြပါကုန်ဘုရား။

ဒုတိယမ္ပိ-နှစ်ကြိမ်မြောက်လည်း။

တတိယမ္ပိ-သုံးကြိမ်မြောက်လည်း ဟု အထက်ကအတိုင်း သုံးကြိမ်တိုင်အောင် ဆိုရမည်။

**သိမှတ်စရာ**

သရဏဂုံ သီလကား သာသနာတော်၏ ရှေးဦးအစဖြစ်၍ နိဗ္ဗာန်ဝင်လမ်း ဖြောင့်တန်းသော ကျင့်စဉ်တည်း။ သို့ဖြစ်၍ နိဗ္ဗာန်သို့ ရှေးရှုညွတ်ကိုင်းသော စိတ်ဖြင့် ထိုကျင့်စဉ်ကို ခံယူဆောက်တည် ကျင့်သုံးလိုသောသူသည် မြင့်မြတ်သော တရားတော်ကို ရိုသေလေးစားသောအားဖြင့်ငင်း, ဗုဒ္ဓသာ-ဝက ဘုရားတပည့်သားတော်ထံ၌ ပဋိညာဏ်ဝန်ခံ၍ ဥပါ-သကာ အဖြစ် ကပ်ရောက်ရန် လိုအပ်သောကြောင့်ငင်း အထက်ပါအတိုင်း တောင်းခံရ၏။

အကယ်၍ ရဟန်းသံဃာတော်ထံ၌ ဆည်းကပ်တောင်းခံရန် အခွင့်မသာရှိခဲ့သော် စေတီ ရုပ်ပွါးတော်ရှေ့တွင် ဦးညွှတ် ရှိခိုး၍ဖြစ်စေ, သို့မဟုတ် မိမိအိမ်တွင်ပင်ဖြစ်စေကာ ရတနာသုံးပါးတို့အား ဦးညွှတ်ရှိခိုး၍ မတောင်းခံပဲ မိမိ သဘောအတိုင်း"နမော တဿ"မှ စ၍ ဘုရားကိုရှိခိုးပြီးလျှင် ခံယူဆောက်တည်ရ၏။

**ဘုရားရှိခိုး**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**ငင်းအနက်ကား**——အရဟတော-လူ နတ် ဗြဟ္မာ သတ္တဝါ အများတို့၏ အထူးထူး အပြားပြားသော ပူဇော်သကာတို့ကို ခံတော်မူခြင်းငှါ ထိုက်တော်မူပေထသော။ သမ္မာသမ္ဗုဒ္ဓဿ-သိသင့်သိထိုက်သော တရားအားလုံးကို ကောင်းမွန်မှန်ကန်စွာ ဆရာမရှိ ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူတတ်သော။ တဿ ဘဂဝတော-ထိုမနှိုင်းယှဉ်အပ် ထူးမြတ်ကြီး

ကျယ်သော ဘုန်းတော်သခင် ဘုရားရှင်အား။ နမော-ရိုသေ ညွတ်လျှိုး လက်စုံမိုး၍ ရှိခိုးပါ၏။

**သိမှတ်စရာ**

ဤနေရာ၌ သရဏဂုံ သီလကို တောင်းခံပါလျက် တောင်း ခံသည့်အတိုင်း မပေးသေးပဲ (ယမဟံ ဝဒါမိ တံ ဝဒေထ) ယံ-အကြင်ဘုရားအား ရှိခိုးခြင်း အစရှိသော စကားအစဉ် ကို။ အဟံ-ငါဆရာသည်။ ဝဒါမိ-ဆို၏။ တံ-ထိုဆိုသော အတိုင်းကို။ တုမှေ-သင်တို့သည်။ ဝဒေထ-လိုက်၍ ဆိုကြကုန် လော့-ဟူ၍ ဆရာရဟန်းက ဆို၏။ ထိုအခါ(အာမ ဘန္တေ) ကောင်းပါပြီ အရှင်ဘုရားဟု ဒါယကာ ဒါယိကာမအပေါင်း တို့က ပဋိညာဏ်ပြုကြရ၏။ ပြုအပ်သော ပဋိညာဏ်အတိုင်း ခိုင်မြဲအောင် တိုင်ပေးသော ဘုရားရှိခိုးကို သုံးကြိမ်တိုင်တိုင် ဆို၍ ရှိခိုးပြီးမှ သရဏဂုံ သုံးပါးကို သုံးကြိမ်တိုင်အောင် တိုင်ပေးသည်ကို လိုက်ဆိုကာ ခံယူဆောက်တည်ရ၏။ ထို့နောက် (သရဏဂမနံ ပရိပုဏ္ဏံ) သရဏဂမနံ-သရဏဂုံ သုံးပါးကို ခံယူဆောက်တည်ခြင်းသည်။ ပရိပုဏ္ဏံ-ပြည့်စုံပြီဟု သရဏဂုံ ပေးသော ဆရာရဟန်းက ဥပါသကာ အဖြစ် အသိအမှတ်ပြုကာ ဆိုသောအခါ (အာမ ဘန္တေ) ကောင်း ပါပြီ အရှင်ဘုရားဟူ၍ ဥပါသကာ အဖြစ် ပဋိညာဏ်ပြုရ၏။

ဤသို့ သရဏဂုံ သီလကို တောင်းရာတွင် ရှေးဦးစွာ ဘုရားရှင်အား သုံးကြိမ် တိုင်အောင် ရှိခိုးစေခြင်းသည် ရှေးဟောင်း အစဉ်အလာတည်း၊ ၎င်းကိုထောက်၍ ဩကာ- သ ကန်တော့ခန်း ကိုးယိုးကားယား နောက်မှ ထွင်၍ ထား ကြောင်း ကောင်းစွာထင်ရှား၏။

ထိုသို့ ဘုရားရှင်အား ရှိခိုးစေရခြင်းမှာလည်း ဗုဒ္ဓသာသနာဝင် မြင့်မြတ်သော ဥပါသကာဖြစ်လိုသူသည် ရှေးဦးကပင် ဘုရားရှင်၏ ဂုဏ်တော်ကို ယုံကြည်မြတ်နိုး ရှိခိုးနိုင်သူ ဖြစ်မှသာ သင့်လျော်သောကြောင့်တည်း။

**သရဏဂုံ သုံးပါး**

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ, တတိယမ္ပိ ထည့်၍ သုံးကြိမ်တိုင်အောင် ခိုင်မြဲသည်တိုင်အောင် ခံယူဆောက်တည်ရ၏။

**အနက်ကား**—ဘန္တေ- ဆရာသခင် အရှင်မြတ်ဘုရား။ အဟံ- ဘုရားရှင်အား ရှိခိုးပြီး၍ ဥပါသကာ ဖြစ်ရပါလိုသော တပည့်တော်သည်။ဗုဒ္ဓံ-ဒုက္ခခပ်သိမ်း ငြိမ်းရာအမှန်မြတ်နိဗ္ဗာန်နှင့် ကျင့်ရန်လမ်းစဉ် ကိုယ်တော်တိုင်သိမြင်တော်မူပြီး၍ လူ, နတ်, ဗြဟ္မာ အများတို့အားလည်း သိစေတော်မူတတ်သော မြတ်စွာဘုရားကို။ သရဏံ- ယုံကြည်ဆည်းကပ်သော ဥပါ-သကာတို့၏ ဘဝသံသရာတည်းဟူသော ဆင်းရဲကို ပယ်ဖျောက်၍ နိဗ္ဗာန်ရောက်အောင် ပို့ဆောင် ညွှန်ပြပေတတ်သော ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ- ယုံကြည်မြတ်နိုး ကိုးစား မှီဝဲ ဆည်းကပ်ပါ၏။

ဘန္တေ- ဆရာသခင် အရှင်မြတ်ဘုရား။ အဟံ-ဘုရားရှင်အား ရှိခိုးပြီး၍ ဥပါသကာ ဖြစ်ရပါလိုသော တပည့်တော်သည်။ ဓမ္မံ-ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာမှန် မြတ်နိဗ္ဗာန်သို့ ကေန်ထုတ်ချောက် ရောက်အောင်ပို့တတ် ကျင့်ဝတ်တရား

တော်မြတ်ကို။ သရဏံ-ယုံကြည်လိုက်နာ၍ ကျင့်ဆောင်သော ဥပါသကာတို့အား သံသရာဘဝ ဝဋ္ဋဒုက္ခမှ လွတ်ရလေအောင် ထုတ်ကာဆောင်၍ နိဗ္ဗာန်တိုင်အောင် ပို့ဆောင်ပေတတ်သော ကိုးစားရာဟူ၍။ ဂစ္ဆာမိ- ယုံကြည်မြတ်နိုး ကိုးစားမှီခို ဆည်းကပ်ပါ၏။

ဘန္တေ- ဆရာသခင် အရှင်မြတ်ဘုရား။ အဟံ- ဘုရားရှင်အား ရှိခိုးပြီး၍ ဥပါသကာ ဖြစ်ရပါလိုသော တပည့်တော်သည်။ သံဃံ- ဘုရားရှင်၏ ဆုံးမတော်မူချက် ဦးထိပ်ထက်ပန်ဆင်ကာ ကောင်းစွာကျင့်တတ် ပရမတ္ထ အရိယာ သံဃာတော်မြတ်အပေါင်းကို။ သရဏံ-နိဗ္ဗာန်လိုလား ဥပါသကာ, ဥပါသိကာ အများတို့၏ နိဗ္ဗာန်မျိုးကို စိုက်ပျိုးဖွယ်ရာ ကိုးစားရာဟူ၍။ ဂစ္ဆာမိ- ယုံကြည်မြတ်နိုး ကိုးစားမှီခို ဆည်းကပ်ပါ၏။

ဒုတိယမ္ပိ- နှစ်ကြိမ်မြောက်လည်း။ ····

တတိယမ္ပိ- သုံးကြိမ်မြောက်လည်း။ ···· ထည့်၍ သုံးကြိမ်တိုင်အောင် ခံယူဆောက်တည်ရ၏။

**သိမှတ်စရာ**

ဤသို့ ဘုရားရှင်၏ ဂုဏ်တော်မြတ်ကို ယုံမှတ်ရိုကျိုး ရှိခိုးပြီးကာ ရတနာမြတ်သုံးပါးတို့အား ကိုးစားဆည်းကပ်ခြင်း သရဏဂုံကို ခံယူ ဆောက်တည်၍ ဥပါသကာ, ဥပါသိကာ အဖြစ်သို့ ကပ်ရောက်သော သူသည် ကံနှင့် ကံ၏ အကျိုးကို ယုံကြည်သော ကမ္မဿကတာ သမ္မာဒိဋ္ဌိ ရှိသူ ဖြစ်ရမည်။

သတ္တဝါတို့၏ အဖြစ်အပျက် ဘဝဟူသည် လောကကို အစိုးရသော အနန္တတန်ခိုးရှင် ထာဝရဘုရား ဖန်ဆင်း၍

ဖြစ်ပေါ်လာကြသည်ဟု ဆိုသော ဧရ နိမ္မာန ဝါဒကို မယုံကြည်ရ။ အမိအဘနှစ်ဦး ခေတ်ဖို့,ခေတ်မ နှီးနှောပေါင်းဆုံ၍ ဖြစ်ပေါ်လာသော သတ္တဝါ အဖြစ်အပျက်ဘဝကား ခေတ်၏စွမ်းအား သတ္တိကုန်သောအခါ သေ၍ မဖြစ်ခြင်းအဆုံးရှိ၏ဟု ဥစ္ဆေဒ ဝါဒကိုလည်း မယုံကြည်ရ။

စင်စစ်အားဖြင့် သတ္တဝါ အဖြစ်အပျက် ဘဝဟူသည်ကား သတ္တဝါအဖြစ်အပျက် ဘဝ သံသရာ၏ ကြောက်မက်ဖွယ် ထိတ်လန့်စရာ များစွာသော အပြစ်ကို မသိမမြင်နိုင်အောင် မသိမမြင်တတ်သော မောဟတည်းဟူသော အဝိဇ္ဇာနီဝရဏတရားဖြင့် လွှမ်းမိုးဖိစီးလျက်ရှိကုန်သော သတ္တဝါတို့သည် ဘဝသံသရာ ရှည်မြင့်စွာက ဘဝ၌သာ တည်မှီ ဖြစ်ပျက်ကြ၍ ဖြစ်ရာဘဝ၌ မွေ့လျော်ကာ ဘဝကို သာယာ နှစ်သက် ကပ်ငြိခြင်း တောင့်တခြင်း ဘဝတဏှာကြောင့် မိမိတို့ တောင့်တအပ်တိုင်း ရကောင်းရာရာ ရပါစေခြင်းငှါ စေတနာဖြင့် စေ့ဆော်၍ ကောင်းမကောင်း သောင်းပြောင်းအမှု ကုသိုလ်,အကုသိုလ်တို့ကို ပြုကြကုန်၏။

ထိုသို့ ဖြစ်ကြခြင်းကြောင့် ကုသိုလ် စေတနာ ကံသည် ကောင်းသော အလားရှိသော လူ နတ်တို့၏ ဘဝ တည်းဟူသော အကျိုးကို ဖြစ်စေ၏၊ အကုသိုလ် စေတနာကံသည် မကောင်းသော အလားရှိသော ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ် ဘဝ တည်းဟူသော အကျိုးကို ဖြစ်စေ၏၊ ဤသို့သောနည်းဖြင့် အဝိဇ္ဇာနှင့် တဏှာတည်းဟူသော ဘဝ သံသရာ ဝဋ်ဆင်းရဲ၏ အရင်းအမြစ် မူလ တရား နှစ်ပါးကို ပယ်ဖျက် ဖြတ်တောက် ခြင်းငှါ မစွမ်းနိုင်သော သတ္တဝါတို့သည် ဘဝသံသရာ အဆက်မပြတ် ကံနှင့် ကံ၏ အကျိုး

တည်းဟူသော ကြောင်းကျိုးဆက်စပ် စက်ရဟတ်ပမာ လည်၍ဖြစ်သော သံသရာစက် လည်၍ဖြစ်ခြင်း ပဋိစ္စသမုပ္ပါဒ အနုလောမနည်းကို သိမြင်သော ဉာဏ်ရှိသူသည် ကမ္မဿ ကတာ သမ္မာဒိဋ္ဌိ အယူမှန် အမြင်မှန်ရသူမည်၏။

ထိုအမြင်မှန် ရသူတို့သာလျှင် ရှေးက ငါဖြစ်ဘူးလေ သလော, မဖြစ်ဘူးလေသလော ဟုယုံမှားကင်း၍ ရှေးဘဝ ဟူသည် ခန္ဓာ နာမ်ရုပ်တို့၏ အဖြစ်အပျက်သာတည်း၊ ထို အဖြစ်အပျက်လည်း ပဋိသန္ဓေတည်နေရခြင်းဆင်းရဲ,အိုရခြင်း ဆင်းရဲ, နာရခြင်းဆင်းရဲတို့ဖြင့် စိုးရိမ်ရခြင်း, ငိုကြွေးရခြင်း, ကိုယ်ဆင်းရဲရခြင်း,စိတ်ဆင်းရဲရခြင်း, စိတ်နှလုံးပြင်းစွာ ပူပန် ရခြင်းတို့ကို တွေ့ကြုံခံစား၍ သေခြင်းဖြင့်သာ ဘဝ တခု အဆုံးသတ်ခဲ့ရသော ဘဝဇာတ် ဒုက္ခလမ်းစဉ်ကို ဟုတ်တိုင်း မှန်စွာမြင်၏။

၎င်းလမ်းစဉ်ဖြင့် ရှေးကလည်း ခန္ဓာ နာမ် ရုပ် ဒုက္ခ သဘောတရားစုသာ ဖြစ်ခဲ့သည်၊ ယခုဘဝ၌လည်း ဖြစ်ဆဲ နောင်လည်း ဖြစ်ရမည် မလွဲဟု ဘဝသံသရာစက်၏ ဆင်းရဲ ဒုက္ခ ကြီးကျယ်များပြား အလွန်ရှည်လျားသော အစဉ် အဆက်ကို သိမြင်၏။

ထိုသို့ မြင်သောကြောင့် ဘဝသံသရာ၌ နောင် အသစ် ဒုက္ခဆင်းရဲ မလွဲရှောင်သာ ဘဝ ဖြစ်ရမည်ကို အလွန်လျှင် ထိတ်လန့်ကြောက်ရွံ့ စက်ဆုပ်ငြီးငွေ့၍ ဘဝသံသရာ ဝဋ် ဒုက္ခမှ အလျှင်အမြန် လွတ်မြောက်လို၏။ ဘဝဇာတ်သိမ်း ချုပ်ငြိမ်းရာမှန် မြိုက်နိဗ္ဗာန်ကို အလွန်လျှင် တောင့်တ၏။ သို့ဖြစ်စေကာ ထိုအမြိုက်နိဗ္ဗာန်သို့ ဝင်နိုင်ရန် လိုက်နာကျင့် ဆောင်ရမည့် လမ်းမှန်တရားကို မိမိသဘောအတိုင်း အလွန်

လျှင် ခက်ခဲနက်နဲသော နူးညံ့သိမ်မွေ့သော သိနိုင်ခဲ မြင်နိုင်ခဲသော တရားဖြစ်၍ မသိနိုင်ဖြစ်၏။ ထိုတရားကို ဖြည့်ဆည်းပူးပြီးသော ပါရမီရင့် ပွင့်တော်မူသော ပုဂ္ဂလ ဝိသေသ သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်နှင့် ပစ္စေကဗုဒ္ဓ ဘုရားငယ်တို့သာလျှင် ဆရာကင်းလျက် ကိုယ်တော်တိုင် ထိုးထွင်း၍ သိမြင်တော်မူနိုင်ကြ၏၊ ဘုရားရှင်တို့မှ တပါးကုန်သော သူတို့မူကား သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်ကိုရင်း, တရားတော်ကိုရင်း, သံဃာတော်ကိုရင်း ယုံကြည်မြတ်နိုး ကိုးစားမှီခိုဆည်းကပ်လျက် တပည့်ခံကာ ဥပါသကာ, ဥပါသိကာ အဖြစ် သရဏဂုံသုံးပါးကို ခံယူဆောက်တည်ပြီးမှသာ ဘဝဇာတ်သိမ်းချုပ်ငြိမ်းရာမှန် မြိုက်နိဗ္ဗာန်ကို ရည်သန်တောင့်တ ကျင့်ဆောင်ရ၏၊ ထို့ကြောင့် ရှေးဦးစွာက သရဏဂုံကို ခံယူဆောက်တည်ကြရ၏။

အထက်က ပြဆိုခဲ့ပြီးသည့်အတိုင်း ဘုရားရှင်၏ဂုဏ်တော်ကို ယုံမှတ်ရိုကျိုး ရှိခိုးပြီး၍ သရဏဂုံခံယူဆောက်တည်ကာ ဥပါသကာ, ဥပါသိကာအဖြစ်သို့ ပဋိညာဏ်ဝန်ခံ ကပ်ရောက်ပြီးသောသူသည် အောက်ပါ ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံရမည်။

၁။ ဘဝသံသရာ၏ ကြီးမားမြားမြောင် ရှည်လျားသောဆင်းရဲ အစဉ်အဆက် အဖြစ်အပျက်ဟု သိမြင် ကြောက်ရွံ့ထိတ်လန့်စက်ဆုပ် ငြီးငွေ့လျက် ထွက်မြောက်ရာ နိဗ္ဗာန်သို့ အလျင်အမြန် ရောက်လိုသူဖြစ်ရမည်။

၂။ ဘဝဆက်ကာ အခါခပ်သိမ်း အရေအတွက် အပိုင်းအခြားမရှိသော ကာလပတ်လုံး အပါယ်လေးပါး အစရှိသော ဆင်းရဲကင်းလွတ်ငြိမ်းသော ဘဝစည်းစိမ် ခံစားပြီးအဆုံးစွန်ကျမှ နိဗ္ဗာန်ရလို၍ ယခု လက်ငင်း တွေ့ကြုံသော

သာသနာကို ပစ်ပယ်ကျော်ခိုင်းကာ ဘဝ တည်းဟူသော ဒုက္ခလမ်းသို့ ရှေးရှုပြေးသွားသူ မဖြစ်ရ။

၃။ ဗုဒ္ဓ၏ ဘဝသံသရာ ဘွက်နွံတွင်း၌ နစ်မွန်းလျက် ပင်ပန်းဆင်းရဲကာ ရှည်မြင့်ကြာအောင် ကယ်သူရှားသော သတ္တဝါအများကို သိမြင်၍ အလွန်လျှင် သနားခြင်း မဟာကရုဏာတော် ဖြစ်ပေါ်၍ ကယ်တင်လိုသော ဆန္ဒတော် ပြင်းထန်သဖြင့် မိမိလက်ငင်းရနိုင်သော နိဗ္ဗာန်ချမ်းသာကို စွန့်တော်မူကာ ဘုရားဆုကို ပန်ဆင်တော်မူခြင်း, ပါရမီတော်တို့ကို ဖြည့်ဆည်းပူးတော်မူခြင်းတို့ကြောင့် သတ္တဝါတို့ကို ဘဝသံသရာ ဘွက်နွံတွင်းမှ ထုတ်ဆောင် ကယ်တင်တော်မူခြင်းငှါ ပွင့်တော်မူလာသော ဖြစ်နိုင်ခဲစွာ အံ့ဩချီးကျူး၍ မကုန်နိုင်သော ဂုဏ်တော်အပေါင်းတို့ဖြင့် တင့်တယ်တော်မူသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဟူ၍ ယုံကြည်ရမည်။

၄။ ထိုဗုဒ္ဓ၏ သံသရာဘွက်နွံတွင်း၌ နစ်မွန်းလျက်ရှိနေကြသော သတ္တဝါတို့ကို နိဗ္ဗာန်လမ်းညွှန်ကြား၍ နိဗ္ဗာန်ရောက်အောင် ထုတ်ဆောင်ကယ်တင်တော်မူခြင်းငှါ စွမ်းနိုင်သော စွမ်းအားကို ယုံကြည်ရမည်။

၅။ ထိုဗုဒ္ဓ၏ လမ်းညွှန် တရားသည် ယုံကြည်လိုက်နာကျင့်ဆောင်သူတို့အား နိဗ္ဗာန်ရောက်အောင် ပို့ဆောင်တတ်သော သတ္တိရှိသည်ဟု ယုံကြည်ရမည်။

၆။ ဗုဒ္ဓ၏တပည့်သား သံဃာတော်ကို ဗုဒ္ဓညွှန်ကြားမြတ်တရားကို ယုံကြည်မြတ်နိုးစွာ ကောင်းစွာကျင့်ခြင်း, ဖြောင့်စွာကျင့်ခြင်း, နည်းနာကျနစွာကျင့်ခြင်း, ရိုသေလေးစားစွာကျင့်ခြင်းတို့ကြောင့် မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ပုဂ္ဂိုလ်မြတ်အဖြစ်သို့

ရောက်ကုန်၍ ဗုဒ္ဓ၏ ကိုယ်စားပြုကာ သတ္တဝါတို့ကို ကယ်တင်တော်မူတတ်သော အားကိုးပူဇော် ဆည်းကပ်ဖွယ်ရာဟု ယုံကြည်ရမည်။

၇။ ဥပါသကာ, ဥပါသိကာ ဖြစ်သောသူသည် ရတနာသုံးပါးသာ ကိုးကွယ်ပူဇော်ရာရှိသည်ဟု ယုံကြည်ရမည်။

၈။ ဗြဟ္မာ ထာဝရဘုရားနှင့် မိရိုးဖလာ နတ်များကား မိစ္ဆာဒိဋ္ဌိ အယူမှားရှိသူတို့သာ မသိမိုက်မှား ကိုးကွယ်ပူဇော်ကြခြင်းဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့ စွန့်ပယ်ရမည်ဟု ယုံကြည်ရမည်။

၉။ ဖြစ်ခဲ့စွာလှ တွေ့ခဲ့စွာလှ ကြုံခဲ့စွာလှ ဆုံခဲ့စွာလှ ဗုဒ္ဓသာသနာနှင့် မိမိတို့တွေ့ကြုံ၍ သက်ဝင်ယုံကြည်နိုင်သော သဒ္ဓါတရားဖြင့် ယခုကဲ့သို့ ကိုးစားဆည်းကပ်တတ်သော ဥပါသကာ, ဥပါသိကာ အဖြစ်သို့ ရောက်ခြင်းသည် ရှေးကဆည်းပူး ဘုန်းကံထူးကြောင့် ကျွတ်ထိုက်သော သတ္တဝါတို့ ဓမ္မတာအလျောက် တွေ့ကြုံရခြင်းဖြစ်၍ ငါပင် ကျွတ်ထိုက်သူ ဖြစ်သည်ဟု ယုံကြည်ရမည်။

၁၀။ ထို ကျွတ်ထိုက်သူတို့ ဓမ္မတာအတိုင်း တွေ့ကြုံရသော ငါသည် ဗုဒ္ဓညွှန်ကြားနိဗ္ဗာန်ဝင်ရန် လမ်းမှန်တရားကို ယုံကြည်နှစ်မြို့က်၊ အားပါးစိုက်ကာ ကောင်းစွာကျင့်ခြင်း, ဖြောင့်စွာကျင့်ခြင်း, နည်းနာကျနစွာကျင့်ခြင်း, ရိုသေလေးစားစွာကျင့်ခြင်းဖြင့် မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်စင်စစ် အရိယာဖြစ်၍ နိဗ္ဗာန်ဝင်နိုင်မည်ဟု ယုံကြည်ရမည်။

၁၁။ စက်ဆုပ်ငြီးငွေ့ဘွယ်ရာ ခန္ဓာဝန်ထုပ် အကောင်ပုပ်ကို သတ္တဝါအတ္တ ငါဟုတင်စား ခေါ်ဆိုပြားလည်း ထင်ရှား

မရှိ သမ္မုတိမို့ အလိုမကျ စိုးမရသည့် အနတ္တာခန္ဓာဝန်ဟု သိမြင်ယုံကြည်ရမည်။

ဤမျှသော ဂုဏ်အင်္ဂါတို့နှင့်ပြည့်စုံသော ဥပါသကာ,ဥပါသိကာသည် သောတာပန်တို့ပယ်အပ်သော အယူမှားဒိဋ္ဌိနှင့် ရတနာသုံးပါး အတိတ်လွန်ပြီး အနာဂတ် မရောက်သေး ပစ္စုပ္ပန်ယခုဖြစ်ဆဲ ကာလသုံးပါးတို့၌ ငါဖြစ် မဖြစ်ကို တွေးတောယုံမှားခြင်း ဝိစိကိစ္ဆာကင်းစင်၍ သောတာပန်နှင့် တူတန်ရကား ငါသောတာပန်ဖြစ်ရန် အနီးသို့ဆိုက်ရောက်ပြီဟု ဝမ်းမြောက်ဖွယ်ပင်တည်း။

**ငါးပါးသီလ**

အထက်အဆိုပါ ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံ၍ ဥပါသကာ, ဥပါသိကာ ဖြစ်သောသူသည် ဘုရားရှင်၏ ပညတ်တော်ဖြစ်၍ အရိယာပုဂ္ဂိုလ်တို့ အသက်နှင့်ထပ်တူထားလျက် နှစ်သက်လေးစားစွာ ကျင့်အပ်သော အရိယကန္တမည်သော ငါးပါးသော သီလသိက္ခာပုဒ်တော်ကို မိမိအသက်နှင့်ထပ်တူထား၍ နှစ်သက်လေးစားစွာ မကျိုးစေရ မပေါက်စေရ မပြောက်စေရ မကျားစေရ လောကကို တော်လှန်စွန့်စားပညာရှိများ ချီးကျူးလောက် သမာဓိ ရလောက်အောင် ဝမ်းမြောက်ရွှင်လန်းစွာ စောင့်ထိန်းရမည်။

**သီလသိက္ခာပုဒ်တော် ငါးပါး**

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိ-
ယာမိ။

၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ
သမာဒိယာမိ။

**အနက်ကား—**

၁။ ဘန္တေ-ဆရာသခင် အရှင်သူမြတ်ဘုရား။ အဟံ-ခန္ဓာဝန်ထုပ် အကောင်ပုပ်ကို အတ္တသညာ ငါဟုတင်စားဘုရားတပည့်တော်သည်။ ပါဏာတိပါတာ-သတ္တဝါ၏အသက်ကို ကိုယ်တိုင်သတ်ခြင်း, သူတပါးကို သတ်စေခြင်း, သူတပါးသတ်သည်ကိုအခွင့်ပြုခြင်း,သူတပါးသတ်သည်ကိုဝမ်းမြောက်ခြင်းမှ။ ဝေရမဏိ သိက္ခာပဒံ-ရှောင်ကြဉ်ကြောင်း ဖြစ်သောပညတ်တော် သိက္ခာပုဒ်ကို။ သမာဒိယာမိ- ရိုသေကျိုးနွံစွာခံယူဆောက်တည်ပါ၏။

၂။ အဒိန္နာဒါနာ-သူတပါး၏ ဥစ္စာပစ္စည်းကို ကိုယ်နှုတ်ဖြင့် မပေးပဲ ကိုယ်တိုင်ခိုးယူခြင်း, သူတပါးကို ခိုးယူစေခြင်း, သူတပါး ခိုးယူသည်ကို အခွင့်ပြုခြင်း, သူတပါး ခိုးယူသည်ကို ဝမ်းမြောက်ခြင်းမှ။ ဝေရမဏိသိက္ခာပဒံ-ရှောင်ကြဉ်ကြောင်း ဖြစ်သော ပညတ်တော် သိက္ခာပုဒ်ကို။ သမာဒိယာမိ-ရိုသေကျိုးနွံစွာ ခံယူဆောက်တည်ပါ၏။

၃။ ကာမေသုမိစ္ဆာစာရာ- ကာမဂုဏ်တို့၌ ဖောက်ပြန်မှားယွင်း၍ အိပ်ထိန်းခြင်း မကင်းသည်ကို ကိုယ်တိုင် ကျူးလွန်ခြင်း, သူတပါးကို ကျူးလွန်စေခြင်း, သူတပါး ကျူးလွန်သည်ကို အခွင့်ပြုခြင်း,သူတပါးကျူးလွန်သည်ကို ဝမ်းမြောက်

ခြင်းမှ။ ဝေရမဏိသိက္ခာပဒံ- ရှောင်ကြဉ်ကြောင်း ဖြစ်သော ပညတ်တော် သိက္ခာပုဒ်ကို။ သမာဒိယာမိ- ရှိသေကျိုးနွံစွာ ခံယူဆောက်တည်ပါ၏။

၄။ မုသာဝါဒါ- မဟုတ် မမှန် လိမ်လည် ကောက်ကျစ်သော မုသားစကားကို ကိုယ်တိုင်ပြောဆိုခြင်း, သူတပါးကို ပြောဆိုစေခြင်း, သူတပါးပြောဆိုသည်ကို အခွင့်ပြုခြင်း, သူတပါးပြောဆိုသည်ကို ဝမ်းမြောက်ခြင်းမှ။ ဝေရမဏိသိက္ခာ-ပဒံ-ရှောင်ကြဉ်ကြောင်းဖြစ်သော ပညတ်တော်သိက္ခာပုဒ်ကို။ သမာဒိယာမိ- ရှိသေကျိုးနွံစွာ ခံယူဆောက်တည်ပါ၏။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ- ကုသိုလ်ကောင်းမှု၌ မေ့လျော့ကြောင်း ယစ်မူးကြောင်းဖြစ်သော သေရည် သေရက်ကို ကိုယ်တိုင် သောက်စားခြင်း, သူတပါးကို သောက်စားစေခြင်း, သူတပါး သောက်စားသည်ကို အခွင့်ပြုခြင်း, သူတပါး သောက်စားသည်ကို ဝမ်းမြောက်ခြင်းမှ။ ဝေရ-မဏိသိက္ခာပဒံ- ရှောင်ကြဉ်ကြောင်းဖြစ်သော ပညတ်တော် သိက္ခာပုဒ်ကို။ သမာဒိယာမိ-ရှိသေကျိုးနွံစွာ ခံယူ ဆောက်တည်ပါ၏။

ဤသို့ ခံယူ ဆောက်တည်ပြီးသော အဆုံး၌—

တိသရဏေန သဟ ပဥ္စသီလံ ဓမ္မံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။

တိသရဏေန- ရတနာသုံးပါးတို့အား ကိုးစားယုံကြည် ဆည်းကပ်ခြင်းသရဏဂုံသုံးပါးနှင့်။ သဟ- တကွ။ ပဥ္စသီလံ- သိက္ခာပုဒ်တော်အားဖြင့် ငါးပါး, အင်္ဂါအားဖြင့် အပါး နှစ်ဆယ် ရှိ၍ စောင့်သုံးအပ်သော သီလဖြစ်သော။ ဓမ္မံ-

ကျင့်ဝတ်သိက္ခာပုဒ်တော်ကို။ သာဓုကံ-ကောင်းစွာ။ကတွာ-ပြု၍။ အပ္ပမာဒေန-မမေ့မလျော့သော သတိနှင့်။ သမ္ပာဒေထ-ပြည့်စုံကြစေကုန်လော့-ဟူ၍ ဩဝါဒကို ဆရာရဟန်းက ပေးသော အခါ၌—အာမ ဘန္တေ-ကောင်းပါပြီ အရှင်မြတ်ဘုရား-ဟူ၍ ပဋိညာဉ်ခံယူရ၏။ ။ဤကား မဂ်ဖိုလ်၏ အခြေခံဖြစ်၍ မဂ်ဖိုလ် ရရောက်ရန် ရည်သန်စောင့်သုံးအပ်သော သရဏဂုံသီလတည်း။

**သိမှတ်စရာ**

ရတနာသုံးပါး ဆိတ်သုဉ်းသော သာသနာပ အခါ၌ သရဏဂုံမပါပဲ စောင့်သုံးသောသီလသည် ကောင်းသော အလားရှိသော လူနတ်တို့၏ ဘဝစည်းစိမ် ရကြောင်းဖြစ်၍ မဂ် ဖိုလ်၏ အခြေခံမဖြစ်နိုင်။

သာသနာတွင်း ဖြစ်၍ သရဏဂုံနှင့် တကွ ဆောက်တည်သော သီလဖြစ်သော်လည်း ဘဝဆက်ကာ အခါခပ်သိမ်း အစရှိသည်ဖြင့် ဘဝစည်းစိမ်ကို တောင့်တ၍ တဏှာ့ကျွန်ခံခြင်း လူနတ်အဖြစ် ဘဝစည်းစိမ်ရကြောင်း ကောင်းသော အကျင့်သီလ ငါစောင့်သုံး၏၊ ငါ့မှာရှိ၏ဟု သာယာသုံးသပ်ခြင်းရှိသော သီလသည်လည်း မဂ်ဖိုလ်၏ အခြေခံ မဖြစ်နိုင်၊ မဂ် ဖိုလ်၏ အခြေခံ သီလကား နိဗ္ဗာန်သို့ ရှေးရှုသွား၏။ တဏှာ့ကျွန်ခံသော သီလကား သံသရာဝဋ်ဆင်းရဲသို့ ရှေးရှုသွား၏။

သာသနာတော်တွင်း၌ ရတနာသုံးပါး၏ နိဗ္ဗာန်ရောက်အောင် ပို့ဆောင်နိုင်သော ဂုဏ်ကို ယုံကြည်သော သဒ္ဓါတရားဖြင့် နိဗ္ဗာန်ကို ရည်ညွှန်း တောင့်တ၍ တဏှာ့ကျွန်

အဖြစ်မှ တော်လှန်ကာ စွဲလမ်း သုံးသပ်ခြင်း ကင်းလျက် သမာဓိဖြစ်နိုင်လောက်သော အရိယကန္တ အရိယာပုဂ္ဂိုလ်တို့ မြတ်နိုးစွာ စောင့်သုံးအပ်သော သီလသည်သာလျှင် ပညာရှိတို့ ချီးမွမ်းအပ်သော မဂ်ဖိုလ်၏အခြေခံ သီလမည်၏။

**သောတာပန်ဖြစ်ရန် အင်္ဂါလေးပါး**

စတ္တာရိ သောတာပတ္တိယင်္ဂါနိ သပ္ပုရိသသံသေဝေါ သဒ္ဓမ္မဿဝနံ ယောနိသော မနသိကာရော ဓမ္မာနုဓမ္မပ္ပဋိပတ္တိ။

သောတာပတ္တိယာ - သောတာပန် ပုဂ္ဂိုလ်အဖြစ်သို့ ရောက်ခြင်း၏။ အင်္ဂါနိ-လိုက်နာကျင့်ဆောင်ရမည်ဖြစ်သော အင်္ဂါ အစိတ်အပိုင်းတို့သည်ကား။ စတ္တာရိ - လေးပါးတို့တည်း။ ကတမာနိ- အဘယ်တို့နည်းဟူမူကား။ သပ္ပုရိသသံသေဝေါ - သူတော်ကောင်းကို ပေါင်းဖော် မှီဝဲခြင်းရင်း။ သဒ္ဓမ္မဿဝနံ - သူတော်ကောင်းတို့ ဆုံးမဟောကြားသော တရားကို နာယူခြင်းရင်း။ ယောနိသော မနသိကာရော - အသင့်အားဖြင့် နှလုံးသွင်းခြင်းရင်း။ ဓမ္မာနုဓမ္မပ္ပဋိပတ္တိ - လောကုတ္တရာတရား ကိုးပါးအားလျော်သော အကျင့်ကို ကျင့်ခြင်းရင်း။ ဣမာနိ-ဤလေးပါးတို့တည်း။

ဤကား ဘုရားရှင်ဟောညွှန်တော်မူသော သောတာပန်ဖြစ်ရန်အကျိုး၄ါ လိုက်နာကျင့်ဆောင်ရမည်ဖြစ်သော အင်္ဂါ လေးပါးတည်း။

ဘုရားရှင် ညွှန်ကြားတော်မူအပ်သော နိဗ္ဗာန်လမ်းသို့ ရှေးရှုသွားသော ဗုဒ္ဓဘာသာ ဥပါသကာ, ဥပါသိကာသည် သောတာပန် ပုဂ္ဂိုလ်အဖြစ်သို့ ရှေးဦး ရောက်၍ သာလျှင်

အထက် မဂ်ဖိုလ် အစဉ်အတိုင်း နိဗ္ဗာန်ဝင်ရမည်ဖြစ်၍ ရှေးဦးစွာ သောတာပန်ဖြစ်ရန် ကျင့်စဉ်လမ်းကို ညွှန်ကြားတော်မူသတည်း။

ထိုအင်္ဂါလေးပါး မိမိ၌ ထင်ရှားရှိသည်ကို ဤသို့သိရမည်၊ ငါ မွေးဖွားစကပင် သူတော်ကောင်းဖြစ်သော မိဘဆွေမျိုးတို့ကို အမှီရခဲ့၍ ရတနာသုံးပါး ဦးထိပ်ထားကာ ဖွားမြင်လာလျက် ဗုဒ္ဓဘာသာဝင် ဖြစ်လာခဲ့သည်၊ သိကြားလိမ်မာ ရွယ်ရောက်လာလည်း သူတော်ကောင်းဖြစ်သော မိဘဆရာသမားတို့ကို ပေါင်းဖော်မှီဝဲရ၍ ဗုဒ္ဓဘာသာဝင် ကျင့်ဝတ် သရဏဂုံသီလ တည်းဟူသော မဂ်ဖိုလ်၏ အခြေခံတရား ငါရခဲ့သည်၊ ရဟန်း သံဃာ ပညာရှိ သူတော်ကောင်းတို့ကို ငါမှီဝဲ ဆည်းကပ်သည် ဟူ၍ မိမိ၌ ပဌမအင်္ဂါ ထင်ရှားရှိသည်ကို သိမြင် ဝမ်းမြောက်ရမည်၊ သူတော်ကောင်းတို့ ဆုံးမဟောကြားသော တရားကို နာယူခြင်း အင်္ဂါလည်း မိမိကြားနာရဘူးပြီဖြစ်၍ ဒုတိယအင်္ဂါ ငါ့မှာ ရှိသည်ဟု သိမြင်ဝမ်းမြောက်ရမည်။

တတိယ အသင့်အားဖြင့် နှလုံးသွင်းခြင်းဟူသည် သတ္တဝါ ရုပ် နာမ် သင်္ခါရတို့ကို မြဲသည်ဟူ၍ မှတ်ထင်နှလုံးသွင်းခြင်းသည် မသင့်သောအားဖြင့် နှလုံးသွင်းခြင်းမည်၏၊ ဖြစ်လေသမျှ ပျက်ကုန်ကြသည့် အနိစ္စ တရားစုသာဟု မှတ်ထင်နှလုံးသွင်းခြင်းသည် သင့်သောအားဖြင့် နှလုံးသွင်းခြင်းမည်၏။ အဖြစ်အပျက်အားဖြင့် အမြဲမပြတ် နှိပ်စက်အပ်၍ ပဥ္စသန္ဓေ အိုနာသေရ ဘုံဘဝကို ချမ်းသာဟု မှတ်ထင် နှလုံးသွင်းခြင်းသည် မသင့်သောအားဖြင့် နှလုံးသွင်းခြင်း မည်၏။ ပဥ္စသန္ဓေ အိုနာသေရ ဘုံဘဝ၌ ရုပ်နာမ် ဓမ္မ သင်္ခါရတို့၏

အဖြစ်အပျက်ကား ကြောက်လန့် ထိတ်လန့်ဖွယ်ရာ ဒုက္ခတရား အစုသာဟု မှတ်ထင်နှလုံးသွင်းခြင်းသည် အသင့်အားဖြင့် နှလုံးသွင်းခြင်းမည်၏။

ဤခန္ဓာဝန်ထုပ် အကောင်ပုပ်၌ သိအပ် မြင်အပ်သော အာရုံစသည်တို့ကို သိတတ် ခံစားတတ်သော သတ္တဝါ ငါ အတ္တ အသက်ဝိညာဏ် လိပ်ပြာ ဟူသော အနှစ်သာရရှိ၏၊ ထိုသည့် အနှစ်သာရ အတ္တ ငါအား ရှေးဘဝ ခန္ဓာဝန်ထုပ် အကောင်ပုပ် သေသော်လည်း အသစ် ဖြစ်သော ဤကိုယ် ကောင်သို့ ပြောင်းရွှေ့လာ၏၊ ဤကိုယ်ကောင်၌ သူသာ သိတတ် ခံစားတတ်၏၊ ဤ ကိုယ်ကောင် သေသောအခါ အသေကောင်ကို စွန့်ခွါ၍ ဘဝတပါးသို့ ပြောင်းသွားကာ ကိုယ်ကောင်အသစ် ဖြစ်ပြန်၏၊ဤသို့အားဖြင့် ဘဝစဉ်ဆက် ပြောင်းရွှေ့၍သာ မသေ မပျက်သော သတ္တဝါ ငါ အတ္တ အသက် ဝိညာဏ် လိပ်ပြာ ဟူသော အနှစ်သာရသည် ဤ ကိုယ်ကောင်၌ ရှိ၏ဟု မှတ်ထင်နှလုံးသွင်းခြင်းသည် မသင့် သောအားဖြင့် နှလုံးသွင်းခြင်းမည်၏။

ဤသည့် ခန္ဓာဝန်ထုပ် အကောင်ပုပ်ကား ဟုတ်မှန် တိုင်းကို မသိမြင်အောင် ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အဝိဇ္ဇာနီဝရဏတရားဖြင့် ဖုံးလွှမ်းအပ်သော သတ္တဝါတို့အား ဘဝ၏ ဆင်းရဲခြင်းဘေးကို မသိမြင်ရကား ဘဝကိုပင် သာယာ ကပ်ငြိ တောင့်တသော တဏှာဖြင့် ဘဝကိုသာ ရပါစေကြောင်း ဆုမွန်တောင်း၍ ကောင်းမှု ကုသိုလ်တို့ကိုပြုလုပ်ဆည်းပူးခြင်းတည်းဟူသော အကြောင်း ကြောင့် အကျိုးဆက် ဝိပါကဝဋ်ဒုက္ခဖြစ်သော ခန္ဓာဝန်ထုပ် အကောင်ပုပ်တည်း။ ရှေးဘဝ ခန္ဓာဝန်ထုပ်ကား ရှေးဘဝ

တွင်ပင် မမြဲသော အနိစ္စသဘောအတိုင်း ဖြစ်သမျှ ပျက်ခဲ့လေ၏။ ယခုဘဝသို့ ပြောင်းရွှေ့ လာတတ်သော သတ္တဝါ ငါ အတ္တ ဝိညာဏ် အသက် လိပ်ပြာ ဟူသော သိတတ် ခံစားတတ်သော အနှစ်သာရမရှိ၊ ယခု ခန္ဓာကိုယ်၌လည်း သတ္တဝါ ငါ အတ္တ ဟူသည် သဘာဝအားဖြင့် ထင်ရှားမရှိသော ခေါ်ဝေါ်ပြောဆိုသုံးစွဲ၍ အချင်းချင်း သိနားလည်မှု ရရန် အမည်နာမ ပညတ်မျှသာ ဖြစ်၏၊ ဝိညာဏ် ဟူသည် အမြင်အကြားစသော အာရုံကို သိတတ်သော စိတ်သာတည်း။ ထိုစိတ်သည်လည်း စက္ခုပသာဒ မျက်စိနှင့် အဆင်းရူပါရုံတို့ ပေါင်းဆုံခြင်းကိစ္စအကြောင်းမှ မြင်သော အာရုံကို သိခြင်းကိစ္စပြီးစေ၍ ချုပ်ငြိမ်း ကွယ်ပျောက် သွားတတ်သော အကြောင်းဖြစ်မှ ဖြစ်ပေါ်တတ်သော ပဋိစ္စသမုပ္ပါဒ တရား, ကုန်တတ် ပျက်တတ်သော အနိစ္စတရားသာတည်း။သောတ ဝိညာဏ် စသည်လည်း နည်းတူပင်တည်း။ အသက်ဟူသည် ရုပ်ဇီဝိတ နာမ်ဇီဝိတပင်တည်း။ ၎င်းသည်လည်း အတူဖြစ်သောရုပ်နာမ်တို့ကို စောင့်တတ်သော သဘောတရားသာဖြစ်၍ ရုပ်နာမ်၌ အကျုံးဝင်၍ပဋိစ္စသမုပ္ပါဒ်တရား အနိစ္စတရားစုသာဖြစ်၍ ထိုသည့် ဝိညာဏ်အသက်တို့လည်း မသေမပျက် ဘဝတပါး ပြောင်းရွှေ့သွားလာသော သဘောမရှိ၊ ဤကိုယ်ကောင်၌ပင် အကျုံးဝင်သော ရုပ်နာမ် သဘာဝ ပဋိစ္စသမုပ္ပါဒ် အနိစ္စတရားသာတည်း။ လိပ်ပြာဟူသည် တစုံတရာသဘာဝ ထင်ရှားမရှိ ထင်မြင်ယူမှားပြောဆိုသော စကားမျှသာတည်း။ ဤသို့ ပိုင်းခြားသိမြင်၍ ပဋိစ္စသမုပ္ပါဒ ဝိပါကဝဋ္ဋ ဒုက္ခ အနိစ္စဖြစ်သော ခန္ဓာဝန်ထုပ် အကောင်ပုပ်ကား ငါ အတ္တဟု စွဲယူစရာ အနှစ်သာရမရှိ အနတ္တသာတည်းဟု သိမြင်နှလုံးသွင်းခြင်းသည် အသင့်အားဖြင့် နှလုံး

သွင်းခြင်း ယောနိသော မနသိကာရမည်၏။ ဤသို့ ဝေဘန် သုံးသပ်၍ ဤသည့်အသင့်အားဖြင့် နှလုံးသွင်းခြင်း တတိယ အင်္ဂါလည်း သူတော်ကောင်းတို့ကို မှီဝဲဆည်းကပ်၍သူတော် ကောင်းတို့ ဆုံးမဟောကြား အနိစ္စ ဒုက္ခ အနတ္တဟု ဤ ကိုယ်ကောင် ဟူသော ရုပ်နာမ် သင်္ခါရတရားစု၌ အသင့် အားဖြင့် နှလုံးသွင်းမှု ထင်ရှားရှိသည်ကို သိမြင်၍ တတိယ အင်္ဂါလည်း ငါ့မှာရှိသည်ဟု ရွှင်လန်း ဝမ်းမြောက်ရမည် ဖြစ်၏။

စတုတ္ထ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရှေးရှု၍ မဂ်လေးပါး, ဖိုလ်လေး ပါး, နိဗ္ဗာန်ဟူသော လောကုတ္တရာတရားကိုးပါးအားလျော် သော အကျင့်ကား အထက်က ပြဆိုပြီးခဲ့သော သရဏဂုံ သီလပင်တည်း။ သို့ဖြစ်ရကား ဤသည့် စတုတ္ထအင်္ဂါလည်း ငါ့မှာရှိပြီဘကားဟု အားတက်ရွှင်လန်း ဝမ်းမြောက်ဖွယ် ရာပင်တည်း။

ဤသည့်အင်္ဂါ ပြည့်စုံစွာဖြင့် အားတက် ရွှင်လန်း ဝမ်း မြောက်သော စိတ်ထား၍ သောတာပန်ဖြစ်ရန် ရည်သန် အားထုတ်သောသူသည် သောတာပန်အဖြစ်သို့ ရောက်ပြီး သောအခါ ပြည့်စုံသောအင်္ဂါကိုလည်း အောက်ပါအတိုင်း ရှင်တော်ဗုဒ္ဓ ဟောညွှန်ပြတော်မူ၏။

**သောတာပန်ဖြစ်ပြီးသူ၏ အင်္ဂါလေးပါး**

စတ္တာရိ သောတာပန္နဿ အင်္ဂါနိ ဗုဒ္ဓေ အဝေစ္စပ္ပ-
သာဒေန သမန္နာဂတော ဟောတိ၊ ဓမ္မေ အဝေစ္စပ္ပ-
သာဒေန သမန္နာဂတော ဟောတိ။ သံဃေ အဝေစ္စပ္ပ-
သာဒေန သမန္နာဂတော ဟောတိ၊ အရိယကန္တေဟိ

သီလေဟိ သမန္နာဂတော ဟောတိ အခဏ္ဍေဟိ
အဆိဒ္ဒေဟိ အသဗလေဟိ အကမ္မာသေဟိ ဘုဇိ-
သေဟိ ဝိညုပ္ပသတ္ထေဟိ အပရာမဋ္ဌေဟိ သမာဓိ-
သံဝတ္တနိကေဟိ။

**အနက်ကား**–သောတာပန္နော-နိဗ္ဗာန်ဝင်သောအယဉ်သို့ ရှေးဦးရောက်ပြီးသော သောတာပန်ပုဂ္ဂိုလ်၏။ အင်္ဂါနိ-အင်္ဂါတို့သည်။ စတ္တာရိ-လေးပါးတို့တည်း။ ကတမာနိ-အဘယ်တို့ နည်းဟူမူကား။ ဗုဒ္ဓေ-ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်၌။ အဝေစ္စပ္ပသာဒေန-ဉာဏ်ဖြင့်သက်ဝင် ယုံကြည်သော သဒ္ဓါတရားနှင့်။ သမန္နာဂတော-ပြည့်စုံသည်။ ဟောတိ-ဖြစ်၏။ ဓမ္မေ-တရားတော်၏ ဂုဏ်တော် ကျေးဇူး တော်၌။ အဝေစ္စပ္ပသာဒေန-ဉာဏ်ဖြင့်သက်ဝင်ယုံကြည်သော သဒ္ဓါတရားနှင့်။ သမန္နာဂတော-ပြည့်စုံသည်။ ဟောတိ-ဖြစ်၏။ သံဃေ-သံဃာတော်၏ ဂုဏ်တော် ကျေးဇူးတော်၌။ အဝေစ္စပ္ပသာဒေန-ဉာဏ်ဖြင့် သက်ဝင်ယုံကြည်သော သဒ္ဓါ တရားနှင့်။ သမန္နာဂတော-ပြည့်စုံသည်။ ဟောတိ-ဖြစ်၏။ အရိယကန္တေဟိ-အရိယာသူတော်စင်တို့ အသက်နှင့် ထပ်တူ ထား၍ မြတ်နိုးအပ်ကုန်သော။ အခဏ္ဍေဟိ-မကျိုးကုန်သော။ အဆိဒ္ဒေဟိ-မပေါက်ကုန်သော။ အသဗလေဟိ-မပြောက် ကုန်သော။ အကမ္မာသေဟိ-မကျားကုန်သော။ ဘုဇိသေဟိ-တဏှာ့ကျွန်အဖြစ်မှ ဘော်လှန်ကုန်သော။ ဝိညုပ္ပသတ္ထေဟိ-ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော။ အပရာမဋ္ဌေဟိ-တဏှာ မာန သက္ကာယဒိဋ္ဌိတို့ဖြင့် မသုံးသပ်အပ်ကုန်သော။ သမာဓိ-သံဝတ္တနိကေဟိ-သမာဓိကိုဖြစ်စေနိုင်ကုန်သော။ သီလေဟိ-သီလတို့နှင့်။ သမန္နာဂတော-ပြည့်စုံသည်။ ဟောတိ-ဖြစ်၏။

**သိမှတ်စရာ**

သမုဒ္ဒရာသို့ စီးဝင်သော မြစ်၏ရေအယဉ် ရေစီးချောင်း ပမာ နိဗ္ဗာန်သို့စီးဝင် မဂ်အယဉ်သို့ ရှေးဦးစွာ ဆိုက်ရောက်သော သောတာပန်ပုဂ္ဂိုလ်သည် ဘုရား, တရား, သံဃာ ရတနာသုံးပါးတို့၏ ဂုဏ်တော်ကျေးဇူးတော်၌ သက်ဝင်ယုံကြည်ခြင်း သဒ္ဓါတရားနှင့်ပြည့်စုံခြင်း အင်္ဂါသုံးပါးနှင့် အရိယကန္တသီလနှင့် ပြည့်စုံခြင်းဟူ၍ အင်္ဂါလေးပါးကို ညွှန်ကြားတော်မူ၏။ ထိုဘုရားရှင်ညွှန်ကြားတော်မူသော အင်္ဂါလေးပါးသည် သရဏဂုံသီလခံယူဆောက်တည်၍ ဥပါသကာ, ဥပါသိကာအဖြစ်သို့ ကပ်ရောက်သည်မှစ၍ မိမိတို့၌ရှိသည်ကို သိနိုင်ပေသည်။ ထိုသို့ သောတာပန်ဖြစ်ရန် ကျင့်ရသောအင်္ဂါလေးပါးနှင့် သောတာပန်ဖြစ်ပြီး ပြည့်စုံရမည့် အင်္ဂါလေးပါး ထင်ရှားစွာ မိမိ၌ရှိပါလျက် မိမိ သောတာပန် မဖြစ်သေးသည်ကိုလည်း သိရပေမည်။

သို့ မဖြစ်ခြင်းမှာ ဇာန္ဒြေ မရင့်မကျက်သေးပဲ နုနယ်နုံ့ချာသောကြောင့်ဟု သိရမည်။ ထို့ကြောင့် အသဒ္ဓေါ-ရတနာသုံးပါးဂုဏ် သီလဂုဏ်၌ ယုံကြည်ခြင်း သဒ္ဓါတရားခေါင်းပါးနုံ့ချာသော။ ပုဂ္ဂလော-ပုဂ္ဂိုလ်သည်။ မုဒိန္ဒြိယော-ဇာန္ဒြေနု၏။ သဒ္ဓေါ-ထိုသည့်ဂုဏ်၌ ယုံကြည်ခြင်း သဒ္ဓါတရား ထက်သန်အားကြီးသော။ ပုဂ္ဂလော-ပုဂ္ဂိုလ်သည်။ တိက္ခိန္ဒြိယော-ရင့်ကျက် ထက်မြက်သော ဇာန္ဒြေရှိ၏ဟူ၍ငင်း။

အသဒ္ဓေါ- ထိုသည့်ဂုဏ်၌ ယုံကြည်ခြင်း သဒ္ဓါတရား ခေါင်းပါးနုံ့ချာသော။ ပုဂ္ဂလော- ပုဂ္ဂိုလ်သည်။ အဘဗ္ဗော- မဂ်ဖိုလ်ရခြင်းငှါမထိုက်။ သဒ္ဓေါ-ထိုသည့်ဂုဏ်၌ ယုံကြည်ခြင်း သဒ္ဓါတရား ထက်သန် အားကြီးသော။ ပုဂ္ဂလော- ပုဂ္ဂိုလ်

သည်။ ဘဝေဓ္ဗာ-မဂ်ဖိုလ်ရခြင်းငှါထိုက်၏-ဟူ၍ဝှင်းညွှန်ကြား တော်မူအပ်သည်နှင့်အညီ သဒ္ဓါတရား ရင့်သန်မှ ဣန္ဒြေရင့် ကျက်၍ မဂ်ဖိုလ်ရထိုက်ရနိုင်ကြောင်း သိရမည်။

ထိုသည့် ဣန္ဒြေ မရင့်ကျက်သေးသဖြင့် မဂ် ဖိုလ် မရသေး သည်ကိုလည်း စိတ်ပျက် အားငယ်စရာ မဟုတ်သေးချေ။ ဣန္ဒြေ ဟူသည်မှာ ရင့်ကျက်အောင် လေ့လာပွါးများစေရ သော တရားမျိုးဖြစ်၏။

**ဣန္ဒြေငါးပါး**

၁။ သဒ္ဓါ ဟူသော ယုံကြည်ခြင်း သဘောတရားသည် ပင် မဂ်ဖိုလ် ရရောက်ရေးကိစ္စကို အစိုးတရ ပြီးစေတတ်သော သဒ္ဓိန္ဒြိယ မည်၏။

၂။ ဝီရိယ ဟူသော အားထုတ်ခြင်း သဘောတရား သည်ပင် မဂ် ဖိုလ် ရရောက်ရေး ကိစ္စကို အစိုးတရ ပြီးစေ တတ်သော ဝီရိယိန္ဒြိယ မည်၏။

၃။ သတိ ဟူသော အမှတ်ပြုခြင်း သဘောတရားသည် ပင် မဂ် ဖိုလ် ရရောက်ရေး ကိစ္စကို အစိုးတရ ပြီးစေတတ် သော သတိန္ဒြိယ မည်၏။

၄။ သမာဓိ စိတ်တည်ငြိမ်ခြင်း သဘောတရားသည်ပင် မဂ် ဖိုလ် ရရောက်ရေး ကိစ္စကို အစိုးတရ ပြီးစေတတ်သော သမာဓိန္ဒြိယ မည်၏။

၅။ ပညာ အပြားအားဖြင့် ပိုင်းခြား၍ သိတတ်သော သဘောတရားသည်ပင် မဂ် ဖိုလ် ရရောက်ရေး ကိစ္စကို အစိုးတရ ပြီးစေတတ်သော ပညိန္ဒြိယ မည်၏။

ဤသည်ကား ပွါးစေအပ်သော ဣန္ဒြေငါးပါးတည်း။

ထို ဣန္ဒြေ ငါးပါးတို့တွင် သဒ္ဓိန္ဒြေတည်းဟူသော သဒ္ဓါ တရားကို အရင်းမူလထား၍ ပွါးစေခြင်းသည် သဒ္ဓါမုခ မည်၏။

သို့ပင် သဒ္ဓါအရင်းခံပြု၍ ပွါးစေသော်လည်း ကြွင်းသော ဣန္ဒြေ လေးပါးသည်လည်း သဒ္ဓိန္ဒြေနှင့် တခုတည်းသော စိတ်၌ အတူတကွ မကွဲမကွာ ဖြစ်တတ်သောတရားတို့သာ ဖြစ်၍ ထိုအရင်းခံ သဒ္ဓိန္ဒြေနှင့် တပြိုင်တည်း သဒ္ဓိန္ဒြေအား လျော်စွာ ဘာဝနာပြည့်ခြင်းသို့ ရောက်ကုန်သည်ဖြစ်၍ ဣန္ဒြေ ငါးပါး ပွါးများစေခြင်း ရင့်ကျက်ခြင်း ဘာဝနာ ပြည့်စုံ၍ သောတာပတ္တိ မဂ်သို့ ရောက်နိုင်၏။

**ဣန္ဒြေ ပွါးစေခြင်း**

သောတာပန်သည် ရတနာသုံးပါးဂုဏ်၌ သက်ဝင်ယုံ ကြည်ခြင်း သဒ္ဓိန္ဒြေ ရင့်ကျက်ပြည့်စုံ၍သာလျှင် သောတာပန် အဖြစ်သို့ ရောက်၏။ ငါကား သောတာပန်လောက် မရင့် ကျက်သေး၊ ငါလည်း သောတာပန်လောက် သဒ္ဓိန္ဒြေ ရင့် ကျက်လျှင် သောတာပန်ဖြစ်နိုင်မည်ဟု ယုံကြည်စွာဖြင့် သောတာပန်ဖြစ်ရန် ရည်ညွှန်းတောင့်တ၍ ရတနာသုံးပါး တို့၏ ဂုဏ်တော်တို့ကို ဉာဏ်ဖြင့်သက်ဝင် ဆင်ခြင်သုံးသပ် ယုံကြည်မြတ်နိုး ရိုကျိုးပူဇော်ခြင်းကို ပြုရမည်။

**ဘုရားဂုဏ်တော်**

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တ-

ရော ပုရိသဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။

ဣမေဟိ ဂုဏေဟိ သမန္နာဂတံ တထာဂတံ သိရသာ အဟံ ဝန္ဒာမိ။

**အနက်ကား**—သော ဘဂဝါ-ထိုဘုန်းတော်အလွန်ကြီး မြတ်တော်မူလှပေသော ငါတို့၏ကျေးဇူးတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဣတိပိ-ဤသို့ လူ နတ် ဗြဟ္မာ သတ္တဝါအများတို့၏ အထူးထူးသော ပူဇော်သက္ကာ ဝိသေသကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း။ အရဟံ-အရဟံ ဟူသော ဘွဲ့တော်ထူး ဂုဏ်တော်ထူးဖြင့် ချီးကျူးပူဇော်ခြင်းငှါ ထိုက်တော်မူပါပေ၏။

သော ဘဂဝါ-(အထက်အတိုင်း ဖော်၍ဆို)သည်။ ဣတိပိ-ဤသို့ သိသင့် သိထိုက်သော တရားအားလုံးတို့ကို ကောင်းမွန်မှန်ကန်စွာ ဆရာမရှိ မိမိအလိုလို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူခြင်း အကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ-သမ္မာသမ္ဗုဒ္ဓ ဟူသော ဘွဲ့တော်ထူး ဂုဏ်တော်ထူးဖြင့် ချီးကျူးပူဇော်ခြင်းငှါ ထိုက်တော်မူပါပေ၏။

သော ဘဂဝါ-သည်။ ဣတိပိ-ဤသို့ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး တည်းဟူသော ဉာဏ်ပညာတော်, စရဏ တဆယ့်ငါးပါးတည်းဟူသော အကျင့်သီလတော်တို့နှင့် ပြည့်စုံတော်မူခြင်း တည်းဟူသော အကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော- ဝိဇ္ဇာစရဏသမ္ပန္န ဟူသော ဘွဲ့တော်ထူး ဂုဏ်တော်ထူးဖြင့် ချီးကျူးပူဇော်ခြင်းငှါ ထိုက်တော်မူပါပေ၏။

သော ဘဂဝါ-သည်။ ဇာတိပိ-၌သို့နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ် မှန်ကန်သော ခရီးလမ်းညွှန် တရားတော်ကို ဟောညွှန်တော်မူတတ်သော အကြောင်းကြောင့်လည်း။ သုဂတော-သုဂတဟူသော ဘွဲ့တော်ထူး ဂုဏ်တော်ထူးဖြင့် ချီးကျူးပူဇော်ခြင်းငှါ ထိုက်တော်မူပါပေ၏။

သော ဘဂဝါ-သည်။ ဇာတိပိ-၌သို့ သတ္တဝါတို့၏ အဖြစ်အပျက်တည်းဟူသော သတ္တလောက, ရုပ်-နာမ်တရားတို့၏ အဖြစ်အပျက်တည်းဟူသော သင်္ခါရလောက,သတ္တဝါတို့၏ တည်နေရာ ဘုံဌာန တည်းဟူသော ဩကာသလောက အလုံးစုံကို ကုန်စင်အောင် သိမြင်တော်မူခြင်းတည်းဟူသော အကြောင်းကြောင့်လည်း။ လောကဝိဒူ-လောကဝိဒူဟူသော ဘွဲ့တော်ထူး ဂုဏ်တော်ထူးဖြင့် ချီးကျူးပူဇော်ခြင်းငှါ ထိုက်တော်မူပါပေ၏။

သော ဘဂဝါ-သည်။ ဇာတိပိ-၌သို့ ကိုယ်တော်မြတ်ထက် လွန်မြတ်သောသူ တစုံတဦးမျှ ရှိတော်မမူခြင်း တည်းဟူသော အကြောင်းကြောင့်လည်း။ အနုတ္တရော-အနုတ္တရ ဟူသော ဘွဲ့တော်ထူး ဂုဏ်တော်ထူးဖြင့် ချီးကျူးပူဇော်ခြင်းငှါ ထိုက်တော်မူပါပေ၏။

သော ဘဂဝါ-သည်။ဇာတိပိ-၌သို့မယဉ်ကျေးသေးသော လူ နတ် ဗြဟ္မာ သတ္တဝါတို့အား ယဉ်ကျေးအောင်ဆုံးမတော်မူတတ်သော အကြောင်းကြောင့်လည်း။ ပုရိသဒမ္မသာရထိ-ပုရိသဒမ္မသာရထိဟူသော ဘွဲ့တော်ထူး ဂုဏ်တော်ထူးဖြင့် ချီးကျူးပူဇော်ခြင်းငှါ ထိုက်တော်မူပါပေ၏။

သော ဘဂဝါ-သည်။ ဇာတိပိ-၌သို့ လူ နတ် ဗြဟ္မာအများတို့၏ ဆုံးမသွန်သင်တော်မူ၍ သံသရာဝဋ်ဆင်းရဲမှ ထုတ်

ဆောင် ကယ်တင်တော် မူတတ်သော ကျေးဇူးတော် သခင် ဆရာအရှင် ဖြစ်တော်မူခြင်း တည်းဟူသော အကြောင်း ကြောင့်လည်း။ သတ္ထာဒေဝမနုဿာနံ-သတ္ထာဒေဝမနုဿာနံ ဟူသော ဘွဲ့တော်ထူးဂုဏ်တော်ထူးဖြင့် ချီးကျူး ပူဇော် ခြင်းငှါ ထိုက်တော်မူပါပေ၏။

သော ဘဂဝါ-သည်။ဇူတိပိ-ဤသို့ သစ္စာလေးတန် တရား မှန်ကို ကိုယ်တော်တိုင်သိမြင်တော်မူ၍ လူနတ်ဗြဟ္မာအများ တို့အားလည်း သစ္စာလေးရပ် တရားမြတ်ကို ဆတ်ဆတ် ထင်ထင် သိမြင်စေတော်မူတတ်သော အကြောင်းကြောင့် လည်း။ ဗုဒ္ဓေါ-ဗုဒ္ဓဟူသော ဘွဲ့တော်ထူး ဂုဏ်တော်ထူးဖြင့် ချီးကျူးပူဇော်ခြင်းငှါ ထိုက်တော်မူပါပေ၏။

သော ဘဂဝါ-သည်။ ဇူတိပိ-ဤသို့ ပါရမီတော် စွမ်းဟုန် ကြောင့် ရတော်မူအပ်သော မနိုင်းယှဉ်အပ် ထူးမြတ်ကြီးကျယ် သော ဘုန်းတော်အစုံ ဂုဏ်တော်အနန္တတို့နှင့် ပြည့်စုံတော် မူခြင်း တည်းဟူသော အကြောင်းကြောင့်လည်း။ ဘဂဝါ- ဘဂဝါ ဟူသော ဘွဲ့တော်ထူး ဂုဏ်တော်ထူးဖြင့် ချီးကျူး ပူဇော်ခြင်းငှါ ထိုက်တော်မူပါပေ၏။

ဇူမေဟိ ဂုဏေဟိ-ဤသို့သော ဂုဏ်တော် အပေါင်းတို့နှင့် သမန္နာဂတံ-ပြည့်စုံတော်မူပေသော။ တထာဂတံ-ရှေးရှေး သော ဘုရားရှင်တို့ကဲ့သို့ မခြားအတူ လာခြင်းကောင်းတော် မူသော ငါတို့၏ ကျေးဇူးတော်သခင် ဘုရားရှင်ကိုယ်တော် မြတ်ကြီးကို။ အဟံ- ခန္ဓာငါး၀ သမူဟကို အတ္တခေါ်ဆို ကိုယ်ဟုတင်စား ဘုရားတပည့်တော်သည်။ သိရသာ-ကိုယ် အင်္ဂါတွင် အမြတ်ပင်ဟု မှတ်ထင်ယူထား ဦးထိပ်ဖျားဖြင့်။

ဝန္ဒာမိ-ဂုဏ်တော်ပေါင်းကို ညွှတ်ပြောင်းရိုကျိုး လက်စုံမိုး၍ ရှိခိုးပါ၏။

ဤသည်ကား ဘုရားရှင်၏ ဂုဏ်တော်ပေါင်းကို ပူဇော် ရှိခိုးခြင်းတည်း။

ဤသည့်ဂုဏ်တော်ရှိခိုးကို နှုတ်တက်အာဂုံ အရကျက်၍ သင့်တင့်လျောက်ပတ်သော အခါ၌ ဂုဏ်တော်၌ ဉာဏ်ဖြင့် သက်ဝင်၍ ကြည်ညိုခြင်း သဒ္ဓါတရား ဖြစ်ပွါးပေါ်ပေါက် လာအောင် ဖြည်းညှင်းသာယာစွာ နှုတ်ဖြင့်ရွတ်ဆိုကာ လက် အုပ်ချီ၍ ရှိခိုးပူဇော်ရမည်။ ။ကာယကံ ဝစီကံ မပါပဲ စိတ်ဖြင့်လည်း အောက်မေ့ဆင်ခြင်၍ ကြည်လင်ရွှင်လန်း ပီတိ လွှမ်းလျက် ကိုယ်စိတ်ပူပန်ခြင်းကို ငြိမ်းချမ်းအေးမြစေကာ ချမ်းသာသုခဖြင့် စိတ်တည်ငြိမ်မှုရရှိအောင် အဖန်ဖန် အထပ် ထပ် ပွါးစေရမည်။

ထို့ပြင်လည်း အလောင်းတော် ဖြစ်စဉ်ကပင် ဘဝသံသရာ ဘွက်နွံတွင်း၌ နစ်မွန်းမြုပ်မျောကာ ပင်ပန်း ဆင်းရဲခြင်း အလွန်ရှည်ကြာသော ငါတို့ကိုမြင်၍ အလွန်လျှင်သနားတော် မူသော မဟာကရုဏာတော်, ထိုသို့သနားသဖြင့် ဘုရား ဖြစ်ကာ ကယ်တင်လိုသော ဆန္ဒတော်, ထိုဆန္ဒတော်ကြောင့် ဘုရားဆုပန်ဆင်၍ ပါရမီတော်တို့ကို ဖြည့်ဆည်းပူးတော် မူခြင်း,ကမ္ဘာအသင်္ချေ အလွန်ညောင်းမှ ဗျာဒိတ်တော်ခံခြင်း, ဗျာဒိတ်ခံမည့်ကာလ ငါတို့ကို သနားလှသဖြင့် ကိုယ်တိုင် ရမည့် နိဗ္ဗာန်ချမ်းသာကို စွန့်တော်မူခြင်း, ငါတို့ကို သနား သဖြင့် ကိုယ်တိုင်ခံစားရမည့် လေးသင်္ချေနှင့် ကမ္ဘာတသိန်း တို့ ကာလပတ်လုံး ပဋိသန္ဓေ အိုနာသေခြင်းစသော ဒုက္ခ အပေါင်းကို မငဲ့ကွက်ပဲ စွန့်စွန့်စားစား ဘုရားဆုကို ပန်ဆင်

ခြင်း, ပါရမီဆယ်ပါး အပြားသုံးဆယ် စွန့်ခြင်းကြီး ငါးပါး စရိယ သုံးပါးတို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူခြင်း စသော ကျေးဇူးတော်ဂုဏ်တော်အပေါင်းကား ရေတွက်၍ပြခြင်းငှါ မစွမ်းနိုင်လောက်အောင် အနန္တများလှ၏။ ငါတို့ကို သနား ကယ်တင်တော်မူတတ်သော ငါတို့၏ အနန္တ ကျေးဇူးသခင် ဘုရားရှင်၏ အနန္တဂုဏ်တော် ကျေးဇူးတော်တို့ကား အံ့သြ ချီးကျူး၍ မကုန်နိုင်အောင် ကြီးကျယ် များမြတ်လှပေစွ တကားဟု ဉာဏ်ဖြင့် သက်ဝင်ယုံကြည်ခြင်း သဒ္ဓါတရားကို ပွါးများစေ၍ အလွန် နှစ်သက် ရွှင်လန်း ပီတိ လွှမ်းကာ ကိုယ်စိတ်ငြိမ်းချမ်း ချမ်းသာသုခဖြင့် ဥပစာရ သမာဓိစိတ် တည်ငြိမ်ခြင်းရသည့်တိုင် ပွါးများရမည်။

ဤသို့ပွါးများခြင်းသည် သဒ္ဓိန္ဒြေကို ပွါးစေသော ဗုဒ္ဓါ-နုဿတိ ကမ္မဋ္ဌာန်း မည်၏။

ဤ၌ ဥပစာရ သမာဓိဟူသည် မဂ်၏အနီး၌ ဖြစ်သော သမာဓိတည်း။

ဘုရားမြတ်စွာ၏ ဂုဏ်တော်၌ ဉာဏ်ဖြင့် သက်ဝင် ဆင်ခြင်ခြင်းမရှိပဲ "ဗုဒ္ဓေါ ဗုဒ္ဓေါ" ဟူ၍ နှုတ်ဖြင့် လျင်မြန်စွာဆို၍ ပုတီး စိပ်ခြင်း အလွတ် အကြိမ်ကြိမ် အထပ်ထပ် ရွတ်ဆိုသော နည်းကား ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း မဟုတ်၊ ပုဂံခေတ်က အရည်းကြီးရဟန်းတို့ မန္တရ, တန္တရ အယူမှ ဆက်နွယ်လာ သော သရဏဂုံမှော်သာတည်း။ ၎င်းနည်းကား ဘုရားဂုဏ် ကို နှုတ်မှ ရွတ်ဆိုပါသော်လည်း လောကီ မှော်သာဖြစ်၍ ရတနာသုံးပါးကို ကျော်ခိုင်း၍ လောကဆင်းရဲသို့သာ သွား သောနည်းတည်း။

ဤသို့ ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်တို့ကို ဆင်ခြင်သုံးသပ် ပွါးများအပ်သည်ရှိသော် တရား, သံဃာတို့ကား ဘုရား၏ဥစ္စာနှင့် တပည့်သားတို့သာဖြစ်၍ ပဓာနဖြစ်သော ဘုရားဂုဏ်တော် ကျေးဇူးတော်ကို သက်ဝင်ယုံကြည်သူကား တရား, သံဃာတို့၏ ဂုဏ်ကျေးဇူးကိုလည်း သက်ဝင်ယုံကြည်ရန် အဆီးအတားမရှိ ပွင့်လင်းဖြောင့်တန်းလေ၏။

**တရားဂုဏ်တော်**

သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

ဣမေဟိ ဂုဏေဟိ သမန္နာဂတံ ဓမ္မံ သိရသာ အဟံ ဝန္ဒာမိ။

**အနက်ကား**— ဘဂဝတာ- ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှပေသော ငါတို့၏ ကျေးဇူးတော်သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ သွာက္ခာတော- ကောင်းစွာ ညွှန်ပြဟောကြားတော်မူအပ်သော။ ဓမ္မော- နိဗ္ဗာန်ရောက်ရန် ဖြောင့်မှန်သော လမ်းစဉ်တရားတော်သည်။ သန္ဒိဋ္ဌိကော-ကိုယ်တွေ့မျက်မှောက် ရအပ်, ရောက်အပ် သိအပ်, ခံစားအပ်သော အကျိုးကို ရခြင်းငှါ ထိုက်၏။ အကာလိကော-အခါမလင့် ရအပ်,ရောက်အပ်,သိအပ်,ခံစား အပ်သော အကျိုးကို ရခြင်းငှါ ထိုက်၏။ ဧဟိပဿိကော- လာလှည့် ရှုလှည့်ဟု ဘိတ်မန်ပြသခြင်းငှါ ထိုက်တန်လောက် အောင် ရအပ်,ရောက်အပ်,သိအပ်,ခံစားအပ်သောအကျိုးကို ရခြင်းငှါ ထိုက်၏။ ဩပနေယျိကော-အနီးကပ်၍ နိဗ္ဗာန်တိုင်

ရောက်အောင် ပို့ဆောင်တတ်သော အကျိုးကို ရခြင်းငှါ ထိုက်၏။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ-မဂ်ရဖိုလ်သိ ပညာရှိတို့ အသီးသီး ရအပ်, ရောက်အပ်, သိအပ်, ခံစားအပ်သော အကျိုးကို ရခြင်းငှါထိုက်၏။ ဇူမေဟိ ဂုဏေဟိ- ဤသို့သော ဂုဏ်တော်အပေါင်းတို့နှင့်။ သမန္နာဂတံ- ပြည့်စုံတော်မူပေသော။ ဓမ္မံ-နိဗ္ဗာန်ရောက်ရန် ဖြောင့်မှန်သော လမ်းစဉ် တရားတော်မြတ်ကို။ အဟံ- ခန္ဓာငါး၀ အပေါင်းမျှကို အတ္တခေါ်ဆို ကိုယ်ဟု တင်စား ဘုရားတပည့်တော်သည်။ သိရသာ-ကိုယ်အင်္ဂါတွင် အမြတ်ပင်ဟု မှတ်ထင်ယူထား ဦးထိပ်ဖျားဖြင့်။ ဝန္ဒာမိ- ဂုဏ်တော်နှစ်ကို စင်စစ်မြတ်နိုး ကြည်ယုံကိုး၍ ရှိခိုး ပူဇော်ပါ၏။

ဤတရားဂုဏ်တော် ပါဠိအနက်ကို နှုတ်တက်ရွရွ အာဂုံရအောင် ကျက်၍ သင့်လျော် လျောက်ပတ်သော အခါ၌ ဂုဏ်တော်၌ ဉာဏ်ဖြင့် သက်ဝင်ကြည်လင် ညွတ်တွား သဒ္ဓါ ပွါးအောင် သာယာ ဖြည်းညှင်းစွာ လက်အုပ် ချီမိုး ရှိခိုး ပူဇော်ရမည်။

ကိုယ်နှုတ်မပါ စိတ်ဖြင့်သာလည်း အဖန်ဖန် အထပ်ထပ် သုံးသပ် ဆင်ခြင် ပွါးများရမည်။

**ပွါးများပုံကား**

(၁) မြတ်စွာဘုရား ကောင်းစွာ ညွှန်ပြဟောကြားတော်မူအပ်သော နိဗ္ဗာန်ဆိုက်ဝင် ဖြောင့်မှန်တန်းသည့် ကျင့်လမ်းစဉ်ဖြစ်သော သရဏဂုံသီလ အခြေခံထား၍ ဇူန္ဒြိယ ဘာဝနာကို ပွါးစေခြင်းသည် ထိုတရားကို ကိုးစား ယုံကြည်ကာ လိုက်နာ ကျင့်ဆောင်သော ငါ့အား အစဉ်မပြတ် ကပ်၍

နှိပ်စက်အပ်သည့်ဖြစ်၍ ပူပန်စေတတ်သော တပ်မက်ခြင်း ရာဂ, ကြမ်းတမ်းပြစ်မှားခြင်း ဒေါသ, မသိတွေဝေ မိုက်မှား ခြင်း မောဟ အစရှိသော ကိလေသာ အကုသိုလ်တရား တို့သည် အနားမကပ်နိုင်ပဲ လွင့်ပျောက်စင်ကြယ်၍ သွား၏။ သို့ ပူပန်ညစ်နွမ်းစေတတ်သော ကိလေသာတို့မှ စင်ကြယ် ခြင်းကြောင့် နှစ်သက် ရွှင်လန်း ပီတိ လွှမ်းခြင်း ကိုယ်စိတ် ငြိမ်းချမ်းခြင်း ချမ်းသာခြင်းဖြစ်၍ သမာဓိရ၏။ ဤသည်ပင် လျှင် ဗုဒ္ဓညွှန်ကြား မြတ်တရား၏ ပဌမ သန္ဒိဋ္ဌိကအကျိုးကို ငါကိုယ်တွေ့ မျက်မှောက် ရအပ်, ရောက်အပ်, သိအပ်, ခံစား အပ်သော အကျိုးပင်တည်း ဟူ၍ တရားတော်၏ စွမ်းအား သတ္တိကို ယုံကြည်သော သဒ္ဓါတရားကို ပွါးစေရမည်။

(၂) ထိုအဆိုပါ အကျိုးကား ပွါးများ အားထုတ်သည် နှင့်တပြိုင်နက် ကာလ အချိန်အခါ အခြားမရှိ အကာလိက အကျိုးရသော ဓမ္မသတ္တိ စွမ်းပကား ရှိပုံကို ယုံကြည်ခြင်း သဒ္ဓါတရားကို ပွါးစေရမည်။

(၃) ထိုသည့် အကျိုးသည် သူတပါးအား လာလှည့် ရှုလှည့်ဟု ပြသခြင်းငှါ ထိုက်လောက်အောင် မိမိ၌ ထင်ထင် ရှားရှားရှိခြင်း ဧဟိပဿိက ဓမ္မသတ္တိ ဂုဏ်ထူးကို သိမြင်၍ ပွါးများစေရမည်။

(၄) ထိုသို့ ပွါးစေအပ်သော ဓမ္မသတ္တိသည် မဂ်ဖိုလ် အနီး၌ကပ်၍ နိဗ္ဗာန်ရောက်အောင် ပို့ဆောင်တတ်သော ဩပနေယျိက ဓမ္မသတ္တိကို ယုံကြည်စွာဖြင့် ပွါးစေရမည်။

(၅) ထိုသို့ ပွါးစေခြင်းဖြင့် မဂ္ဂဋ္ဌာန် လေးယောက် ဖလဋ္ဌာန် လေးယောက်ဟု ဆိုအပ်သော အရိယာပုဂ္ဂိုလ်

အဖြစ်သို့ရောက်၍ မိမိတို့ ပယ်အပ်ပြီးသော အပိုင်းအခြား အားလျော်စွာ ကိလေသာနှင့် ဒုက္ခဇာတ်သိမ်း ငြိမ်းအေးခြင်း နိဗ္ဗုတိအရသာကို အသီးသီးကိုယ်တွေ့မျက်မှောက် ရရောက် သိမြင် ခံစားရခြင်း ဓမ္မရသကို ဉာဏ်ဖြင့်သက်ဝင် ယုံကြည် မြတ်နိုးစွာဖြင့် ဥပစာရ သမာဓိ တိုင်အောင် ပွါးစေရမည်။

ဤသို့ နိဗ္ဗုတိရသ အကျိုးကို ရသည့်တိုင်အောင် စွမ်း ဆောင်နိုင်သော ဓမ္မသတ္တိ စွမ်းပကားကို ကြည်ညိုမြတ်နိုး စွာဖြင့် ပွါးစေခြင်းသည် ဇုန္ဓိယဘာဝနာလည်း မည်၏။ မဂ္ဂင်ရှစ်ပါးကို ပွါးစေခြင်း မဂ္ဂဘာဝနာလည်း မည်၏။ ဓမ္မာနုဿတိ ကမ္မဋ္ဌာန်းလည်းမည်၏။

**သံဃဂုဏ်တော်**

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပ-ဋိပန္နော ဘဂဝတော သာဝကသံဃော၊သာမီစိပ္ပဋိ-ပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော၊ အာဟုနေယျော ပါဟုနေယျော ဒက္ခိဏေယျော အဉ္ဇလိကရဏီယော အနုတ္တရံ ပုည-ခေတ္တံ လောကဿ။

ဣမေဟိ ဂုဏေဟိ သမန္နာဂတံ သံဃံ သိရသာ အဟံ ဝန္ဒာမိ။

**အနက်ကား**—ဘဂဝတော-ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှပေသော ငါတို့၏ ကျေးဇူးတော် သခင် ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏။ သာဝကသံဃော-တပည့်

သား သံဃာတော်အပေါင်းသည်။ သုပ္ပဋိပန္နော-ကောင်းစွာ ကျင့်တော်မူ၏။

ဘဂဝတော-ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူလှ ပေသော ငါတို့၏ ကျေးဇူးတော်သခင် ဘုရားရှင် ကိုယ် တော်မြတ်ကြီး၏။ သာဝကသံဃော-တပည့်သား သံဃာ တော် အပေါင်းသည်။ ဥဇုပ္ပဋိပန္နော-ဖြောင့်မတ် တည့်မှန်စွာ ကျင့်တော်မူ၏။

ဘဂဝတော- ဘုန်းတော် အလွန်တရာ ကြီးမြတ်တော် မူလှပေသော ငါတို့၏ ကျေးဇူးတော်သခင် ဘုရားရှင် ကိုယ် တော်မြတ်ကြီး၏။ သာဝကသံဃော- တပည့်သား သံဃာ တော် အပေါင်းသည်။ ဉာယပ္ပဋိပန္နော-နည်းနာနယ ကျနစွာ ကျင့်တော်မူ၏။

ဘဂဝတော- ဘုန်းတော် အလွန်တရာ ကြီးမြတ်တော် မူလှပေသော ငါတို့၏ ကျေးဇူးတော်သခင် ဘုရားရှင် ကိုယ် တော်မြတ်ကြီး၏။ သာဝကသံဃော-တပည့်သား သံဃာ တော်အပေါင်းသည်။ သာမီစိပ္ပဋိပန္နော-ရိုသေလေးစားစွာ ကျင့်တော်မူ၏။

ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ-မဂ်၌ တည်သော ပုဂ္ဂိုလ် လေးယောက်, ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးယောက် အစုံ တို့သည်။ အဋ္ဌ ပုရိသပုဂ္ဂလာ- ရှစ်ယောက်သော ပရမတ္ထ အရိယာ ပုဂ္ဂိုလ်မြတ်တို့ ဖြစ်တော်မူကြကုန်၏။

ဘဂဝတော-ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှ ပေသော ငါတို့၏ ကျေးဇူးတော်သခင် ဘုရားရှင်ကိုယ်တော် မြတ်ကြီး၏။ ဧသ သာဝကသံဃော- ထို အဆုံး အမတော်ကို

လိုက်နာတတ်သော တပည့် သားတော်ဖြစ်သော ပရမတ္ထ အရိယာ သံဃာတော် အပေါင်းသည်။ အာဟုနေယျော- ရှေးရှုထင်ပေါ် လှူဒါန်း ပူဇော်သည်ကို ခံတော်မူထိုက်၏။

ပါဟုနေယျော-အထူးစိမံ၍ ပို့ဆောင် ပူဇော်အပ်သည်ကို ခံတော်မူထိုက်၏။

ဒက္ခိဏေယျော-ရေစက်သွန်းချ လှူဒါန်းပူဇော်အပ်သော မြင့်မြတ်သော အလှူကို ခံတော်မူခြင်းငှါ ထိုက်တော်မူ၏။

အဉ္ဇလိကရဏီယော - လက်အုပ် ချီမိုး ရှိခိုး ခံတော်မူ ထိုက်၏။

လောကဿ - လောကသူ လူ နတ် ဗြဟ္မာ အပေါင်း၏။ အနုတ္တရံ- အမြင့်မြတ်ဆုံး ဖြစ်သော။ ပုညခေတ္တံ- ကောင်းမှု တည်းဟူသော မျိုးစေ့၏ စိုက်ပျိုးရာ လယ်ယာ မြေကောင်း သဖွယ်ဖြစ်၏။

ဣမေဟိ ဂုဏေဟိ-ဤသို့သော ဂုဏ်တော်အပေါင်းတို့နှင့်။ သမန္နာဂတံ-ပြည့်စုံတော်မူပေသော။ သံဃံ-မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ် အရိယာ သံဃာတော်မြတ် အပေါင်းကို။ အဟံ- ခန္ဓာငါး၀ အပေါင်းမျှကို အတ္တခေါ်ဆို ကိုယ်ဟု တင်စား ဘုရား တပည့်တော်သည်။ သိရသာ-ကိုယ်အင်္ဂါတွင် အမြတ်ပင်ဟု မှတ်ထင်ယူထား ဦးထိပ်ဖျားဖြင့်။ ၀န္ဒာမိ-ဂုဏ် တော်မြတ်ကို ယုံမှတ်ရိုကျိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏။

ဤ သံဃဂုဏ်တော်ပါဠိအနက်ကို နှုတ်တက်ရွရွ အာဂုံ ရအောင် ကျက်၍ သံဃဂုဏ်တော်၌ ဉာဏ်ဖြင့် သက်၀င် ယုံကြည်သည့်တိုင်အောင် သာယာ ဖြည်းညှင်းစွာ ရွတ်ဆို လျက် ရှိခိုးပူဇော်ရမည်။

ကိုယ်နှုတ်မပါပဲ စိတ်ဖြင့်လည်း ရှင်တော် မြတ်ဘုရား၏ တပည့်သား သံဃာ အရိယာရှစ်ယောက်တို့ကား မိမိဘခင် ဘုရားရှင်၏ သွန်သင်ညွှန်ကြား နိဗ္ဗာန်ဝင်ရန် လမ်းစဉ် တရားကို အားပါးစိုက်ကာ ယုံကြည်စွာဖြင့် (၁) ကောင်းစွာ ကျင့်ခြင်း၊ (၂) ဖြောင့်မှန်စွာကျင့်ခြင်း၊ (၃) နည်းနာကျနစွာ ကျင့်ခြင်း၊ (၄) ရိုသေလေးစားစွာ ကျင့်ခြင်း၊ ဤသည့် မဂ်ဖိုလ်ရကြောင်း အကျင့်ဂုဏ်လေးပါးနှင့် ပြည့်စုံအောင် ကျင့်ဆောင်တော်မူခြင်း အကြောင်းကြောင့်သာလျှင် မြင့်မြတ်သော အရိယာပုဂ္ဂိုလ်အဖြစ်သို့ ရောက်ကြကုန်၍ လောကသားတို့၏ အကျိုးစီးပွါးကို ဆောင်နိုင်သော ပူဇော်ခံ သခင်တို့ ဖြစ်ကြသဖြင့် လောကသားတို့ မြတ်နိုးပူဇော်အပ်သော (၁) တိုက်ရိုက်ရှေးရှု လှူဒါန်းပူဇော်သည်ကို ခံထိုက်ခြင်း၊ (၂) အထူးစီမံပြုလုပ် ပို့ဆောင်ပူဇော်သည်ကို ခံထိုက်ခြင်း၊ (၃) ရေစက်သွန်းချ လှူဒါန်းပူဇော်အပ်သော မြင့်မြတ်သော အလှူကိုခံထိုက်ခြင်း၊ (၄) လက်အုပ်ချီမိုး ရှိခိုးပူဇော်သည်ကို ခံထိုက်ခြင်း၊ (၅) လောကသူ လောကသားတို့၏ နိဗ္ဗာန်တိုင်အောင်သော ကောင်းကျိုးအလို့ငှါ ကောင်းမှု တည်းဟူသော မျိုးစေ့၏စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်ခြင်း။ ဤသည့်အကျိုး ဂုဏ်တော်ငါးပါးနှင့် ပြည့်စုံကုန်၏-ဟူ၍ ကြောင်းကျိုးနှစ်ရပ် ဂုဏ်ကိုးထပ်ကို ဉာဏ်ဖြင့် သက်ဝင် ယုံကြည်ခြင်းသဒ္ဓါတရားကို ပွါးစေရမည်။

ထိုမှတပါး သံဃာတော်တို့၏ ဘုရားရှင် အဆုံးအမ တရားတော်တို့ကို မတိမ်ကော မပပျောက်အောင် ထိန်းသိမ်း စောင့်ရှောက်တော်မူကြ၍ ဘုရားရှင်၏ ကိုယ်တော်စား ပြုကာ ဟောညွှန်တော်မူကြသဖြင့်သာ ယခုတိုင်အောင်

ညွှန်းပြောင် တောက်ပ၍ မိုလ်လူအများ တရားအရသာ ခံစားရပေသည်။ ယခုတိုင် ငါတို့တွေ့ကြုံရပေသည်ဟုလည်း ကျေးဇူးဂုဏ်ကို အောက်မေ့ဆင်ခြင်ရမည်။ ထိုသည့်ကျေးဇူး တော် ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူကုန်သော အရိယာ တို့၏ ဖြောင့်ဖြောင့်တန်းတန်း သွားရာလမ်းကား မတိမ် ကော မပပျောက်ပဲ ယခုတိုင်အောင် ထင်ထင်ရှားရှားရှိ၏၊ ထိုဖြောင့်တန်း ထင်ရှားသော လမ်းစဉ်သို့ ငါသက်ဝင်မိပြီး ဖြစ်၍ ငါလျှင်အရိယာအဖြစ်သို့ရောက်အောင် ကျင့်ဆောင် အံ့ ဟူ၍ အဖန်ဖန်အထပ်ထပ် သုံးသပ်ဆင်ခြင်ပွါးများစေ၍ သမာဓိသို့ ရောက်စေရမည်။

၍ကား သံဃဂုဏ်ကို အာရုံပြု၍ ဇူန္ဓိယဘာဝနာ, မဂ္ဂ- ဘာဝနာ, သံဃာနုဿတိကမ္မဋ္ဌာန်း စီးဖြန်း ပွါးများစေ ခြင်းတည်း။

၍သို့ ပွါးစေအပ်သော သဒ္ဓါစွမ်းအားနှင့် ပြည့်စုံသူသည် သောတာပန်၏အင်္ဂါ အရိယကန္တသီလကို ပြည့်စုံစေခြင်းငှါ စွမ်းနိုင်လေ၏။

**သီလဂုဏ်**

သီလကို မစောင့်ထိန်းပဲ သူ့အသက် သတ်ခြင်းစသော မကောင်းမှုကို ပြုသောသူသည် လက်ငင်းဒိဋ္ဌ ခဘဝ၌ပင် ဆန့်ကျင်ဘက် ဘေးရန်တိုးပွါးခြင်း, စိတ်ဆင်းရဲပူပန်ရခြင်း, တမလွန်လောက နောင်ဘဝ၌လည်း မကောင်းမှုကို ပြုလုပ် သူတို့ လားရောက်ရာ ငရဲသို့လားရောက်ရသည်ဖြစ်၍ ငရဲသား တို့ ခံစားအပ်သောဘေးရန် အမျိုးမျိုးတိုးပွါးခြင်း, လောက သားတို့အားလည်း သေဘေးစသည်ဖြင့် အစဉ်ခြိမ်းချောက် လွန်ကျူး၍ ဘေးရန်ဖြစ်ပွါးစေခြင်းတို့ဖြင့် မိမိအကျိုးစီးပွါး

လောက၏ အကျိုးစီးပွါးကို ဖျက်ဆီးတတ်သူဖြစ်၍ ဆန့် ကျင်ဘက် ဘေးရန်ကိုသာ ရှာမှီးပြုလုပ် ကျူးလွန်တတ်သူ ဖြစ်၏။ ထို့ကြောင့် ထိုသူသည် မိမိအကျိုးမဲ့ သတ္တဝါတို့၏ အကျိုးမဲ့ကို ပြုကျင့်တတ်သော ဗာလ လူမိုက်မည်၏။ ထို လူမိုက်ကား အပါယ်တံခါး ဟင်းလင်းပွင့်၍ နတ်ရွာ နိဗ္ဗာန် တံခါး ပိတ်ရကား အပါယ်တလမ်းတည်းသာ သွားသူဖြစ် ၏။ ဤကား သီလမရှိခြင်း၏ အပြစ်တည်း။

သူ့အသက် သတ်ခြင်းစသော မကောင်းမှုတို့ကို ရှောင် ကြဉ်၍ သီလစောင့်ထိန်းသောသူသည် မိမိ၏ပစ္စက္ခ ယခုဘဝ ဘေးရန်, တမလွန်ဘဝ ဘေးရန်နှင့် လောကသူအများ၏ ဘေးရန်တို့ကို ငြိမ်းစေ၍ အပါယ်တံခါးပိတ်၍ နတ်ရွာနိဗ္ဗာန် တံခါးပွင့်၏။ ထို့ကြောင့် သီလစောင့်ထိန်းခြင်းသည် မိမိ ကောင်းကျိုး လောကသတ္တဝါတို့၏ ကောင်းကျိုးကို ကျင့် သည်မည်၏။

ထိုသူသည် ပဏ္ဍိတ ပညာရှိမည်၏။ ထိုသို့ ပညာရှိ လက္ခဏာ ပြည့်စုံစွာဖြင့် သီလစောင့်ထိန်းခြင်းသည်လည်း ရတနာသုံးပါးကို ကျောခိုင်း၍ ဘဝတောင့်တသူသည် ဘဝတည်းဟူသော ဝဋ်ဆင်းရဲ၌ နစ်မြုပ်ရမြဲတည်း။ ရတနာ သုံးပါး၏ဂုဏ်ကို ယုံကြည်၍ ဘဝတည်းဟူသော သံသရာဝဋ် ဒုက္ခမှ ထွက်မြောက်ရာ နိဗ္ဗာန်ကို အာရုံပြုရှေးရှုညွတ်ကိုင်းကာ စောင့်သုံးသောသူတို့သာလျှင် နိဗ္ဗာန်လမ်းသို့ ဖြောင့်တန်းစွာ ဝင်နိုင်ကုန်၏။ ဤကား သီလ၏ ဂုဏ်ကျေးဇူးတည်း။

ရတနာသုံးပါးဂုဏ်ကို ယုံကြည်ခြင်း သဒ္ဓါအစရှိသော ဉာဏ်နှင့် သမ္မာဒိဋ္ဌိအစရှိသော မဂ္ဂင်ရှစ်ပါးတို့ကို ပွါးများ

အပ်သော ဥပါသကာ,ဥပါသိကာသည် ဤသည့်သီလဂုဏ်ကို လည်း အောက်မေ့ဆင်ခြင် ပွါးများစေရမည်။

ငါကား ရတနာမြတ်သုံးပါး၏ ဂုဏ်ကိုလည်း ပွါးစေ၏၊ အရိယာတို့ မြတ်နိုးလှစွာ အသက်နှင့်ထပ်တူထား၍ စောင့် သုံး အပ်သော အရိယကန္တမည်သော သီလကိုလည်း စောင့်သုံးရ၏။ ဤသည့်သီလ ဂုဏ်ကျေးဇူးကြောင့် ဒုဿီလ သီလမရှိသောသူတို့၏ ရရောက်အပ်သော ဘေးရန်အပေါင်း မှ လွှန်မြောက်၍ အရိယာ သူတော်ကောင်းတို့ သွားရာဖြစ် သော ဓမ္မာနုဓမ္မပ္ပဋိပတ္တိမည်သော လောကုတ္တရာ တရား ကိုးပါးအားလျော်စွာ နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်လမ်း ကြောင်း၌ တည်လျက်ရှိ၏။ ဤသို့ နိဗ္ဗာန်သို့ ရှေးရှုညွှတ် ကိုင်းလျက် ဤဖြောင့်တန်းသော လမ်းစဉ်သည် ဧကန်မုချ ဒုက္ခငြိမ်းရာ နိဗ္ဗာန်ရောက်အောင် ငါ့ကို ပို့ဆောင်နိုင်၏ဟု ယုံကြည်ခြင်း သဒ္ဓါတရားကို အဖန်ဖန်အထပ်ထပ် ပွါးစေအပ် သည်ရှိသော် နှစ်သက်ရွှင်လန်း ပါမောဇ္ဇပီတိလွှမ်း၍ ကိုယ် စိတ်ပူပန်ခြင်း ငြိမ်းချမ်းကာ ချမ်းသာသုခဖြစ်၏။ ထို့ကြောင့် စိတ်တည်ငြိမ်ခြင်း သမာဓိဖြစ်၏။

ဤသို့ ပွါးများသဖြင့် ဣန္ဒြိယဘာဝနာ, မဂ္ဂဘာဝနာ, သီလာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းခြင်းဘာဝနာ ပြည့်စုံသည် ရှိသော် ယထာဘူတဉာဏ်သို့ ဆိုက်ရောက်၍ သစ္စာလေးပါး ကို သိမြင်ကာ သဒ္ဓါခုရဖြင့် သဒ္ဓါနုသာရီ သောတာပန် အဖြစ်သို့ ရောက်နိုင်သတည်း။

**ဣန္ဒြိယဘာဝနာ ပြည့်ပုံ**

အထက်က ပြဆိုခဲ့ပြီးသော နိဗ္ဗာန်လမ်းညွှန် တရားတော်၌ ဣန္ဒြိယဘာဝနာ ပြည့်ပုံကား – မိမိယုံကြည်မြတ်နိုးအပ်သော

ရတနာသုံးပါးတို့၏ နိဗ္ဗာန်ရောက်အောင် ပို့ဆောင်နိုင်သောဂုဏ်တော်နှင့် မိမိစောင့်သုံးအပ်သောသီလ၏ အပါယ်တံခါးပိတ်၍ နိဗ္ဗာန်တံခါးပွင့်နိုင်သော ဂုဏ်ကျေးဇူးတို့ကို ဉာဏ်ဖြင့် သက်ဝင်ယုံကြည်ခြင်း သဒ္ဓါတရားကို ရှေးဦးထား၍ သဒ္ဓါခုရအားဖြင့် အဖန်ဖန်အထပ်ထပ် သဒ္ဓိန္ဒြေကိုပွါးစေသည်ရှိသော် သဒ္ဓါတရား အားကြီး ရင့်ကျက်သည်နှင့် အမျှ အားထုတ်ခြင်းဝီရိယ ရင့်သန်ပွါးများလာ၏၊ ထို့ကြောင့် ဝီရိ-ယိန္ဒြေကို ပွါးစေခြင်း ဘာဝနာပြည့်စုံ၏၊ ယိုသည့်ယုံကြည်ခြင်း သဒ္ဓါနှင့် အားထုတ်ခြင်းဝီရိယ ရင့်သန်ပြည့်စုံလျှင် မေ့လျော့ခြင်းကင်းသော မပြတ်တင်သော သတိတရား အားကြီးရင့်သန်လာ၍ သတိန္ဒြေကိုပွါးစေခြင်း ဘာဝနာပြည့်စုံ၏၊ အစဉ်မပြတ် ထင်သောသတိရှိခဲ့သော် စိတ်၏တည်ငြိမ်ခြင်း သမာဓိ ရင့်သန်လာရကား သမာဓိန္ဒြေကိုလည်း ပွါးစေသည်မည်၍ ဘာဝနာ ပြည့်ခြင်းသို့ ရောက်၏၊ သမာဓိ ရင့်ကျက်ခြင်းဖြင့် သာ သစ္စာလေးပါး ပိုင်းခြားသိမြင်တတ်သော ယထာဘူတဉာဏ်သို့ ဆိုက်နိုင်ရကား ပညိန္ဒြေကို ပွါးစေခြင်း ဘာဝနာ ပြည့်စုံခြင်းသို့ ရောက်၏၊ ဤသို့ သဒ္ဓါခုရအားဖြင့် ဣန္ဒြေကို ပွါးစေ၍ ဘာဝနာပြည့်စုံလျက် ဣန္ဒြေရင့်ကျက်သဖြင့် မဂ္ဂင်ရှစ်ပါးကို ပွါးများခြင်း မဂ္ဂဘာဝနာပြည့်စုံ၍ ရှေးဦးဖြစ်သော သောတာပတ္တိမဂ်သို့ ဆိုက်ရောက်သည်ရှိသော် သဒ္ဓါခုရ သဒ္ဓါတရား ရှေးဦးထား၍ နိဗ္ဗာန်လမ်းညွှန်တရားတော် ပွါးများစေသော သဒ္ဓါနုသာရီ သောတာပန်မည်၏။ သောတာပတ္တိဖိုလ်သို့ ရောက်သည်ရှိသော် သဒ္ဓါဝိမုတ္တသောတာပန်မည်၏။

**မဂ္ဂဘာဝနာ ပြည့်ပုံ**

မဂ္ဂဘာဝနာ ဟူသည် သမ္မာဒိဋ္ဌိရှေ့သွားရှိသော မဂ္ဂင်ရှစ်ပါးကို ပွါးစေခြင်းတည်း။ သမ္မာဒိဋ္ဌိသည် အဘယ်နည်း ဟူမူကား သစ္စာလေးပါးကို သိမြင်သော ဉာဏ်ပင်တည်း။ သစ္စာလေးပါးကို သိမြင်သောဉာဏ်ကား ဤသည့် ဓမ္မာနုဓမ္မပဋိပတ္တိခေါ် လောကုတ္တရာတရား ကိုးပါးအား လျော်သော အကျင့်ကို လိုက်နာကျင့်ဆောင်ခြင်းငှါ ဥပါသကာ, ဥပါသိကာအဖြစ်သို့ ကပ်ရောက်သောသူအား ရှေးဦးစွာကပင် ဖြစ်၏။

ဖြစ်ပုံကား သံသရာ၌ ဘဝဟူသည် ခန္ဓာနမ်ရုပ်ဟုဆိုအပ်သော သင်္ခါရတရားတို့၏ အဖြစ်အပျက်သာတည်း။ ထိုဘဝသည် ပဋိသန္ဓေ အို နာ သေဘေးတို့ဖြင့် အစဉ်မပြတ် နှိပ်စက်အပ်သည်ဖြစ်၍ စိုးရိမ် ငိုကြွေး ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ စိတ်နှလုံးပြင်းစွာပူပန်ခြင်း အစရှိသော ဆင်းရဲအပေါင်းတို့၏ ပေါင်းစုဖြစ်ပွါးရာသာဖြစ်၍ ဆင်းရဲခြင်းစင်စစ် ကေန်မှန်သော ဒုက္ခတရားသာတည်းဟု သူတော်ကောင်းတို့တရားကို ကြားနာရသည်ကို အခြေပြု၍ အနုမာနအားဖြင့် သိမြင်ရ၏၊ ဤသည့်ဘဝကား အကြောင်းရှိ၍ ဖြစ်ပေါ်လာတတ်သော အကျိုးဖြစ်သော ပဋိစ္စသမုပ္ပါဒ်တရားတည်း။

အကြောင်းကား သံသရာဘဝ၌သာ ရှည်မြင့်စွာက တည်မှီဖြစ်ပေါ်လာကြသော သတ္တဝါတို့သည် ဓမ္မတာအားဖြင့် ဖြစ်ရာဘဝ၌ မွေ့လျော် ပျော်ပိုက်ကြကုန်၍ ဘဝကိုသာ သာယာကပ်ငြိ နှစ်သက်မြတ်နိုးလိုလားတောင့်တမှု တဏှာသာလျှင်ပွါးများကြကုန်၍ အားကြီးသော ဘဝတဏှာဖြစ်၏၊ ဤသည့် ဘဝတဏှာတည်းဟူသော အကြောင်းတရားရှိ၍

ဘဝတည်းဟူသော အကျိုးတရား ဘဝစဉ်ဆက် စက်လည်၍ ဖြစ်ခြင်းသည်ပင် ဘဝသံသရာတည်းဟု ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို အကျဉ်းအားဖြင့် သိမြင်၏၊ ဤတွင် ဘဝကား ဆင်းရဲခြင်းစင်စစ် ဧကန်မှန်သော ဒုက္ခသစ္စာတရားတည်း။ တဏှာကား ဒုက္ခဖြစ်ကြောင်း စင်စစ်ဧကန် မှန်သော သမုဒယသစ္စာ တရားသာတည်း။ ဤသည့် ဒုက္ခသမုဒယနှင့် ဒုက္ခသစ္စာ နှစ်ပါးသာ လောက သံသရာမှာ စက်လည်၍ နေသော လောကီသစ္စာနှစ်ပါးတည်းဟုသိမြင်၏၊ အကယ်၍ ဘဝတဏှာသာ အချင်းခပ်သိမ်း မဖြစ်ပေါ်ပဲ ချုပ်ငြိမ်းခြင်းသို့ ရောက်ခဲ့သော် ဘဝဟူ၍ ဖြစ်ပေါ်၍ မလာနိုင်တော့ပဲ ချုပ်ငြိမ်းခြင်းဘဝနိရောဓ နိဗ္ဗာန်တည်းဟု နိရောဓသစ္စာကို မြင်၏။

ထိုသည့်ဘဝတဏှာကို ပယ်၍ နိရောဓနိဗ္ဗာန်ဆိုက်ရောက်အောင် ကျင့်ရသော အဋ္ဌင်္ဂိကမဂ်ကား မဂ္ဂသစ္စာတည်းဟု သိမြင်၏။

ဤသို့ ပဋိစ္စသမုပ္ပါဒ်နှင့် လေးရပ်သောသစ္စာတရားတို့ကို သပ္ပုရိသသံသေဝ, သဒ္ဓမ္မဿဝန, ယောနိသောမနသိကာရ တည်းဟူသော အကြောင်းအရင်းခံ၍ သိမြင်သောကြောင့် ဘဝသံသရာ၌ အပြစ်ကို ရှုမြင်ကာ စက်ဆုပ်ငြီးငွေ့လျက် ဘဝသံသရာမှ လွတ်မြောက်ရန်လိုလား၍ နိဗ္ဗာန်သို့သွားရာ လမ်းကိုရှာ၏။

ထိုသည့်လမ်းကား ဘုရားရှင်တို့သာ ပါရမီတော်စွမ်းအားကြောင့် မိမိသဘောအတိုင်း ဆရာမရှိထိုးထွင်း၍ သိကောင်း၏၊ လူသာမန်တို့သိရန် အရာမဟုတ်သဖြင့် ဘုရားရှင်တို့ညွှန်ကြားအပ်သော လမ်းသို့သာ လိုက်ကြရ၏။

ထို့ကြောင့် ဓမ္မာနုဓမ္မပ္ပဋိပတ္တိ-ဟူသော လောကုတ္တရာ တရားကိုးပါးအားလျော်သော သောတာပန်ဖြစ်ရန် စတုတ္ထ ကျင့်ဝတ်အင်္ဂါကို လိုက်နာကျင့်ဆောင်၍ နိဗ္ဗာန်လမ်းကို ဖြောင့်တန်းစွာ သွားခြင်းငှါ ရတနာသုံးပါးတို့အား ကိုးစား ဆည်းကပ်ခြင်း, သရဏဂုံသုံးပါးနှင့် အရိယကန္တ သီလခံယူ ဆောက်တည်၍ ဥပါသကာ, ဥပါသိကာအဖြစ်သို့ ကပ်ရောက် ပြီးလျှင် ဇာဗြိယဘာဝနာ, မဂ္ဂဘာဝနာတို့ကို ပွါးစေရခြင်း ပင်တည်း။

၍သို့ မဂ္ဂဘာဝနာ ပွါးစေရခြင်းသည်လည်း အကုသိုလ် စစ်သည်ဗိုလ်ပါ များလှစွာနှင့် တဏှာတည်းဟူသော ကိ- လေသမာရ်မင်းကို နှိမ်နင်းချိုးဖျက် ညက်ညက်ထွားထွား အကြွင်းအကျန် မထားပဲ အောင်မြင်မှသာ အောင်ပွဲခံ၍ နိဗ္ဗာန်ဝင်နိုင်ရကား ထိုကိလေသမာရ်ကို တိုက်ဖျက်ခြင်းငှါ သမ္မာဒိဋ္ဌိတည်းဟူသော ဉာဏ်ကို ဗိုလ်မှူးတင်၍ မဂ္ဂင်ရှစ်ပါး တည်းဟူသော ဗိုလ်ပါဖြင့် စစ်ဆင်၍ တိုက်ခိုက်နှိမ်နင်းခြင်း ပင်တည်း။

ထိုသို့ ကိလေသမာရ်ကို တိုက်ပွဲဆင်ရာတွင် သမ္မာဒိဋ္ဌိ မဂ္ဂင်ကား သစ္စာလေးပါးကို ကောင်းစွာမြင်ခြင်းဖြင့် ရှေ့သွား ခေါင်းဆောင်၍ ဖြစ်၏။ သမ္မာသင်္ကပ္ပ မဂ္ဂင်သည် ကောင်းစွာ ကြံစည်ခြင်းဖြင့် သမ္မာဒိဋ္ဌိအား ရှေ့ဦးတင်၍ နောက်မှဝန်းရံ လျက် အတူတကွ ဖြစ်၏။ သမ္မာဝါစာ မဂ္ဂင်သည် မုသား ဆိုခြင်း, ချောပစ်ကုံးတိုက်ခြင်း, ကြမ်းတမ်းဆဲဆိုတိုင်းထွာခြင်း, အကျိုးမရှိ ပြိန်ဖျင်းသော စကားကိုဆိုခြင်း တည်းဟူသော ဝစီဒုစရိုက်လေးပါးမှ ဝင်ရောက်လာမည့် ကိလေသမာရ်စစ် သည်တို့ကို မဝင်မရောက်နိုင်အောင် စောင့်စည်းခြင်းဖြင့်

သမ္မာဒိဋ္ဌိအား ဝန်းရံ၍ အတူတကွဖြစ်၏။ သမ္မာကမ္မန္တမဂ္ဂင်သည် သူ့အသက်သတ်ခြင်း, သူ့ဥစ္စာခိုးယူခြင်း, သူ့သားအိမ်ရာ၌ ပြစ်မှားခြင်းတည်းဟူသော ကာယဒုစရိုက်မှ ဝင်ရောက်လာမည့် ကိလေသမာရ်စစ်သည်တို့ကို တားမြစ်၍ ကောင်းမြတ်သော ကာယကံကို ဖြစ်စေခြင်းဖြင့် သမ္မာဒိဋ္ဌိအား ဝန်းရံ၍ အတူတကွဖြစ်၏။ သမ္မာအာဇီဝမဂ္ဂင်သည် မကောင်းသော အသက်မွေးမှုမှ ဝင်ရောက်လာမည့် ကိလေသမာရ် စစ်သည်တို့ကို သုတ်သင်စင်ကြယ်စေခြင်းဖြင့် သမ္မာဒိဋ္ဌိအား ဝန်းရံ၍ အတူတကွဖြစ်၏။သမ္မာဝါယာမမဂ္ဂင်သည် အကုသိုလ် ကိလေသမာရ်စစ်သည်တို့ကို ပယ်လှန်သတ်ပုတ်နှိမ်နင်း၍ သမ္မာဒိဋ္ဌိတည်းဟူသော ဗောဓိဉာဏ်၏ အသင်းအပင်း ကုသိုလ်တရား ဖြစ်ပေါ်တိုးပွါးစေခြင်းငှါ အားထုတ်ခြင်းဖြင့် သမ္မာဒိဋ္ဌိအား ဝန်းရံ၍ အတူတကွဖြစ်၏။ သမ္မာသတိ မဂ္ဂင်သည် မေ့လျော့ခြင်းကြောင့် ဝင်ရောက်လာမည့် ကိလေသမာရ် စစ်သည်တို့ကို မဝင်မရောက်နိုင်အောင် တားမြစ်စောင့်ရှောက်ခြင်းဖြင့် သမ္မာဒိဋ္ဌိအား ဝန်းရံ၍ အတူတကွဖြစ်၏။ သမ္မာသမာဓိမဂ္ဂင်သည် ကိလေသမာရ်စစ်သည်တို့သည် တုန်လှုပ်ရွေ့ရှားစေခြင်းငှါ မတတ်နိုင်အောင် ခိုင်မြဲတည်ငြိမ်ခြင်းဖြင့် သမ္မာဒိဋ္ဌိအား ဝန်းရံ၍ အတူတကွဖြစ်၏။ ဤသို့လျှင် သမ္မာဒိဋ္ဌိရှေ့သွားခေါင်းဆောင်ပြု၍ ကြွင်းသောမဂ္ဂင်ခုနစ်ပါး ဗိုလ်များဝန်းရံလျက် ဗောဓိပက္ခိယ တရားအပေါင်းတည်းဟူသော စစ်သည်ဗိုလ်ပါအများနှင့်တကွ နိဗ္ဗာန်တံခါးသို့ ဝင်ခြင်းငှါ တဏှာတည်းဟူသော ကိလေသမာရ်မင်းနှင့်တကွသော အကုသိုလ်စစ်သည်ဗိုလ်ပါအပေါင်းတို့ကို တိုက်ခိုက် နှိမ်နင်းသတ်ဖြတ်ခြင်းသည်ပင် မဂ္ဂဘာဝနာ မည်သတည်း။

ဤသို့ သရဏဂုံသီလခံယူစောင့်သုံးခြင်းမှ အစပြု၍ သောတာပတ္တိမဂ်သို့ ရောက်သည့်တိုင်အောင် အဖန်ဖန် အထပ်ထပ် ပွါးစေအပ်သော ဣန္ဒြိယဘာဝနာ, မဂ္ဂဘာဝနာ အစဉ်သည် လောကုတ္တရာ သောတာပတ္တိမဂ်၏ ရှေ့အဘို့၌ ကျင့်အပ်သော ပုဗ္ဗဘာဂ ပဋိပဒါမည်၏။ ဤသည့်ဘာဝနာ ကုသိုလ်သည်ကား လောကီကုသိုလ်သာဖြစ်၍ အကုသိုလ်ကိလေသာတို့ကို အခိုက်အတန့်အားဖြင့်သာ ပယ်၏၊ပယ်အပ်ပြီးသော အကုသိုလ် ကိလေသာတို့သည် မေ့လျော့ခြင်း ပမာဒနှင့် မသင့်သောနှလုံးသွင်းခြင်း အယောနိသောမနသိကာရဟူသော အကြောင်းအထောက်အပံ့ကို ရသည်ရှိသော် နောက်ထပ်တဖန် ဖြစ်ပေါ်လာနိုင်သေး၏။ ဤသို့အားဖြင့် အဖန်ဖန် အထပ်ထပ် ကိလေသာတို့ကို ပယ်သတ်အပ်သည်ဖြစ်၍ ဣန္ဒြေရင့်ကျက် ဘာဝနာပြည့်စုံခြင်းသို့ ရောက်သည်ရှိသော် ပုထုဇန် အနွယ်ကိုဖြတ်၍ လောကုတ္တရာမဂ်ဉာဏ်ကို ဖြစ်စေတတ်သော ဂေါတြဘူဉာဏ်ဟူ၍ စိတ္တက္ခဏ တချက်မျှဖြစ်၍ မိမိကိစ္စပြီးမြောက်ချုပ်ငြိမ်းလေ၏။

ထိုမှ အခြားမဲ့၌ လောကုတ္တရာ သောတာပတ္တိ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၏ သောတာပတ္တိ မဂ်စိတ်တကြိမ်နှင့် မဂ်ဉာဏ်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း, သမုဒယသစ္စာကိုပယ်ခြင်း, နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကိုပွါးစေခြင်း ကိစ္စလေးချက်ကို တပြိုင်နက်ပြီးစေ၍ ချုပ်ငြိမ်း၏။

ထိုမှ အခြားမဲ့၌ အကျိုးအဖြစ် သောတာပတ္တိဖိုလ်စိတ်ဖြစ်၍ သောတာပတ္တိဖလဋ္ဌာန် ပုဂ္ဂိုလ်အဖြစ်သို့ ရောက်၏။ ထိုသောတာပန် ပုဂ္ဂိုလ်သည် အပါယ်တံခါး လုံးဝပိတ်၍

အပါယ်ဒုက္ခကို လွန်မြောက်၏၊ အထက်မဂ်ဖိုလ်သာလျှင် လည်းလျောင်းရာရှိ၏။

ထိုသို့ သောတာပန်ဖြစ်ပြီးသော ပုဂ္ဂိုလ်သည် ဗုဒ္ဓ ရင့်နုအလျောက် (၁) ဗုဒ္ဓရင့်၍ ယခုဘဝတွင် အရဟတ္တ ဖိုလ်သို့ရောက်ပြီး နိဗ္ဗာန်ဝင်သောပုဂ္ဂိုလ် (၂) ယခုဘဝ အနာဂါမိဖိုလ်သို့ရောက်ပြီး အနာဂါမ်အဖြစ်နှင့် စုတေ၍ သုဒ္ဓါဝါသဘုံ၌ နိဗ္ဗာန်ဝင်သော ပုဂ္ဂိုလ် (၃) ယခုဘဝ သကဒါဂါမိ ဖိုလ်ရောက်ပြီး သကဒါဂါမ်အဖြစ်နှင့် စုတေ၍ ကာမသုဂတိဘုံ၌ တဘဝဖြစ်ပြီးမှ နိဗ္ဗာန်ဝင်သော ပုဂ္ဂိုလ် (၄) ယခုဘဝ အထက်မဂ်ဖိုလ် မရသေးဘဲ သောတာပန် အဖြစ်နှင့် စုတေ၍ ကာမသုဂတိဘုံ၌ တဘဝဖြစ်ပြီးမှ နိဗ္ဗာန်ဝင်သော ဧကဗီဇီ သောတာပန် (၅) ယခု ဘဝ အထက်မဂ်ဖိုလ် မရပဲ သောတာပန်အဖြစ်နှင့် စုတေ၍ ကာမသုဂတိဘုံ၌ ၂-ဘဝ၊ ၃-ဘဝ၊ ၄-ဘဝ၊ ၅-ဘဝ၊ ၆-ဘဝဖြစ်ပြီးမှ နိဗ္ဗာန်ဝင်သော ကောလံကောလ သော တာပန် ပုဂ္ဂိုလ် ၅-မျိုး (၆) ယခုဘဝ အထက်မဂ်ဖိုလ်ကို မရသေးပဲ ကာမသုဂတိဘုံ၌ နောက် ၇-ဘဝဖြစ်ပြီးမှ နိဗ္ဗာန် ဝင်သော သတ္တက္ခတ္တုပရမသောတာပန်ဟူ၍ နိဗ္ဗာန်ဝင် သော ကာလအပိုင်းအခြားရှိ၏။

အထက်ပါ ဗုဒ္ဓရင့် အဆင့်ဆင့်ကိုပင် မမှီနိုင်ပဲ သဒ္ဓါ အားနည်းစေကာမူလည်း စိတ်မလျှော့ပဲ ဇွဲလုံ့လဖြင့် အား ထုတ်ရမည်။ မည်မျှပင် မကျွန်းမမာ ရှိစေကာမူလည်း ငါကား ရည်မှန်းကိုင်းမရ မဂ်ဖိုလ်မရ ကိစ္စမပြီး အချည်းနှီး ဖြင့်သာ ဤဘဝ ကုန်ဆုံးရချေတော့မည်ဟု စိတ်ပျက်အား လျှော့၍ နိဗ္ဗာန်ရည်ညွှန်း တောင့်တသော မိမိ၏ အာသာ

ဆန္ဒကို မစွန့်လွှတ်ရ၊ စွန့်လွှတ်မိခဲ့သော် ချွတ်ချော်ခြင်းဖြစ်၍ နိဗ္ဗာန်ကျောခိုင်းရာကျလိမ့်မည်။ သေသည့်အခြားမဲ့၌ ဂတိမမြဲရှိလိမ့်မည်။ မိမိအာသာဆန္ဒကို မစွန့်လွှတ်မှသာ နိဗ္ဗာန်ရှေးရှု အာရုံပြုလျက် သေရ၍ နတ်ပြည်၌ ဖြစ်ရခြင်း ဂတိမြဲဖြစ်၏။ ဤသို့ မဂ်ဖိုလ်နိဗ္ဗာန်ကို တောင့်တ၍ အားထုတ်ပါလျက် ယခုဘဝတွင် ဇာန်မြွမရင့်သေး၍ မရသေးမီ သေရစေကာ အာသာဆန္ဒ မလွှတ်မစွန့်ပဲ သေသောသူသည် အာရဒ္ဓ-ဝိပဿက ပုဂ္ဂိုလ်မည်၏။ ထိုသူသည် နတ်ပြည်၌ဖြစ်၍ မိမိဘဝသစ်၌ ဖြစ်ခြင်းကို မသိမဆင်ခြင်မိသေးမီ ရှေးဦးစွာပင် ရှေးက မိမိလေ့လာခဲ့သော အစဉ်အတိုင်းကို အာရုံပြု သုံးသပ်၍ သောတာပန် အဖြစ်သို့ ရောက်ပြီးမှ ဘဝသစ် အဖြစ်ကို ဆင်ခြင်၏။ ဇာန်နုသေးသဖြင့် ဤတွင်မှ သောတာပန်မဖြစ်နိုင်သေးရှိသော် နတ်ပြည်၌ တရံတခါ သုဒ္ဓါဝါသမှ ဖြဟ္မာမင်းသော်၎င်း, သိကြားမင်းသော်၎င်း, ဓမ္မကထိက-အရိယာ နတ်သားသော်၎င်း တရားဟောသောအခါ မိမိရှေးက အလေ့အလာကို သတိရ၍ သောတာပန်ဖြစ်နိုင်၏။ ဇာန်နုသေး၍ ဤတွင်မှမဖြစ်သေး၍ပြန်သော်လည်း နတ်ပြည်၌သာ ဖြစ်ရ၍ မေတ္တေယျဘုရားရှင် သာသနာ၌ ကျွတ်တမ်းဝင်နိုင်၏။ ဤကား အယုတ်ဆုံးအဆင့်တည်း။ ထို့ထက်လွန်၍ ဘဝသံသရာ မဆက်မလည်နိုင်တော့ပေ။

ဤမျှ ကျေးဇူးများသော ဤလမ်းစဉ်ကို ယုံကြည်ကိုးစား၍ ကေန်မုချ ငါနိဗ္ဗာန်ရရမည်ဟု သန္နိဋ္ဌာန ဆုံးဖြတ်ချက်ချ၍ နိဗ္ဗာန်ရည်ညွှန်းတောင့်တခြင်း အာသာဆန္ဒကို ထက်သန်စွာထားလျက် ကြိုးစားအားထုတ်ရာသတည်း။

## နိဂုံး

ဤမျှ ညွှန်ကြားအပ်သော နိဗ္ဗာန်ဝင်လမ်းစဉ်ကား အလွန် အကျဉ်းချုံး၍ ပြအပ်သော သဒ္ဓါဓုရ လမ်းစဉ်မျှတည်း။ ဤ လမ်းစဉ်ကို ဝိသုဒ္ဓိခုနစ်ပါး ဝိပဿနာဉာဏ်စဉ်တို့ဖြင့် ညှိနှိုင်း တိုက်ဆိုင် ရှင်းပြညွှန်ကြားရန် ကြွင်းကျန်သေး၏။ ထိုမှတပါး ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး သုံးသပ်ခြင်း, သင်္ခါရတရား တို့ကို လက္ခဏာတင်၍ သုံးသပ်ခြင်း, သုဒ္ဓဝိပဿနာကို ပွါး စေ၍ ဓမ္မာနုသာရီ ဒိဋ္ဌိပ္ပတ္တ သောတာပန် လမ်းစဉ်နှင့် အာနာပါနဿတိ သမာဓိနှင့် ဝိပဿနာအစုံအားဖြင့် ပွါးစေ၍ ဓမ္မာနုသာရီ ကာယသက္ခိသောတာပန် လမ်းစဉ် တို့လည်း ရှိပေသေး၏၊ ၎င်းတို့ကိုလည်း ညွှန်ကြားရန် အခွင့် မသာ၍ ချွင်းချန်ခဲ့ရ၏။ သို့ပင်ဖြစ်စေကာ ဤမျှ ပြဆိုအပ်ပြီး သော လမ်းစဉ်ဖြင့်ပင် သဒ္ဓါတရားလက်ကိုင်ရှိသူတို့ သဒ္ဓါကို ပွါးစေ၍ အကျိုးပြီးမြောက်နိုင်လောက်အောင် အထောက် အပံ့ရစေနိုင်လောက်ပြီ ဖြစ်၍ ဤတွင်ပင် အဆုံးသတ်လိုက် ရပေသတည်း။

## ဆုတောင်း

ဤလမ်းညွှန်တရားသည် သဒ္ဓါရှိသူ ဗိုလ်လူအများတို့အား နိဗ္ဗာန်တိုင်အောင် ကောင်းကျိုးဆောင်နိုင်ပါစေသတည်း။